ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လက်တလော သေစေတတ်သောအဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 June 2019 ၉၆၈၅

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ချန်းဟိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဘာရိန်းနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဘာရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အာမတ် အဘတ်ဒူလာ အာမတ်အယ်လ်ဟာမာစီ အယ်လ်ဟာ ဂျယ်ရီက ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘာရိန်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အာမတ် အဘတ်ဒူလာ အာမတ် အယ်လ်ဟာမာစီ အယ်လ်ဟာ ဂျယ်ရီသည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ကြေးမုံ

## အမျိုးသားအကျိုးစီးပွားဝိုင်းဝန်းမြှင့်တင်

နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပခဲ့သော ဘဏ္ဍာရေးကော်မရှင်(၃/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဌာန၊ အဖွဲ့အစည်းများကို နှစ်စဉ်ခွဲဝေပေးသည့် အသုံးစရိတ်များသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိရောက်စွာအကျိုးပြုရန် လိုအပ်ပါကြောင်း၊ ယင်းအသုံးစရိတ်များသည် နိုင်ငံတော်ကချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ကဏ္ဍအလိုက်၊ ဒေသအလိုက်စီမံကိန်းများ၊ နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) တွင်ပါဝင်သည့် မဟာဗျူဟာစီမံကိန်းများကို ထင်ဟပ်ပေါ်လွင်စေရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ပြည်သူ့အစိုးရသက်တမ်းကာလအတွင်း ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈ ခုနှစ် ခြောက်လဘဏ္ဍာနှစ်တို့ကို အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ဆဲဖြစ်ရာ အကောင်အထည်ဖော်သည့် ဘဏ္ဍာနှစ်လေးနှစ်ရှိလာပြီဖြစ်သည်။ ဆောင်ရွက်ပြီးခဲ့သည့် ဘဏ္ဍာနှစ်များ၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်ပြီး လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော်ကြရန် လိုအပ်ပါကြောင်း အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်သမ္မတက တိုက်တွန်းပြောကြားထားသည်။

နိုင်ငံတော်၏ စီးပွားရေးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကုန်ခန့်မှန်းခြေတွင် သင့်တင့်သည့် စီးပွားရေးတိုးတက်မှုနှုန်း ရရှိမည်ဟုမျှော်မှန်းပြီး ၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မည်ဟုခန့်မှန်းထားရာ မျှော်မှန်းသည့်အတိုင်း အကောင်အထည်ပေါ်နေပြီဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေအရ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို ပုံမှန်ဈေးနှုန်းအရ ခုနစ်ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားရာ ယင်းရည်မှန်းချက်အောင်မြင်စေရန်အတွက် ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေသည် အရေးပါသည့်အခန်းကဏ္ဍတွင် ရှိနေပါသည်။

ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများသည် ခွဲဝေရရှိသည့် အသုံးစရိတ်များကို နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိရောက်စွာအသုံးပြုခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်း၊ ပြည်တွင်းစားသုံးမှုတိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်ရန် ဘဏ္ဍာငွေသုံးစွဲမှုကို မြှင့်တင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် ပြည်သူများကို ချက်ချင်းလက်ငင်း အကျိုးဖြစ်ထွန်းစေမည့် လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးစရိတ်များကို ပိုမိုတိုးမြှင့်သုံးစွဲသွားမည်ဖြစ်ပြီး တစ်ဖက်တွင်လည်း နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင်လည်း ယမန်နှစ်ကထက် များစွာသုံးစွဲသွားမည်ဟု သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်ဆောင်ရွက်နေပြီး နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအကျိုးစီးပွားအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်နေပြီဖြစ်၍ တိုင်းပြည်အကျိုးကို ဆောင်ရွက်နေသူများအားလုံး တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်အညီ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါသည်။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိဘက်ပြည်သူ့ကွန်ဂရက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇွန် ၁၈**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိဘက်ပြည်သူ့ကွန်ဂရက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Cheng Siqu နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဆင့်သို့ တိုးတက်ရောက်ရှိခဲ့သည့်ကိစ္စ၊ နှစ်နိုင်ငံအကြီးအကဲများ၏ ချစ်ကြည်ရေးခရီးစဉ်များမှတစ်ဆင့် အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တာဝန်ရှိသူများတက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦး၊ ကော်မတီအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိဘက်ပြည်သူ့ကွန်ဂရက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံ

**နေပြည်တော်  ဇွန် ၁၈**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးဘိုဘိုဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိဘက်ပြည်သူ့ကွန်ဂရက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Cheng Siqu နှင့် ယနေ့ နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-5) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် တရုတ် - မြန်မာနှစ်နိုင်ငံ အစိုးရနှင့် လွှတ်တော်များအကြား ချစ်ကြည်ရေး ပိုမိုကောင်းမွန်လာစေရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုလုပ်ငန်းများအား အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော်  ဇွန် ၁၈**

ရန်ကုန်(ရွှေဈေး) ၁၀၈၅၅၀၀ - ၁၀၈၅၅၀၀    မန္တလေး(ရွှေဈေး) ၁၀၈၅၅၀၀ - ၁၀၈၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၅/၉၀၅ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၈၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၇၉၅ ကျပ် | ၈၃၀/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၅/၉၁၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၃၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၁.၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၄.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၁.၀၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၈၁၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၂၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၇၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၄.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၁၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၈.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၆.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ညို၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဇွန် ၁၈**
ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဦးသန်းနိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)ဦးညီလှငယ်၊ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ယနေ့တွေ့ဆုံမှုသည် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခ၊ အထူးသဖြင့် မြန်မာနိုင်ငံပြည်တွင်းစစ်နှင့်ပတ်သက်၍ အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များ၏ ဆွေးနွေးတင်ပြအကြံပြုမည့် အကြောင်းအရာများကို မိမိတို့ကော်မတီအနေဖြင့် ကြားနာရန်ဖြစ်ပါကြောင်း။

**အကြံပြုဆွေးနွေး**

မိမိတို့ကော်မတီသည် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်နှင့် ပတ်သက်၍သော်လည်းကောင်း၊ ရခိုင်ပြည်နယ် လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သက်၍သော်လည်းကောင်း အပြီးသတ်အစီရင်ခံစာရေးသားသည့်အခါတွင် ရေတို၊ ရေရှည်ကာလများတွင် လုပ်သင့်လုပ်ထိုက်သည့် အချက်အလက်များကို အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များ၏ အကြံပြုသည့်အပေါ်တွင်ရယူ၍ အပြီးသတ် အစီရင်ခံစာတွင် ထည့်သွင်းရေးသားဖော်ပြသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့တွေ့ဆုံပွဲတွင် ဆွေးနွေးအကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသည့် သက်ဆိုင်ရာနယ်ပယ်ကဏ္ဍအသီးသီးမှ ပညာရှင်များဖြစ်ကြသည့် မြန်မာလေ့လာရေးအဖွဲ့ အကြီးတန်းသုတေသနမှူး ဦးအေးမောင်ကျော်၊ စာရေးဆရာ ဦးသန်းစိုးနိုင်၊ စာရေးဆရာ ဦးကျော်ဝင်း၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)ရုံး၏ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးတို့က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခြေအနေများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ရေတို၊ ရေရှည် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် ကော်မတီဝင်များက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြသည်။

**အထောက်အကူပြု**

ယင်းနောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြောစရာ၊ ဆွေးနွေးစရာ၊ အကြံပြုစရာများ များစွာရှိမည်ကို သိရှိပါကြောင်း၊ ယခုကဲ့သို့ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များသည် မိမိတို့ကော်မတီအတွက် များစွာအကျိုးရှိပြီး အထောက်အကူပြုပါကြောင်း၊ ဆွေးနွေးအကြံပြုချက်ကောင်းများရရှိခဲ့ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပလက်ဝမြို့နယ် ကုလားတန်တံတား(ပလက်ဝ)တွင် အသုံးပြုမည့် ဆက်စပ်ပစ္စည်းများ မီးလောင်ဆုံးရှုံးမှုအား အစားထိုးပြန်လည်ပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၈**
ချင်းပြည်နယ် ပလက်ဝမြို့နယ် ကုလားတန်တံတား (ပလက်ဝ)တွင် အသုံးပြုမည့် တံတားဆက်စပ်ပစ္စည်းများ ဖျက်ဆီးခံရမှုကြောင့် IKBZ အာမခံ ကုမ္ပဏီမှ အစားထိုးပြန်လည်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

**အစားထိုးပြန်လည်ပေးအပ်**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ IKBZ Insurance Co.,Ltd. မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယနေ့အခမ်းအနားသည် ကုလားတန်မြစ်ကူးတံတား (ပလက်ဝ)၌ အသုံးပြုမည့် သံပေါင်များကို ပလက်ဝတံတားသို့ ရေယာဉ်ဖြင့်သယ်ပို့ရာတွင် AA အဖွဲ့၏ ဖျက်ဆီးမှုကြောင့် IKBZ အာမခံကုမ္ပဏီမှ မီးလောင်ဆုံးရှုံးသွားသည့် အချို့အစိတ်အပိုင်းများအတွက် အစားထိုးပြန်လည်ပေးအပ်မည့်အခမ်းအနားဖြစ်ပါကြောင်း။

ပလက်ဝတံတားသည် ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ်တွင်တည်ရှိပြီး ပလက်ဝမြို့မှာ ကုလားတန်မြစ်၏ အနောက်ဘက်ခြမ်းတွင်တည်ရှိကာ ကားလမ်းတိုက်ရိုက်မရောက်သည့်အတွက် လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ဖွံ့ဖြိုးမှုအလွန်နောက်ကျခဲ့ပါကြောင်း၊ စီးပွားရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပလက်ဝတံတားကို တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း။



ပလက်ဝတံတားကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအချိန်တွင် တံတားအောက်ထည်လုပ်ငန်းများပြီးစီးကာ တံတားအပေါ်ထည်သံပေါင်များ တပ်ဆင်ရမည့်အချိန် ဖြစ်ပါကြောင်း၊ ယခုနှစ် မတ်လလယ်တွင် တံတားသံပေါင်များကို ရန်ကုန်မြို့တွင်ရှိသည့် J&M Steel Solution Co.,Ltd. မှ ထုတ်ယူပြီး တံတားစီမံကိန်းလုပ်ငန်းခွင်သို့ ပို့ဆောင်ရန် စီစဉ်ခဲ့ပါကြောင်း။

**ဆောလျင်စွာအသုံးပြုနိုင်ရေး ဆောင်ရွက်**

ပို့ဆောင်ရာတွင် မတ် ၁၆ ရက် နံနက်တွင် AA အဖွဲ့၏ ဖျက်ဆီးမှုကြောင့် MV ရတနာဝင်းသင်္ဘောနှင့် သယ်ဆောင်လာသည့် တံတားသံပေါင်နှင့် ဆက်စပ်ပစ္စည်းများ မီးလောင်ပျက်စီးခဲ့ပါကြောင်း၊ မီးလောင်ဆုံးရှုံးခဲ့သည့် ပစ္စည်းများနှင့်ပတ်သက်၍ အာမခံထားသည့် IKBZ မှ အချို့အစိတ်အပိုင်းများအတွက် အစားထိုးပြန်လည်ပေးအပ်ခြင်းဖြစ်ပါကြောင်း။

မီးလောင်ဆုံးရှုံးသွားသည့် ပစ္စည်းအစိတ်အပိုင်းများအတွက် အစားထိုးပြန်လည်ပေးအပ်သည့် IKBZ ကုမ္ပဏီကိုလည်း နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကုလားတန်မြစ်ကူး (ပလက်ဝ)တံတားကြီးကို အရည်အသွေးပြည့်မီစွာဖြင့် အမြန်ပြီးစီးရန်နှင့် ဒေသခံပြည်သူများ ဆောလျင်စွာ အသုံးပြုနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။


**ရှင်းလင်းပြောကြား**

ထို့နောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အာမခံလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် IKBZ Insurance Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်က ပျက်စီးဆုံးရှုံးသွားသော တံတားဆက်စပ်ပစ္စည်းများ အစားထိုးပြန်လည်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် IKBZ Insurance Co., Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးညီမြင့်က အစားထိုးပစ္စည်းများအတွက် တန်ဖိုးငွေများကို လွှဲပြောင်းပေးအပ်ရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက လက်ခံရယူခဲ့သည်။ **(အပေါ်ဝဲပုံ)** အဆိုပါအခမ်းအနားအပြီးတွင် မီဒီယာများနှင့် တွေ့ဆုံ၍ ရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်တွေမြို့၌ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များအား ရှင်းလင်းဆွေးနွေး

**စစ်တွေ ဇွန် ၁၈**
လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းကိစ္စရပ်များအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များ ရှင်းလင်းဆွေးနွေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက စစ်တွေမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူလင်းက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များအား အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များက သိရှိလိုသည့်အကြောင်းအရာများကိုမေးမြန်းရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင် ပြည်နယ်ကော်မတီဝင်များနှင့်တွေ့ဆုံ



**စစ်တွေ ဇွန် ၁၈**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့ညနေ ၅ နာရီတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဧည့်ဂေဟာ၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြု ပြည်နယ်ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

**ကြိုဆိုနှုတ်ဆက်**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် ကော်မတီအဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဧည့်ဂေဟာ၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြု ပြည်နယ်ကော်မတီဝင်များနှင့် တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီကို ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်သည် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပြဿနာများအား အချိန်နှင့်တစ်ပြေးညီ ကူညီဖြေရှင်းပေးနိုင်ရန်နှင့် ကော်မတီဝင်များ၏ အကြံဉာဏ်များရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံစာရေးသားတင်ပြနိုင်ရန် ဖြစ်ပါကြောင်း၊ ပြည်နယ်ကော်မတီတွင် ပါဝင်သည့်ပုဂ္ဂိုလ်များအနေဖြင့် ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ ကိုယ်တိုင်သွားရောက်၍ တိုက်ပွဲရှောင်ပြည်သူများ၏ လိုအပ်ချက်များ၊ ထပ်မံ၍ ဖြည့်တင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ တိုက်ပွဲရှောင်စခန်းများတွင် ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူများ နီးစပ်ရာစာသင်ကျောင်းများတွင် ပညာသင်ကြားနိုင်ရေး၊ ဒုက္ခသည်စခန်းများရှိ ပြည်သူများအတွက် အမိုးအကာ အဆောက်အအုံများ ဆောက်လုပ်ပေးရန် ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ လုံလုံလောက်လောက် ချထားပေးနိုင်ရေးတို့တွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြေပြင်ကွင်းဆင်း၍ ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ကော်မတီဝင်များက ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားနေသည့် ပဋိပက္ခများ၊ လက်ရှိ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်နှင့် ထပ်မံကွင်းဆင်းလေ့လာဆောင်ရွက်သွားမည့်အခြေအနေ၊ နှစ်ဖက်အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေး၊ ဒေသခံများ၊ တွေ့ဆုံသင့်တွေ့ဆုံထိုက်သူများနှင့်တွေ့ဆုံ၍ ၎င်းတို့၏အကြံပြုချက်၊ သုံးသပ်ချက်များ ရယူဆောင်ရွက်သွားရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ လျော့နည်းသွားရေးအတွက် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ငှက်ဖျားရောဂါကင်းစင်ရေးလုပ်ငန်းစီမံချက် ဆန်းစစ်သုံးသပ်မှုနှင့် အချက်အလက်များအသိပေးဖြန့်ဝေမှု ဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၈**

အမေရိကန်နိုင်ငံ Duke Global Health Institute မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ငှက်ဖျားရောဂါကင်းစင်ရေးလုပ်ငန်းစီမံချက် ဆန်းစစ်သုံးသပ်မှုနှင့် အချက်အလက်များ အသိပေးဖြန့်ဝေမှု ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

**များစွာအထောက်အကူပြုမည်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် Duke Global Health Institute နှင့် ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်မှုများသည် အောင်မြင်မှုရရှိလျက်ရှိသည့် မြန်မာနိုင်ငံ ငှက်ဖျားရောဂါ ကင်းစင်ရေးလုပ်ငန်းများအတွက် ဆပွားထိရောက်စေမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ငှက်ဖျားရောဂါပိုးသယ်ဆောင်သည့် ခြင်များပေါက်ပွားမှု၊ ပျံ့သန်းမှု၊ ခြင်ကိုက်သည့်အလေ့အထ၊ ငှက်ဖျားရောဂါပိုးဆိုင်ရာမျိုးရိုးဗီဇ စသည့် အဆင့်အတန်းမြင့်မားသည့် သုတေသနများ ဆောင်ရွက်နိုင်ခြင်းဖြင့် ငှက်ဖျားရောဂါ ကင်းစင်ရေးလုပ်ငန်းလမ်းစဉ်များကို ပုံဖော်အကောင်အထည်ဖော်ရာတွင် များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ငှက်ဖျားရောဂါကင်းစင်ရေး စီမံကိန်း ၂၀၁၆-၂၀၃၀ ကို ရေးဆွဲ၍ ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါကင်းစင်ရေး ရည်မှန်းချက်ရရှိရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် အောင်မြင်မှုတို့ကို ပုံမှန်ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ ထိုသို့ ဆန်းစစ်သုံးသပ်ချက်များအရ တွေ့ရှိရသော အားနည်းချက်၊ အားသာချက်၊ စိန်ခေါ်မှုများကို အခြေခံ၍ ကာလအလိုက် ပြောင်းလဲလျက်ရှိသော အခြေအနေများနှင့်အညီ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များမှ မွမ်းမံပြင်ဆင်သင့်သည်များကို ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လူ့စွမ်းအား၊ ဘဏ္ဍာငွေ၊ စက်ပစ္စည်းကိရိယာ စသည့် အရင်းအမြစ်များရရှိမှု အခြေအနေများကို ဆန်းစစ်၍ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကျန်းမာရေးဌာနအကြီးအကဲများ၏ တက်ကြွစွာ ရှေ့ဆောင်လုပ်ငန်း အကောင်အထည်ဖော်ခြင်းဖြင့် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ Duke Global Health Institute အနေဖြင့် မြန်မာနိုင်ငံတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ သုတေသနလုပ်ငန်းများ၊ ငှက်ဖျားရောဂါဆိုင်ရာသင်ကြားလေ့ကျင့်မှုများကို ပိုမိုဆောင်ရွက်စေလိုပြီး အခြားကူးစက်ရောဂါများနှင့် မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် Duke Global Health Institute မှ ပါမောက္ခ Christopher Plowe က ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်နေသော သုတေသနနှင့် သင်တန်းအစီအစဉ်များ၊ မျိုးရိုးဗီဇနှင့် ပဋိပစ္စည်းစမ်းသပ်ပြီး ငှက်ဖျားရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းတို့ကို လည်းကောင်း၊ တွဲဖက်ပါမောက္ခ မြိုင်မြိုင်ညွန့်က ငှက်ဖျားရောဂါဆိုင်ရာ အသုံးချအခြေခံသုတေသနလုပ်ငန်းတွေ့ရှိချက်ရလဒ်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခြင်းနှင့် အကြံပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ယခင် အီတလီဆီးနိတ်လွှတ်တော်အမတ်ဟောင်းဖြစ်သူ အီတလီ-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Ms. Albertina Soliani၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး Ms. Alessandra Schiavo၊ Parma University မှ Professor Leopaldo Sarli၊ Region of Emilia-Romagna မှ တာဝန်ရှိသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဆေးတက္ကသိုလ် (၁) ရန်ကုန်နှင့် Parma University တို့အကြား တက္ကသိုလ်အဆင့် ကျောင်းသားဖလှယ်လေ့လာမှုအစီအစဉ် ဆောင်ရွက်နေမှုအခြေအနေ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)တို့နှင့် ပူးပေါင်း၍ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်၊ ကျောင်းနေအရွယ်လူငယ်များတွင် မူးယစ်ဆေးဝါးကင်းစင်ရေး၊ အရက်ဘီယာကင်းစင်ရေး၊ ဆေးလိပ်ကင်းစင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်းလိုက်နာရေး၊ ကျန်းမာသောနေထိုင်မှုပုံစံ အသိပညာပေးရေး၊ မျိုးဆက်ပွားကျန်းမာရေးအသိပညာပေးရေးနှင့် ဂိမ်းအလွန်အကျွံစွဲလမ်းမှု လျှော့ချရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် အထက(၃) ၌ ကျင်းပရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၇၀၀ ခန့် တက်ရောက်ကြသည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးအလွဲသုံးမှု၊ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်ဖြန့်ဖြူးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ပေါ်ပေါက်လာသည့် ဘေးဆိုးအန္တရာယ်များ လျော့နည်းပပျောက်စေရန် အဓိကထားရည်ရွယ်ကာ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်နှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးဥက္ကဋ္ဌ စာရေးဆရာ ဗိုလ်သံမဏိနှင့် မြို့နယ်အမျိုးသမီးများအဖွဲ့ခေါင်းဆောင် ဒေါ်ခင်နွဲ့မူတို့က အသိပညာပေးဟောပြောဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

ထို့နောက် မြို့နယ်ပြန်/ဆက် ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းကြည်က တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးကာ ဖြေဆိုနိုင်သူကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပြီး ကျောင်းခန်းအတွင်း မူးယစ်နှင့်ပတ်သက်၍ ဗဟုသုတ ရဖွယ်သိမှတ်ဖွယ်ရာများ ပြသထားသော ပိုစတာ၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို



**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပေါလစ်ဗျူရိုကော်မတီအဖွဲ့ဝင် Mr. Vuong Dinh Hue ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရွှေတိဂုံစေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

**ကြည့်ရှုလေ့လာ**

ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြကာ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ္ဘာအေးစေတီလမ်းရှိ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ ဖွင့်လှစ်ထားသည့် HAGL Office Tower သို့ သွားရောက်ပြီး ရုံးခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် Melia Hotel ၌ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်နေကြသည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးမြင့်စိုး | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၂) ဦးမြတ်သူ | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၃) ဒေါ်ကေသီ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၁၈**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ မသန်စွမ်းသူအသင်းများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇွန် ၁၈**

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မသန်စွမ်းသူအသင်းများမှ တာဝန်ရှိသူ များ၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပသည်။

**စုပေါင်းအားဖြင့် ဖော်ဆောင်**

အလုပ်ရုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့အချိန်တွင် မသန်စွမ်းသူများနှင့်ပတ်သက်ပြီး အကောင်းဆုံးဖြစ်ရေး ဦးတည်ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီညီဖွံ့ဖြိုးရေးကို အလေးထားပါကြောင်း၊ မသန်စွမ်းသူများအားလုံး တန်းတူညီမျှ အကျိုးခံစားခွင့်ရရှိပြီး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ကဏ္ဍအသီးသီးမှ ဖြည့်ဆည်းပေးရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ သာတူညီမျှ ရရှိစေရန်အတွက် ဥပဒေပြဋ္ဌာန်းခြင်း၊ နည်းဥပဒေဖော်ဆောင်ခြင်း၊ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ ကဏ္ဍအလိုက်ဆပ်ကော်မတီများ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကော်မတီအဆင့်ဆင့်နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဖွဲ့စည်းထားသော မသန်စွမ်းအသင်းအဖွဲ့အစည်းများအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်ပါကြောင်း။

မသန်စွမ်းသူများ၏ အခွင့်အရေးကို စုပေါင်းအားဖြင့် ဆောင်ရွက်ဖော်ဆောင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ ရပ်တည်နိုင်မည့် အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင်ဖော်ဆောင်ရန်သည် အလွန်အရေးကြီးပါကြောင်း၊ အမျိုးသားကော်မတီတွင် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်မည့် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များအား ထည့်သွင်းဖွဲ့စည်းထားရှိပါကြောင်း၊ မသန်စွမ်းသူများနှင့်ပတ်သက်လျှင် ပြည်သူလူထုက မသန်စွမ်းဝေါဟာရမှစ၍ အစစအရာရာသဘောပေါက်နားလည်ပြီး အမြင်မှန်မှန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အစိုးရ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းတစ်ဦးချင်းစီတို့တွင်လည်း တာဝန်ရှိပါကြောင်း၊ မသန်သော်လည်း စွမ်းကြောင်းပြသနိုင်ရန် အစိုးရနှင့်အဖွဲ့အစည်းအသီးသီးက ကူညီဆောင်ရွက်ပေးလျက်ရှိရာ မသန်စွမ်းသူကိုယ်တိုင် ကြိုးစားအားထုတ်ရန်လည်း အရေးကြီးပါကြောင်း၊ မသန်စွမ်းသူများ သာတူညီမျှ ခံစားရရှိမှုတို့ သေချာစေရန် ဦးဆောင်သူများ၏ တာဝန်သည် အဓိကဖြစ်ပါကြောင်း၊ ဦးဆောင်သူများအနေဖြင့် အားလုံးကို မခွဲခြားဘဲ ပူးပေါင်းပါဝင်နိုင်ရေးဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်ခြင်းကို ပြသနိုင်ပါကြောင်း။

မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေး၊ အလုပ်အကိုင်လက်လှမ်းမီရေး၊ နေ့စဉ်သွားလာလှုပ်ရှားရေး စသည်တို့တွင် လိုအပ်ချက်များပြားသည့်အတွက် အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင်ရရှိခံစားရန် လိုပါကြောင်း၊ ထိခိုက်လွယ်အုပ်စုတွင်ပါဝင်သော မသန်စွမ်းသူများအတွက် အလွန်အရေးကြီးသောအချက်သည် နိုင်ငံတကာတွင်လည်း အဓိကထား ဆောင်ရွက်နေသည့် တရားမျှတမှုရရှိပိုင်ခွင့် (Access to Justice) ဖြစ်ပါကြောင်း၊ မသန်စွမ်းတစ်ဦးချင်းစီအတွက် တရားမျှတမှုရရှိနိုင်ရေး ကိုယ်ချင်းစာစိတ်ဖြင့် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးရန် လိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများ၏ အရေးဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးက ဆောင်ရွက်ချက်များ၊ ကတိကဝတ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုရရှိရန် အားလုံးညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ ယာယီဥက္ကဋ္ဌ ဦးသိန်းလွင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည့်အကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တက်ရောက်လာသည့် မသန်စွမ်းအသင်းအဖွဲ့မှ ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်သည့် မဟာဗျူဟာစီမံကိန်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အသင်းအဖွဲ့အစည်းများအတိုင်း ဆောင်ရွက်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

### ❍ ကျောဖုံးမှ

ဒုတိယပိုင်းတွင် မီလာကာအသင်းက ဒုတိယချေပဂိုးသွင်းသော်လည်း MIU အသင်းအတွက် ၂၆ မိနစ်တွင် ပြည့်ဖြိုးမောင်-၃၊ ၂၇ မိနစ်တွင် လှိုင်မင်းထွန်းတို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

MIU အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇွန် ၂၀ ရက်တွင် ကမ္ဘောဒီးယားကလပ် Down Town အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ MIU အသင်းသည် အဖွင့်ပွဲအနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရန် အခွင့်အရေးများသွားပြီဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-** Futsal Thailand

### ◆ International Series ကြက်တောင်ရိုက်မှ

သက်ထားသူဇာသည် ယင်းပြိုင်ပွဲတွင် ပထမအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး လိုမာဘိုဟာ (မောရစ်သျှ) ကို ၂၁-၃ မှတ်၊ ၂၁-၁၀ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဒုတိယအဆင့်တွင် ရာဒီကာရီရှာနန် (မလေးရှား) ကို ၂၁-၁၉ မှတ်၊ ၂၁-၁၂ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်တွင် ကိတ်ဖိုကူနီ (မောရစ်သျှ) ကို ၂၁-၁၉ မှတ်၊ ၂၁-၁၆ မှတ်ဖြင့် နှစ်ပွဲ ပြတ်၊ ဆီမီးဖိုင်နယ်တွင် ချူကာ (အိန္ဒိယ) ကို ၁၃-၂၁ မှတ်၊ ၂၁-၁၉ မှတ်၊ ၂၁-၁၆ မှတ် နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့ သည်။ ဗိုလ်လုပွဲတွင်မူ အီရီမစ်ကီလာ (ဖင်လန်) နှင့် တွေ့ဆုံခဲ့ပြီး ၂၁-၁၀ မှတ်၊ ၂၁- ၁၉ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရကာ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် ဇွန်လအထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာ ပြိုင်ပွဲများ၌ ချန်ပီယံဆုလေးကြိမ်၊ ဒုတိယဆုတစ်ကြိမ် ရရှိထားသည်။ သက်ထားသူဇာသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲများတွင်မူ တတိယမြောက် ချန်ပီယံဆုရရှိခြင်းဖြစ်သည်။ သက်ထားသူဇာသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ဆက်လက် ပြင်ဆင်သွားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ကျရောက်မယ့် (ချင်းပြည်နယ်နေ့) မှာ ကုလားတန်တံတား(ပလက်ဝ)ဖွင့်ပွဲ ကျင်းပနိုင်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်

## ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း

**နေပြည်တော် ဇွန် ၁၈**

ချင်းပြည်နယ် ပလက်ဝမြို့နယ် ကုလားတန်တံတား(ပလက်ဝ)တွင် အသုံးပြုမည့် တံတားဆက်စပ်ပစ္စည်းများ ဖျက်ဆီးခံရမှုကြောင့် IKBZ အာမခံကုမ္ပဏီက အစားထိုး ပြန်လည်ပေးအပ်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ဇွန် ၁၈ ရက် မွန်းလွဲပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၌ သတင်းစာ ရှင်းလင်းပွဲ ကျင်းပသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် "အခု အာမခံက ဘယ်လိုအပိုင်းခွဲပေးမှာလဲ။ ပေးဖို့ ကျန်သေးတာရှိလား။ ဘယ်လိုပုံစံမျိုးနဲ့ ဆောင်ရွက်သွားဦးမှာလဲ" ဟု မေးမြန်းရာ မြန်မာ့အာမခံလုပ်ငန်း ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က "ဒီဖြစ်စဉ်မှာ အာမခံထားတာက နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းက MP ရတနာဝင်းအလုပ်ကို အာမခံထားပါတယ်။ အဲဒါကတော့ မြန်မာ့အာမခံလုပ်ငန်းက ရယူခဲ့တာ ဖြစ်ပါတယ်။ ဒုတိယပိုင်းကတော့ တံတားသံပေါင်နဲ့ ဆက်စပ်ပစ္စည်းတွေကို ဦးမောင်ဦးချေဆီကနေ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ကိုယ်စား ပစ္စည်းသယ်ပြီး



အာမခံနှစ်ခု ထားသွားပါတယ်။ ပထမတစ်ခုက အလုံးစုံ အာမခံပါ။ အလုံးစုံပျက်စီးသွားတဲ့အခါမှာ အာမခံကြေးရ တဲ့ကိစ္စ၊ နောက်တစ်ခုက စစ်နဲ့ပတ်သက်တဲ့ အခြေအနေဖြစ်လာရင် အကာအကွယ်ပါ။ အဲဒီနှစ်ခုကို ယူပြီးတော့မှ ဦးမောင်ဦးချေဆီကနေ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကိုယ်စား အာမခံကို ထားသွားတဲ့အတွက် ဖြစ်စဉ်ဖြစ်ပွားပြီးတဲ့အခါမှာ အခုကတော့ တံတားနဲ့ ဆက်စပ်ပစ္စည်းတွေရဲ့ မီးလောင်ဆုံးရှုံးသွားတဲ့အပိုင်းတွေကို ပြန်လည်ထုတ်ယူနိုင်ဖို့အတွက် အလုံးစုံအာမခံအနေနဲ့ IKBZ ကနေ ပေးအပ်တဲ့အခမ်းအနား ဖြစ်ပါတယ်" ဟု ဖြေကြားသည်။

ဆက်လက်၍ "ဒီအာမခံရပြီဆိုတော့ သူ့သတ်မှတ်ချိန်မှာ ပြီးပါ့မလား။ ဆိုလိုတာက ချင်းပြည်နယ်နေ့မှာ တောင်းဆိုထားတဲ့ ဒေသခံတွေအတွက် ဘယ်လိုမျှော်လင့်ထားပါသလဲ" မေးမြန်းရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက "ချင်းပြည်နယ်နေ့က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်ပါ။ အဲဒီနေ့ကို ဖွင့်ပွဲကျင်းပနိုင်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ပျက်စီးသွားတဲ့ပစ္စည်းတွေကို ဒီနေ့စရပြီဆိုတော့ ချက်ချင်း အမြန်ဆုံးထုတ်လုပ်ပြီး အမြန်ဆုံးပြန်လည်တည်ဆောက်သွားမှာ ဖြစ်ပါတယ်" ဟု ဖြေကြားသည်။

**သတင်း- အေးအေးသန့်၊ ဓာတ်ပုံ-အေးသန်း**

---

# ရခိုင်ပြည်နယ်အတွင်း သောက်သုံးရေရှားပါးမှုဖြေရှင်းနိုင်ရန် လျှိုပိတ်ဆည် ၁၁ ခုကို တည်ဆောက်ပေးခဲ့

**စစ်တွေ ဇွန် ၁၈**

ရခိုင်ပြည်နယ်အတွင်းသောက်သုံးရေရှားပါးမှုကို ဖြေရှင်း ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြို့နယ်ရှစ်ခုတွင် လျှိုပိတ်ဆည် ၁၁ ခုကို အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ကြောင်း ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

### အကောင်အထည်ဖော် ဆောင်ရွက်

ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်၊ ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်၊ သောက်သုံးရေရရှိရေးလုပ်ငန်းများအတွက် ဆည်များ၊ ရေကန်များနှင့် ရေလှောင်တမံများ ပြုပြင်ပေးခြင်း၊ လျှိုပိတ်ဆည်များတည်ဆောက်ခြင်း၊ အသက်ကယ်ကုန်းများ၊ ရေတံခါးများတည်ဆောက်ခြင်းနှင့် လယ်သမားတာ(ကာရီ)များ ပြုပြင်တည်ဆောက်ပေးခြင်းလုပ်ငန်းများကို ရခိုင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရရန်ပုံငွေ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် နှစ်စဉ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

### လျှိုပိတ်ဆည်သစ် ၁၁ ခုကို တည်ဆောက်ပေးခဲ့

"ကျွန်တော်တို့ ဌာနအနေနဲ့ ပြည်နယ်အတွင်းမှာ မိုးရာသီ ရေကြီးရေလျှံမှုကာကွယ်ရေးနဲ့ နွေရာသီ သောက်သုံးရေရရှိရေးအတွက် လျှိုပိတ်ဆည်တွေ တည်ဆောက်ပေးတယ်။ ဒါ့အပြင် မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ရေငန်တားတာတည်ဆောက်ခြင်းတွေ၊ ရေတံခါးတည်ဆောက်ခြင်းတွေ၊ လျှိုပိတ်ဆည်တည်ဆောက်ခြင်းတွေ၊ ရေချိုချောင်းပိတ်လုပ်ငန်းတွေအပြင် ရှိပြီးသားတာတမံတွေ ကြံ့ခိုင်ရေးအတွက်လည်း ထိန်းသိမ်းပြုပြင်ခြင်းတွေကိုဆောင်ရွက်ပေးနေပါတယ်" ဟု ရခိုင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ပြောကြားသည်။

ရခိုင်ပြည်နယ်သည် တစ်နှစ်လျှင် မိုးရေချိန်လက်မ ၂၀၀ ခန့် ရွာသွန်းသော်လည်း ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် နွေရာသီရောက်တိုင်း မြို့နယ်များတွင် ရေရှားပါးမှုပြဿနာဖြစ်ပေါ်လျက်ရှိရာ ဒေသခံများအနေဖြင့်



**မြေပုံမြို့နယ် ကမ်းထောင့်ကြီးမြို့တမန်းဒူးဆည် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။**

မြို့ပေါ်နှင့်ကျေးရွာရေကန်များတွင် ရေခန်းခြောက်မှုကြောင့် အနီးအနားပတ်ဝန်းကျင်မှ နည်းလမ်းမျိုးစုံဖြင့် ရှာဖွေသုံးစွဲနေရခြင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ကိုင်သူများ၊ အသေးစားစက်မှုလုပ်ငန်းရှင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် ရေသည် မရှိမဖြစ်လိုအပ်လျက်ရှိခြင်းတို့ကြောင့် ပြည်နယ်အတွင်း လျှိုပိတ်ဆည်များကို အကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် သောက်သုံးရေရှားပါးမှုအခက်အခဲများဖြေရှင်းနိုင်ရန်အတွက် လျှိုပိတ်ဆည်သစ်များကို ပုဏ္ဏားကျွန်းတွင် တစ်ခု၊ ပေါက်တောတွင် တစ်ခု၊ ရသေ့တောင်တွင် တစ်ခု၊ ရမ်းဗြဲတွင် နှစ်ခု၊ အမ်းနယ်တွင် နှစ်ခု၊ ဂွမြို့နယ်တွင် တစ်ခု၊ ဘူးသီးတောင်မြို့နယ်တွင် နှစ်ခုနှင့် မောင်တောမြို့နယ်တွင် တစ်ခု စုစုပေါင်း လျှိုပိတ်ဆည်သစ် ၁၁ ခုကို အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဟန်မင်း**

---

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparis Geophysical Site Survey Contour လုပ်ငန်းများကို MV JAVA IMPERIA ရေယာဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်မည့်ဧရိယာဖြစ်သော Point NW vertex မြောက်လတ္တီကျု ၁၄ ဒီဂရီ ၅၆ မိနစ် ၃၄ . ၄၄ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၃ ဒီဂရီ ၄၇ မိနစ် ၁၃ . ၉၉ စက္ကန့်၊ Point NE vertex မြောက်လတ္တီကျု ၁၄ ဒီဂရီ ၅၆ မိနစ် ၃၃ . ၈၅ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၃ ဒီဂရီ ၅၀ မိနစ် ၀၁ . ၃၆ စက္ကန့်၊ Point SE vertex မြောက်လတ္တီကျု ၁၄ ဒီဂရီ ၅၃ မိနစ် ၅၁. ၁၂ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၃ ဒီဂရီ ၅၀ မိနစ် ၀၀.၇၃ စက္ကန့်၊ Point SW vertex မြောက်လတ္တီကျု ၁၄ ဒီဂရီ ၅၃ မိနစ် ၅၁.၇၁ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၃ ဒီဂရီ ၄၇ မိနစ် ၁၃ .၄၀ စက္ကန့်အတွင်းတွင် ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာတွင် လုပ်ငန်းများ မပြီးပြတ်သေးပါသဖြင့် ၂၀၁၉ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparis Geophysical Site Survey Contour လုပ်ငန်းများအား MV JAVA IMPERIA ဖြင့် သက်တမ်းတိုးမြှင့် လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ကြေးမုံ**

---

# စာပေဗိမာန်စာမူဆုရ ပွဲတင်သံကောက်ကြောင်း စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် ဇွန် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည် ပထမဆုရရှိသည့် စာရေးဆရာ ချစ်နွေမိုး၏ "ပွဲတင်သံကောက်ကြောင်း" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်၌ ဝမ်းဝ၊ ခါးလုံရန်အတွက် ကားဖြင့်တစ်သွယ်၊ လှေဖြင့်တစ်ဖုံ ရေလမ်း၊ ကုန်းလမ်းများကို စွန့်စားသွားလာကာ ရောင်းချစားသောက်နေရသော ၁၂ ပွဲဈေးသည်များ၏ ဘဝဇာတ်ခုံတွင် ဝမ်းသာဝမ်းနည်းခံစားရခြင်းများ အပြင် မွန်ပြည်နယ်တစ်ဝိုက်ရှိ ဒေသန္တရဗဟုသုတများ၊ ဒေသိယစကားအသုံးအနှုန်းများကိုပါ ဖတ်ရှုလေ့လာရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၁၂၀၀ ကျပ်ဖြင့် အမှတ်၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့်အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Facebook Account များခိုးယူ၍ ငွေလိမ်လည်ချေးငှားခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားနိုင်

**Facebook Account များ ခိုးယူ၍ ငွေလိမ်လည်ချေးငှားခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားနိုင်ကြောင်း သိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မှုခင်းရဲတပ်ဖွဲ့ နည်းပညာမှုခင်းဌာနမှ ရဲမှူးကြီး ညွန့်ဝေနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

မေးမြန်း-ရှင်မင်း
ဓာတ်ပုံ-ထန်းဖုန်



နည်းပညာမှုခင်းဌာန ရဲမှူးကြီး ညွန့်ဝေ

**မေး။ ။Facebook ပေါ်ကနေတစ်ဆင့် ငွေကြေးလိမ်လည်ခံရရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တိုင်ကြားနိုင်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုတွေ ဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။ တိုင်ကြားတဲ့သူ ဘယ်လောက်ရှိတယ်ဆိုတာကိုလည်း သိပါရစေ။**

**ဖြေ။** ။Facebook ပေါ်ကနေ ငွေကြေးလိမ်လည်ခံရတာ နှစ်မျိုးရှိပါတယ်။ Facebook Account ခိုးယူပြီး ငွေညှစ်တဲ့ Blackmail တစ်မျိုးလည်းရှိပါတယ်။ ငွေလိမ်နည်းနှစ်မျိုးကတော့ Account ကို Hack ပြီး ကိုယ့် Friend တွေဆီမှာ ငွေချေးတာမျိုး၊ ညနေပြန်ပေးမယ် သူငယ်ချင်းရေ၊ လမ်းခုလတ် ငွေလိုလို့၊ ကားပျက်လို့ဆိုပြီး ငွေချေးတာမျိုးတွေပါ။ ဒါက တရားခံဘယ်သူဘယ်ဝါမသိတဲ့ကိစ္စ ဖြစ်တတ်ပါတယ်။ နောက်တစ်ခုက Facebook ပေါ်ကနေ လူယုံကြည်အောင် အကွက်ဆင်၊ Messenger မှာ အပြန်အလှန်ပြောဆိုပြီး စုကြေးငွေစုခိုင်းပြီးမှ လိမ်လည်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကတော့ လူချင်းသိကြတာများတဲ့ကိစ္စ ဖြစ်ပါတယ်။ စုကြေးငွေလိမ်လည်ခံရတဲ့အခါမှာ နီးစပ်ရာရဲစခန်းမှာ အမှုဖွင့်ရပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၄၂၀ နဲ့ ဖွင့်ကြပါတယ်။ ဒါပေမယ့် သက်သေခံချက်တွေကို မှန်ကန်ကြောင်း တရားရုံးမှာ သက်သေခံနိုင်ဖို့အတွက်ကတော့ ကျွန်တော်တို့ Cyber Crime Department က စစ်ဆေးပြီး တရားရုံးကို ထင်မြင်ယူဆချက်ပေးရပါတယ်။

ဒီအမှုမျိုးမှာ ကျွန်တော်တို့က သက်သေခံတင်သွင်းလာတဲ့ Device နဲ့တင်သွင်းလာတဲ့ အချက်အလက်တွေကို တိုက်ဆိုင်ပေးလိုက်ရုံပါပဲ။ Account ကို Hack ပြီး Friend တွေဆီက ငွေလိမ်ချေးတဲ့ကိစ္စကျတော့ တရားခံကို မသိနိုင်တော့ဘူး။ ကိုယ့်အကောင့်က သူ့အကောင့်ဖြစ်သွားပါတယ်။ တချို့ကိုလည်း သူ့ဆီကရသမျှ Personal Data လေးတွေနဲ့ Account ကို ရအောင်ပြန်ယူကြပါတယ်။ Personal Data မရတော့တဲ့သူမျိုးကျတော့ Account ကို ဖြုတ်ချပေးရပါတယ်။ Hack လုပ်တဲ့သူက Account ထဲမှာရှိတဲ့ သူငယ်ချင်းတွေကို Messenger ကတစ်ဆင့် တရစပ်ငွေချေးနေတော့တာမို့ပါ။ ဒါကို မြန်မြန်ရပ်တန့်အောင် အခြားသူငယ်ချင်းတွေကတစ်ဆင့် Tag တွဲပြီး အလိမ်ခံနေရကြောင်း Post တင်ရပါတယ်။

တစ်ဖက်ကလည်း ဒီ Account ကို ကျွန်တော်တို့ ဖြုတ်ချလို့မရဘူး ဖြစ်နေတာမျိုးတွေလည်း ရှိပါတယ်။ အဲဒီအခါမျိုးတွေမှာ Facebook Team ကို စာရေးအကြောင်းကြားပြီး Account ကိုဖြုတ်ချပေးရပါတယ်။ မှန်ကန်ရင် Facebook Team က ကူညီပါတယ်။ တစ်ရက်၊ နှစ်ရက်အတွင်းလုပ်ပေးပါတယ်။ တိုင်ကြားသူဘယ်လောက်ရှိသလဲဆိုတော့ ကျွန်တော်တင်ပြခဲ့တဲ့ Friend ကို Messenger အပိုင်းကနေ လိမ်တဲ့အမှုတွေကတော့ ရဲစခန်းမှာ အမှုမဖွင့်ကြပါဘူး။ ဒါက အရေးလည်းကြီးတယ်။ တရားခံကလည်း မသိဘူး။ ရဲစခန်းဘက်ကလည်း ဆောင်ရွက်ပေးဖို့ အခက်အခဲဖြစ်နေတတ်ကြတော့ ဒါကို ပြည်သူလူထုကို တင်ပြချင်လို့ ပြည်ထဲရေးဝက်ဘ်ဆိုက်နဲ့ ရဲဇာနည် Page တွေကနေ ချက်ချင်း စာရေးရခြင်းဖြစ်ပါတယ်။ လုပ်ဆောင်ရမှာက မြန်မာနိုင်ငံရဲတပ်ဖွဲ့အရေးပေါ် Call Center ဖြစ်တဲ့ ၁၉၉ ကို အကြောင်းကြားပါ။ သူတို့ကနေတစ်ဆင့် မှုခင်းရဲတပ်ဖွဲ့ CID ကို ဆက်သွယ်ပါလို့ ပြည်သူကိုတင်ပြလိုပါတယ်။ Online စုကြေးငွေလိမ်လည်တာကတော့ ၂၀၁၈ ခုနှစ်လောက်ကနေ အခုအချိန်အထိပါပဲ။ လစဉ်၊ အပတ်စဉ် ဖြစ်ပွားနေပါတယ်။ အခုအချိန်အထိ အမှုပေါင်း ၈၀ ရှိပါပြီ။ ဒါကိုလည်း ပြည်သူကို တင်ပြစာရေးပြီး ပြည်ထဲရေးနဲ့ ရဲတပ်ဖွဲ့ဝက်ဘ်ဆိုက်တွေကနေ တင်ပြဖို့ လုပ်ထားပါပြီ။

**မေး။ ။ပြီးတော့ တချို့ လူသိများထင်ရှားတဲ့သူတွေ အပါအဝင် တချို့သူတွေရဲ့ Facebook Account တွေကို ခိုးယူပြီး ငွေတောင်းခံတာတွေလည်း ရှိပါတယ်။ အဲဒီအတွက် ဘယ်လိုကူညီဆောင်ရွက်ပေးနေတယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ဒါကတော့ ငွေညှစ်တဲ့ Blackmail ပြစ်မှုဖြစ်ပါတယ်။ တရားခံမသိတော့ ရဲစခန်းမှာ အမှုဖွင့်ရခက်နေပါတယ်။ ဘယ်လိုကူညီဆောင်ရွက်ပေးနေလဲဆိုတော့ ဒီကိစ္စ ကြိုတင်ကာကွယ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ကိုယ့် Account လုံခြုံအောင် ဘယ်လိုဆောင်ရွက်ရမလဲဆိုရင် အခုရင် ၂၀၁၈ ခုနှစ်နဲ့ အခု ၂၀၁၉ ခုနှစ် နှစ်လယ်ကာလတွေအထိ Facebook Personal Account တွေ ခိုးယူခံရခြင်းတွေဖြစ်ပေါ်နေတာကို စိစစ်တွေ့ရှိရပါတယ်။

ဒီလိုအကောင့်ခိုးယူခံရမှုတွေရဲ့ အဓိကအကြောင်းရင်းက အကောင့်ခိုးယူတဲ့ Hacker တွေရဲ့ကျွမ်းကျင်မှုထက် အကောင့်ပိုင်ရှင်တွေရဲ့ ပေါ့ဆမှုတွေကြောင့် အများဆုံးဖြစ်တာကို တွေ့ရှိရပါတယ်။ ဥပမာအနေနဲ့ Username/ Password နေရာတွေက Password နေရာမှာ လွယ်လွယ်ကူကူ PASSWORD လို့ပေးတာမျိုး၊ မွေးနေ့၊ မွေးလ၊ မွေးနှစ်တွေနဲ့ပေးတာမျိုး၊ ကိုယ့် Username ကိုပဲ Password အဖြစ် အလွယ်တကူပြန်ပေးတာမျိုး၊ ကိုယ်နေထိုင်တဲ့ မြို့၊ ရွာ၊ အလုပ်အကိုင်တွေပဲ Password အဖြစ်ပေးတာမျိုး၊ ဂဏန်းတွေ 1, 2, 3, 4, 5 လွယ်လွယ်ကူကူပေးတာမျိုးတွေကြောင့် Hacker တွေက အလွယ်တကူ ဖော်ထုတ်ရရှိပြီးတော့ သုံးစွဲသူကို ဒုက္ခပြန်ပေးလာတာဖြစ်ပါတယ်။

### နည်းပညာ

တချို့ကျတော့ Like တစ်သိန်းရထားတဲ့ Account လေးပြန်ရောင်းပါမယ်ဆိုပြီး Online ပေါ်မှာ ဈေးပေါပေါနဲ့ ရောင်းတတ်ပါသေးတယ်။ Like ကို မက်မောပြီးတော့ ဝယ်ယူမယ်၊ ပြီးတော့ Password မချိန်းဘဲ အသုံးပြုနေမယ်ဆိုရင် အန္တရာယ်တွေ လက်ကမ်းနေသလိုပါပဲ။ တချို့ Hacker တွေက အနုပညာရှင်တွေဆီ၊ နာမည်ရဆရာတော်တွေဆီ ချဉ်းကပ်တယ်။ ပြီးတော့ နည်းပညာကျွမ်းကျင်ကြောင်းပြော၊ Account ဖွင့်ပေးပြီး အသုံးပြုသူရဲ့အမှားတွေကို အချိန်ယူစောင့်ကြည့်ပြီးမှ အခြား Hacker တစ်ဦးထံ Password ကိုရောင်းစားလိုက်တာမျိုး ရှိပါတယ်။ တချို့ဆရာတော်ကြီးတွေဆိုရင် တပည့်တွေကို ယုံကြည်မိလို့၊ Messenger ကနေတစ်ဆင့် ဆရာတော်ကြီးဟန်ဆောင်ပြီး Friend ဖြစ်တဲ့ ဒါယကာ ဒါယိကာမတွေဆီကနေ ငွေလိုက်လံချေးငှားတာမျိုးတွေရှိတယ်။

တချို့ကျတော့ ဖုန်းအရောင်းဆိုင်တွေက ဝန်ထမ်းတွေကို Account လုပ်ခိုင်းကြတယ်။ တချို့ဝန်ထမ်းတွေက Password ကို မှတ်ပြီးယူထားတယ်။ ပြီးတော့ အမြဲစောင့်ကြည့်နေပြီး အားနည်းချက်တွေ့ပြီဆိုတာနဲ့ သတင်း၊ ဓာတ်ပုံ၊ ဗီဒီယို File တွေကို တစ်ဆင့်ရောင်းစားလိုက်တော့တယ်။ တချို့က Account အသစ်ဖွင့်ပြီး Account ဟောင်းကို မဖျက်သိမ်းဘဲ ပစ်ထားလိုက်တယ်။ အဟောင်းက Password မေ့သွားပြီး မသုံးဖြစ်ပေမယ့် Account အဟောင်းထဲမှာ ကိုယ့်ရဲ့ Friend တွေရှိနေတာကို သတိပြုရမယ်။ မသုံးတဲ့ Account ဟောင်းတွေကို Hacker တွေက နည်းမျိုးစုံနဲ့ Password ရယူနိုင်ပါတယ်။ ပြီးတော့ Messenger ကနေတစ်ဆင့် ကိုယ့်ရဲ့ Friend တွေထံ ငွေလိုက်လံချေးငှားနေတာမျိုး ရှိပါတယ်။

ဒီလိုအကြောင်းအရာတွေက လွယ်ကူစွာနဲ့ မကြာခဏဖြစ်ပွားနေတဲ့ကိစ္စတွေဖြစ်ပြီးတော့ တရားခံမသိနိုင်တော့ ရဲစခန်းမှာ အမှုဖွင့်ဖို့လည်း အခက်အခဲရှိနေတတ်ပါတယ်။ ဒါကြောင့် Account မဖွင့်တတ်တာ ဒါမှမဟုတ် Password မေ့နေပြီး Account အသစ်ဖွင့်တယ်ဆိုရင် Password အသစ်ချိန်းနိုင်အောင် သင်ယူရပါမယ်။ Password ကို အက္ခရာ၊ ဂဏန်း၊ သင်္ကေတတို့ ပေါင်းစပ်ပေးသင့်ပါတယ်။ ဆိုလိုတာကတော့ လွယ်လွယ်ကူကူ မပေးသင့်ပါဘူး။

### စနစ်တကျ ပိတ်သိမ်း

ပြီးတော့ Two-Factor Authentication Code တွေ ခံထားသင့်ပါတယ်။ ကိုယ့်ရဲ့ Login အခြေအနေတွေကို အမြဲစစ်ဆေးသင့်ပါတယ်။ ကိုယ့်ရဲ့ကိုယ်ရေးအချက်အလက်တွေကို Only me ပြုလုပ်ထားသင့်ပါတယ်။ ကိုယ့်အကောင့်တွေကို Login ဝင်ရင် အသိပေးတဲ့စနစ်ကို ဖွင့်ထားသင့်ပါတယ်။ ဒီလိုတွေ ဆောင်ရွက်မှသာ ကိုယ့်ရဲ့ Facebook အကောင့်က အတန်အသင့်လုံခြုံစေမှာဖြစ်ပါတယ်။ ကိုယ့်ရဲ့ Password တွေ ကိုယ်တိုင်သာ လျှို့ဝှက်မှတ်သားသင့်ပါတယ်။ စိတ်ချရတဲ့ ဆွေမျိုးသားချင်းရှိမှသာ ကိုယ့် Password ကို အသိပေးထားသင့်ပါတယ်။ တတ်နိုင်ရင်တော့ သုံးလတစ်ကြိမ်လောက် Password ကို ပြောင်းသင့်ပါတယ်။ တချို့ကျတော့လည်း တစ်လတစ်ကြိမ် ပြောင်းကြတယ်။ Account ဟောင်းတွေဆိုရင်လည်း စနစ်တကျ ပိတ်သိမ်းတာ အကောင်းဆုံးပါပဲ။

**မေး။ ။Facebook account တွေ ပြန်ရအောင် မှုခင်းရဲတပ်ဖွဲ့က ဆောင်ရွက်ပေးတဲ့အခါ မှုခင်းရဲတပ်ဖွဲ့ကို ဒီလိုမျိုးတိုင်ကြားသူ ဘယ်လောက်ရှိတယ်ဆိုတာနဲ့ ဘယ်လောက် ကူညီဆောင်ရွက်ပေးခဲ့တယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ နီးစပ်သူတွေကသာ ဆက်သွယ်အကူအညီတောင်းတာမျိုးသာ ရှိပါတယ်။ အမှန်တကယ် တိုင်တန်းသူအရေအတွက် နည်းပါးပါတယ်။ ဒါပေမယ့် ဒီလိုမျိုး Account အခိုးခံရသူတွေ အများကြီးရှိနေနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီလိုမျိုး ပြည်သူတွေအတွက် အကူအညီပေးနေတယ်ဆိုတာ ပြည်သူကို အသိပေးချင်ပါတယ်။

**မေး။ ။Facebook အပါအဝင် လူမှုမီဒီယာတွေကနေ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခံရတဲ့သူတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဘယ်အတိုင်းအတာအထိ အကူအညီပေးလို့ရပါသလဲ။ ပြီးတော့ ပြည်သူတွေအနေနဲ့ တိုင်ကြားအကူအညီတောင်းခံတဲ့အခါ ဘာတွေလိုအပ်ပါသလဲ။**

**ဖြေ။** ။ဘယ်အတိုင်းအတာအထိ ကူညီပေးနေသလဲဆိုရင် ရဲစခန်းတွေ၊ အမှုစစ်အရာရှိတွေက ကျွန်တော်တို့ CID ကို ထင်မြင်ယူဆချက်တောင်းခံကြပါတယ်။ အမှုမှန်ကန်မှုရှိ၊ မရှိ ကျွန်တော်တို့ အဆင့်ဆင့်စိစစ်ပါတယ်။ နောက်ဆုံး ကျွန်တော်တို့အဆင့်အထိ စိစစ်ကူညီပါတယ်။ တချို့အမှုတွေမှာ တရားခံက သက်သေခံပစ္စည်းမအပ်ဘူး။ လက်မှတ်ထိုးပြီးတော့ သူကျူးလွန်ကြောင်း ဝန်ခံတယ်။ အဲဒီတော့ ဝန်ခံကတိနဲ့အတူ တရားရုံးကို ပို့တာလည်း ရှိပါတယ်။ တချို့တရားခံက ကျူးလွန်တဲ့ဖုန်းက တစ်လုံး၊ အပ်တဲ့ဖုန်းက တစ်လုံး၊ ဒါကိုလည်း ကျွန်တော်တို့ ကြိုးစားပြီး မှန်ကန်အောင် ဖြေရှင်းပေးနေပါတယ်။ လိုအပ်ရင် သက်သေက တင်သွင်းတဲ့ လက်ကိုင်ဖုန်းနဲ့ပါ ယှဉ်တွဲပြီး ထင်မြင်ယူဆချက်ပေးပါတယ်။

ပြစ်မှုပြစ်ဒဏ်ဆုံးဖြတ်တာကတော့ တရားသူကြီးရဲ့အပိုင်းပါ။ တချို့ဆိုရင် လူမှုကွန်ရက်မှာ ဟိုးလေးတကျော်ပြောဆိုခဲ့တာတွေရှိတယ်။ သူ့အကောင့်မှာ Delete ဖျက်လိုက်ပေမယ့် Youtube လိုမျိုး၊ တချို့သော Share လုပ်လိုက်သူတွေရဲ့ Account ကတစ်ဆင့် ရှာဖွေပြီး မှန်ကန်ကြောင်း ထင်မြင်ယူဆချက်ပေးတဲ့အထိ ဆောင်ရွက်ပေးနေပါတယ်။ တိုင်ကြားကူညီတောင်းခံတဲ့အခါမှာ လိုအပ်တာတွေကတော့ ကိုယ့်ဘက်က နစ်နာမယ်ထင်တဲ့ Post စာသားတွေ၊ Video၊ Photo၊ Comment တွေကို Screenshot ရိုက်ကူးထားပြီးတော့ ရဲစခန်းကနေ သက်သေခံအဖြစ် တင်သွင်းရပါမယ်။ တရားခံထံကနေ လက်ကိုင်ဖုန်းသိမ်းယူဖို့ ခက်တဲ့ကိစ္စတွေလည်း ရှိတတ်ပါတယ်။ ရေထဲကျသွားလို့ တချို့လည်း ရေထဲပစ်ချတာမျိုး၊ ရိုက်ခွဲတာမျိုးတွေ ရှိဖူးပါတယ်။ အဲဒီအချိန်မှာ ကိုယ့်ရဲ့လက်ကိုင်ဖုန်းအပြင် တရားသူကြီးက ယုံကြည်နိုင်လောက်တဲ့ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ရဲ့ လက်ကိုင်ဖုန်းနဲ့တွဲဖက်ပြီး သက်သေခံတင်သွင်းနိုင်ပါတယ်။

**မေး။ ။Facebook Team ကလည်း ဒီလိုမျိုးတိုင်ကြားလာတဲ့အမှုတွေအတွက် ဘယ်လိုမျိုး ကူညီပေးနေတယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။Facebook Team က သူတို့ရဲ့ Community Standard ၂၂ ချက် ထုတ်ပြန်ထားပါတယ်။ အဲဒီ Standard နဲ့ ကိုက်ညီတဲ့အချက်ပါရင် Account ကို ဖြုတ်ချပေးပါတယ်။ တချို့ Sex Abuse နဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ အခင်းဖြစ်နေရာ Location တောင်းခံရင်ပေးတာမျိုးအထိ ရှိပါတယ်။

**မေး။ ။ဒီလိုမျိုးခိုးယူခံရတဲ့သူတွေဘက်မှာလည်း လူမှုမီဒီယာကို သုံးစွဲနေပေမယ့် ကိုယ့် Account ကို လုံခြုံရေးအဆင့်အတန်းတစ်ခုထားဖို့ အားနည်းချက်တွေရှိတဲ့သူတွေများတယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း သိပါရစေ။**

**ဖြေ။** ။ကိုယ့် Account ကို လုံခြုံအောင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ ကျွန်တော်ရှေ့မှာ တင်ပြခဲ့ပြီးပါပြီ။ အဲဒါတွေအပြင် ကိုယ့်အကောင့်ထဲက ယုံကြည်ရတဲ့ သူငယ်ချင်း သုံးယောက်နဲ့လည်း Security အနေနဲ့ တွဲဖက်ထားစေလိုပါတယ်။ ကိုယ့် Account ခိုးယူခံရရင် သူငယ်ချင်းတွေကတစ်ဆင့် ပြန်ဆယ်လို့ရနိုင်ပါတယ်။ ဒါ့အပြင် Two Factor Authentication စနစ်နဲ့လည်း Password နှစ်ဆင့်ခံထားတာမျိုးတွေနဲ့ ကိုယ့် Account ရဲ့ လုံခြုံမှုအဆင့်ကို မြှင့်တင်ထားဖို့ အကြံပြုလိုပါတယ်။

**မေး။ ။ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

**ဖြေ။** ။ပြည်သူကို တင်ပြလိုတာကတော့ ယနေ့ပြောင်းလဲလာတဲ့ ခေတ်အခြေအနေမှာ ကိုယ်နှစ်သက်ရာ Social Media တွေကို ပြည်သူတွေအနေနဲ့ သုံးစွဲနေကြမှာပါ။ ဒီလို သုံးစွဲရာမှာ လုံခြုံမှုအဆင့်ရှိစွာ သုံးစွဲကြဖို့၊ IT နဲ့ပတ်သက်ပြီး ကိုယ်တိုင်ထိန်းသိမ်းရမယ့် Password ကို ကိုယ်တိုင်ထိန်းသိမ်းနိုင်စွမ်းရှိအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူ့ဘက်က ကူညီပေးကြပါလို့ ပြောချင်ပါတယ်။

### နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်

အစိုးရအဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီး ငွေကြေးလုပ်ငန်းလုပ်ကိုင်နေကြတဲ့ Ok Dollar၊ Wave အစရှိတဲ့ ငွေကြေးဝန်ဆောင်မှုပေးကြတဲ့ အဖွဲ့အစည်းတွေအနေနဲ့လည်း ရဲတပ်ဖွဲ့ရဲ့ အကူအညီလိုအပ်ချိန်မှာ ပါဝင်ပေးကြဖို့၊ ကိုယ်ရဲ့ဝန်ဆောင်မှုလုပ်ငန်း လုံခြုံမှုအဆင့်အတန်းနိမ့်ကျမှုကြောင့် ပြစ်မှုကျူးလွန်သူတွေရဲ့ ခိုကိုးရာစားကျက် မဖြစ်အောင် နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်ကြဖို့၊ NGOs အဖွဲ့အစည်းတွေအဖြစ်ရှိနေကြတဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်အပြင် အခြားသော နည်းပညာတတ်ကျွမ်းတဲ့ အဖွဲ့အစည်းတွေအနေနဲ့လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ တတ်နိုင်သမျှ ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြပါလို့ ပြောချင်ပါတယ်။ ။

# တရားမဝင် ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းများ၊ Online TV Channel များနှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားနိုင်မည့်နည်းလမ်းများအပေါ် ပါဝင်အကြံပြုဆွေးနွေးခဲ့ကြသူများ၏ စကားသံများ

**တရားမဝင် ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းများ၊ Online TV Channel များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တရားမဝင် ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းများ၊ Online TV Channel များနှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားနိုင်မည့်နည်းလမ်းများအပေါ် ပါဝင်အကြံပြုဆွေးနွေးခဲ့ကြသူများ၏ စကားသံများကို ဖော်ပြအပ်ပါသည်-**



ဦးကိုကို(ဥက္ကဋ္ဌ)
မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်
အသံထုတ်လွှင့်သူများအသင်း



ဦးဇေယျာ(ညွှန်ကြားရေးမှူး)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန



နေသန်မောင်
(Executive Producer)
ကမာရွတ်မီဒီယာ



ဦးစိုးမြင့်
(Managing Director &
Chief Editor) မဇ္ဈိမမီဒီယာ



ဦးစိုးနိုင်
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

**ဦးကိုကို(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်**
**အသံထုတ်လွှင့်သူများအသင်း**

ဒီဆွေးနွေးပွဲဟာ ထိန်းချုပ်ခြင်း၊ ပိတ်ပင်ခြင်းအတွက် လုပ်တဲ့ဆွေးနွေးပွဲ မဟုတ်ပါဘူး။ ဆိုလိုချင်တာက ကျွန်တော်တို့နိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အနေအထားအရ တရားဥပဒေနဲ့အညီ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ ရှိသလို တရားဥပဒေပြင်ပမှာ ဆောင်ရွက်နေကြတဲ့ လုပ်ငန်းတွေလည်း ရှိပါတယ်။ တရားဥပဒေနဲ့အညီ ဆောင်ရွက်နေကြတဲ့ သူတွေကို အကာအကွယ် ပေးရမှာဖြစ်တဲ့အတွက် တရားဥပဒေပြင်ပမှာရှိနေတဲ့ သူတွေကိုလည်း ဘယ်လိုနည်းနဲ့ တရားဥပဒေ ဘောင်အတွင်းကို ရောက်ရှိအောင် ဆောင်ရွက်ကြမလဲ ဆိုတဲ့ နည်းလမ်းတွေကို ရှာသွားမှာ ဖြစ်ပါတယ်။

အဲဒီလိုရှာတဲ့အခါမှာ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကမ္ဘာမှာ ဒီဟာကို ဘယ်လိုရင်ဆိုင်နေကြရသလဲ၊ ဘယ်လိုဖြေရှင်းနေကြသလဲ၊ တစ်ဖက်မှာ လုပ်ငန်းတွေ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ဖို့ကို မထိခိုက်စေဘဲနဲ့ အကောင်းဆုံးနည်းလမ်းဖြစ်အောင် ဘယ်လိုဆောင်ရွက်မလဲ ဆိုတာတွေကို ဒီနေ့ တက်ရောက်လာကြတဲ့ တတ်သိပညာရှင်တွေကနေ ဆွေးနွေးကြမှာဖြစ်ပါတယ်။ တရားမဝင် ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းတွေ၊ အွန်လိုင်း တီဗွီချန်နယ်တွေနဲ့ ပတ်သက်လို့ လက်ရှိဘာဖြစ်နေသလဲ၊ ဘယ်လိုလုပ်သင့်သလဲ၊ ဘယ်လို အဖြေရှာရမလဲဆိုတာကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲကနေ အကြံပြုချက်တွေ ထွက်လာမှာဖြစ်ပါတယ်။ ဒီအကြံပြုချက်တွေကိုတော့ ဆက်စပ်နေတဲ့ အဖွဲ့အစည်းတွေကနေ ဆက်ပြီး အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

**ဦးဇေယျာ(ညွှန်ကြားရေးမှူး)**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**
**ပြန်ကြားရေးဝန်ကြီးဌာန**

တရားမဝင် ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းတွေ၊ အွန်လိုင်းတီဗွီချန်နယ်တွေနဲ့ပတ်သက်လို့ လက်ရှိမှာ ကျွန်တော်တို့အနေနဲ့ စိစစ်ဆောင်ရွက်တာတော့ မရှိသေးပါဘူး။ ကျွန်တော်တို့ နိုင်ငံမှာက ရုပ်သံလွှင့်လုပ်ငန်းနဲ့ ပတ်သက်လာရင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနဲ့ ပတ်သက်ရင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနက သက်သက်ရှိပါတယ်။ ဝန်ကြီးဌာန နှစ်ခု မတူညီတဲ့တာဝန်တွေကို ထမ်းဆောင်နေတာ ဖြစ်တဲ့အတွက် ဒီနေ့မှာ တရားမဝင် ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းတွေ၊ အွန်လိုင်းတီဗွီချန်နယ်တွေနဲ့ပတ်သက်လို့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ရုပ်သံလွှင့်လုပ်ငန်းနဲ့ ပတ်သက်ရင် MRTV၊ MWD ရှိတယ်၊ ကျွန်တော်တို့နဲ့ Forever၊ Skynet နဲ့ Content Provider ငါးခုရှိပါတယ်။ လူမှုမီဒီယာနဲ့ ပတ်သက်လို့ လိုင်စင်တင်ဖို့ ဖိတ်ခေါ်ထားတာ မရှိသေးပါဘူး။ နိုင်ငံတကာမှာလည်း ဒါတွေကို ဘယ်လိုကိုင်တွယ်ဆောင်ရွက်မယ်ဆိုတာကို မူဝါဒတွေ ချမှတ်နေတဲ့အချိန် ဖြစ်တဲ့အတွက် ကျွန်တော်တို့အတွက် အချိန်ကောင်းပါပဲ။ ပလက်ဖောင်းမျိုးစုံကနေ ထုတ်လွှင့်နေတဲ့ ရုပ်သံအစီအစဉ်တွေနဲ့ပတ်သက်ပြီး ရေရှည်မှာ ဘယ်လိုဆက်လက် ဆောင်ရွက်မယ်ဆိုတာကို ဒီနေ့ဆွေးနွေးပွဲက ပထမခြေလှမ်းဖြစ်ပါတယ်။

ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ ရက်က ပြဋ္ဌာန်းခဲ့တာ ရှိပါတယ်။ ဒီဥပဒေအရ နည်းဥပဒေကို ဆောင်ရွက်နေပြီး မကြာခင်မှာ ထွက်ရှိလာတော့မှာ ဖြစ်ပါတယ်။ နည်းဥပဒေအရ ရုပ်မြင်သံကြားနဲ့ အသံလွှင့်ကောင်စီကို ဖွဲ့စည်းဖို့ရှိပါတယ်။ ဒီကောင်စီကနေ ရုပ်သံလွှင့် Content နဲ့ ပတ်သက်ပြီး ဘာတွေ ဆက်လက် ဆောင်ရွက်သင့်တယ်ဆိုတဲ့ နည်းလမ်းတွေကို ဒီလို ဆွေးနွေးပွဲတွေကနေ တစ်ဆင့် အကြံပြုသွားနိုင်ဖို့အတွက် ရည်ရွယ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာသာ မဟုတ်ပါဘူး။ ကမ္ဘာမှာပါ Digital Revolution ဆိုတာ ဖြစ်ပေါ်နေပါတယ်။ Digital Revolution ရဲ့ နောက်မှာ မီဒီယာနဲ့ ပတ်သက်တဲ့ Trans တွေ ပြောင်းလာတာရှိပါတယ်။ အထူးသဖြင့် Digital Platform ကို အသုံးပြုတဲ့ မီဒီယာတွေ အများကြီးပေါ်ပေါက်လာပါတယ်။ Digital နဲ့ သွားတဲ့အခါ ethic ကို လိုက်နာပြီး ဆောင်ရွက်တဲ့ မီဒီယာတွေ ရှိပါတယ်။ တချို့ user generated content တွေက သူတို့ တင်ဆက်မှုတွေက ဘယ်လောက်စိတ်ချမှုရှိသလဲ၊ ပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေအပေါ်မှာ ဘယ်လိုသက်ရောက်မှုတွေ ရှိနေတယ်၊ ဘယ်လို အကျိုးအမြတ်တွေကို ရယူမှုတွေရှိနေတယ်ဆိုတာကိုလည်း လေ့လာဖို့ လိုပါတယ်။ လေ့လာပြီးတော့ Traditional Media တွေနဲ့အတူ ဘယ်လိုရှင်သန်နိုင်မလဲ ဆိုတာကို ဝိုင်းဝန်းစဉ်းစားကြရမယ့် အချိန်ရောက်နေပါပြီ။ ဒါကြောင့် ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲ တစ်ခုတည်းကနေ အဖြေချက်ချင်းကြီး ထွက်ဦးမှာမဟုတ်ပါဘူး။ ဒီလိုမျိုး ဆွေးနွေးပွဲတွေ ဆက်လုပ်ပြီးတော့ သိရှိလာတဲ့ အချက်တွေအပေါ်ကနေ သင့်လျော်မယ့် မူဝါဒတွေ၊ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ရေးဆွဲ အကောင်အထည်ဖော်သွားနိုင်မှာ ဖြစ်ပါတယ်။

**နေသန်မောင်**
**(Executive Producer)**
**ကမာရွတ်မီဒီယာ**

အင်တာနက်ပေါ်မှာ တီဗွီလွှင့်တာကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ရှိပြီးသားပါ။ အွန်လိုင်းတီဗွီပေါ်က ပြဿနာတွေ ပြောလာရင် မြန်မာနိုင်ငံမှာ အဓိကပြောကြတာကတော့ လူမှုမီဒီယာကို ပြောကြတာဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ လူမှုမီဒီယာတွေ ပေါ်လာတော့ သုံးစွဲသူတစ်ဦးချင်းက Live လွှင့်လို့ရတယ်။ ဗီဒီယိုတွေ ရိုက်ပြီးတင်လို့ရတယ်။ သီချင်းတွေ ဖန်တီးပြီး တင်လို့ရတယ်။ ရုပ်ရှင်ကားတွေလည်း ရိုက်လို့ရတယ်။ ဒီလိုရိုက်လို့ရတဲ့အခါမှာ တာဝန်ယူမှုရှိတဲ့သူတွေ ရိုက်တဲ့ Content နဲ့ တာဝန်ယူမှု မရှိသေးတဲ့သူတွေ ရိုက်တဲ့ Content တွေ ရှိလာပါတယ်။ တာဝန်ယူတဲ့သူနဲ့ တာဝန်ယူမှုမရှိသေးတဲ့သူ အားပြိုင်မှုတွေ ရှိလာပါတယ်။ တာဝန်ယူမှု မရှိသေးတဲ့သူတွေ ထုတ်လုပ်တဲ့ Content တွေက ပိုများလာပါတယ်။ ဒီ Content တွေက စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်တာ လွယ်တယ်၊ လူကြိုက်ပိုများတယ်၊ လူကြိုက်များတော့ ကြော်ငြာပိုရတယ်။

ဒီလိုဆိုတော့ တရားဝင်ခွင့်ပြုချက်ရှိရတယ်၊ ကျင့်ဝတ်တွေ၊ စည်းကမ်းတွေလည်း လိုက်နာရတယ်၊ အရည်အသွေး၊ စံချိန်စံညွှန်းတွေကိုလည်း ထိန်းညှိရတယ်၊ ဒီလိုမျိုးသူတွေကျတော့ စီးပွားရေးအရရော၊ ပရိသတ်အားပေးမှုအရရော အကန့်အသတ်ရှိသွားတယ်။ ယှဉ်ပြိုင်တဲ့အခါ တာဝန်ယူမှုရှိတဲ့သူက ကြော်ငြာလည်း မရတော့ဘူး။ ပရိသတ်အားပေးမှုလည်း လျော့သွားရတယ်။ ဒါကြောင့် အွန်လိုင်းတီဗွီကိစ္စတွေက လူမှုမီဒီယာတွေ အားကြီးလာတဲ့ အချိန်မှာ ရင်ဆိုင်ရတာပါ။

အွန်လိုင်းမှာ ရင်ဆိုင်ရတာ သတင်းတစ်ခုတည်းရယ်လို့ ကျွန်တော် မဆိုလိုချင်ဘူး။ Content အားလုံးပါပဲ။ ဒီလိုရင်ဆိုင်နေရတာတွေကို ဥပဒေနဲ့ လွှမ်းခြုံနိုင်ရင် အဆင်ပြေသွားမယ်။ ဆိုလိုတာက ပြည်သူတွေ တစ်ဦးချင်း လူမှုမီဒီယာ သုံးစွဲခွင့်ရှိတယ်။ ဒါကို တားဆီးလို့မရဘူး။ လူမှုမီဒီယာ မဟုတ်တဲ့ တခြား Content တွေကို ဥပဒေဘောင်ထဲ ထည့်သွင်းဖို့လိုပါတယ်။ မီဒီယာပုံစံ လုပ်ကိုင်ဆောင်ရွက်ပြီဆိုရင် စည်းကမ်းတွေ၊ ကျင့်ဝတ်တွေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ လွှမ်းခြုံနိုင်တဲ့ မီဒီယာ ဥပဒေတစ်ခုလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ရုပ်ရှင်က ရုပ်ရှင်ဥပဒေ၊ ဂီတက ဂီတ ဥပဒေ၊ သတင်းကလည်း သတင်းဥပဒေ၊ ပုံနှိပ်ကလည်း ပုံနှိပ်ဥပဒေ၊ ဥပဒေတွေက လက်လှုပ်ရင် လက်ချိုးတဲ့ဥပဒေ၊ ခြေထောက်လှုပ်ရင် ခြေထောက်ချိုးတဲ့ ဥပဒေဖြစ်နေပါတယ်။ ခေတ်တွေ ပြောင်းနေတော့ ခေတ်ကို ဥပဒေက မမီနိုင်ဘူးဖြစ်နေတယ်။

Content ကို လွှမ်းခြုံနိုင်တဲ့ ဥပဒေမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ Content ကို Platform နဲ့ လိုက်ပြီးချိန်နေတယ်။ တီဗွီအစီအစဉ်ဆိုရင် ရုပ်မြင်သံကြားနဲ့ ဂြိုဟ်တုစလောင်းနဲ့ သွားချိန်တယ်။ မဆိုင်ပါဘူး။ Content ရဲ့ Program ကို သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ပြီးရင် Program အမျိုးအစားကို ခွဲပေးပြီး လိုင်စင်သတ်မှတ် ပေးသင့်ပါတယ်။ ဒီလိုဆိုရင် ရှင်းရှင်းလင်းလင်း ဖြစ်သွားမယ်။ လုပ်ရကိုင်ရလည်း လွယ်သွားမယ်။

**ဦးစိုးမြင့် (Managing Director & Chief Editor)**
**မဇ္ဈိမမီဒီယာ**

ဒီနေ့လို ဆွေးနွေးမှုက အမှန်မှာ နောက်တောင်ကျပါတယ်။ ကျွန်တော်တို့က ဒီလိုမျိုး ဆွေးနွေးနေတဲ့အချိန်မှာ တခြားစိန်ခေါ်မှုတွေက တစ်နေ့ထက် တစ်နေ့တက်လာပါတယ်။ နည်းပညာစိန်ခေါ်မှု၊ တခြားဆက်စပ်နေတဲ့ စိန်ခေါ်တွေမှုတွေလည်း ပါပါတယ်။ နံပါတ်တစ်အချက်အနေနဲ့ ဆွေးနွေးတဲ့ အချိန်တောင် နောက်ကျနေတယ်လို့ ကျွန်တော်မြင်ပါတယ်။ နံပါတ်နှစ်က ကျွန်တော်တို့ ရှေ့ကို ပိုကြည့်ဖို့ လိုပါလိမ့်မယ်။ အဓိကကတော့ ဗဟုဝါဒကို အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ဖို့ လိုပါလိမ့်မယ်။ ပြည်သူတွေအနေနဲ့ ဒီထက်ပိုပြီး သိရှိလာအောင်၊ ဒီထက်ပိုပြီး အခွင့်အရေးတွေရလာအောင်၊ သူတို့တွေ ရွေးချယ်မှုတွေ ပိုရလာအောင် အခြေခံသလို တစ်ဖက်မှာလည်း တည်တံ့တဲ့ ဖွံ့ဖြိုးမှုကို ဦးတည်နိုင်တဲ့လုပ်ငန်းတွေ လုပ်ဖို့လိုပါတယ်။

တရားမဝင် စလောင်းတွေကိစ္စက အခုမှဖြစ်တဲ့ ကိစ္စမဟုတ်ပါဘူး။ နက်နဲပါတယ်။ အတိတ်က အကြောင်းအရာတွေ အများကြီးပါပါတယ်။ ပြီးတော့ ဒီဟာမှာ ဆိုင်ရာဆိုင်ရာ အကျိုးစီးပွားတွေ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကြည့်ရှုသူ ပြည်သူက အဓိကလို့ ထင်ပါတယ်။ ပြည်သူက ကြည့်ရှုချင်တယ်ဆိုရင် သူ့ကို တားဆီးဖို့ မလွယ်ပါဘူး။ ရရင်တော့ ရနိုင်မယ်၊ ဒါပေမယ့် ခက်ခဲသွားပြီး ဒီထက်ပိုတဲ့ ပြဿနာတွေ ရှိလာနိုင်ပါတယ်။ ဒီတော့ လုပ်ငန်းတွေကို ဥပဒေဘောင်အတွင်းမှာ အားလုံးပါဝင်တဲ့ ပေါင်းစပ်ညှိနှိုင်းမှု၊ ပေါင်းစပ်လုပ်ကိုင်မှုကို လုပ်ရပါမယ်။ ဥပဒေဘောင်အတွင်းမှာ တရားမဝင် ဖြစ်နေရင် တရားဝင်ဖြစ်အောင်၊ ပြည်သူနဲ့ နိုင်ငံတော်အကျိုးကို အဓိက ထားပြီးတော့ ကျွန်တော်တို့ လုပ်ဆောင်ဖို့ လိုပါလိမ့်မယ်။

တိုးတက်လာတဲ့ နည်းပညာတွေနဲ့အတူ ဖြစ်လာတာတွေကို တားဆီးပိတ်ပင်ဖို့က ခက်ခဲပါတယ်။ စင်ကာပူလို နိုင်ငံမှာတောင် ဒါတွေက စိန်ခေါ်မှုတစ်ခုပါ။ ပြည်သူတွေ အနေနဲ့ ကြည့်ရှုစရာတွေ များလာဖို့အတွက် ခုနက အွန်းလိုင်းမှာ လုပ်နေတဲ့ လုပ်ငန်းတွေကို ဘယ်လိုမျိုး ပေါင်းစပ်ပြီး ပူးပေါင်းလုပ်ကိုင်သွားမလဲဆိုတဲ့ နည်းလမ်းကိုပဲ ရှာရမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်ခိုင်းတာတွေကတစ်ပိုင်း၊ တစ်ဖက်မှာ Disin-formation၊ Misinformation တွေ ဆောင်ရွက်နေတာမျိုးတွေက တစ်ပိုင်းပါ။ ဒါတွေကိုတော့ တိတိကျကျလုပ်ဖို့ လိုပါတယ်။ ဒါတွေက မှားနေတယ်ဆိုတာကို ပြည်သူသိအောင် ပြောပြလို့ရတဲ့ နည်းလမ်းတွေ ရှိပါတယ်။ ဒါတွေထဲမှာ အမုန်းစကားတွေ၊ ပြဿနာတွေ ပါလာနိုင်တဲ့အတွက် လက်ခံလို့မရပါဘူး။

**ဦးစိုးနိုင်**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ အရင် ၁၉၃၄ ခုနှစ် ကြိုးမဲ့ကြေးနန်း အက်ဥပဒေဆိုတာ ရှိပါတယ်။

စာမျက်နှာ ၉ သို့ ❖

# တရားမဝင် ဂြိုဟ်တုစလောင်းရုပ်သံလိုင်းများ၊ Online TV Channel များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ





**နေပြည်တော် ဇွန် ၁၈**

တရားမဝင် ဂြိုဟ်တုစလောင်းရုပ်သံလိုင်းများ၊ Online TV Channel များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ရေးအသင်းဥက္ကဋ္ဌ၊ ဒါရိုက်တာများနှင့်အသင်းဝင်များ၊ Content Provider များနှင့် Online မီဒီယာလုပ်ငန်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြီးမားသည့် လွှမ်းမိုးမှုများရှိ

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မိမိတို့နိုင်ငံတွင် ဥပဒေအရတရားဝင်ခွင့်ပြုထားသည့် ရုပ်သံလွှင့်လုပ်ငန်းနှင့်ပတ်သက်လျှင် နိုင်ငံတော်ပိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တပ်မတော်ပိုင်မြဝတီရုပ်မြင်သံကြားတို့ရှိပြီး အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Forever Group နှင့် SkyNet တို့ရှိပါကြောင်း၊ နောက်ပိုင်းတွင် ရုပ်သံလွှင့်လုပ်ငန်းလုပ်ကိုင်ရန် ငါးဦးကို လုပ်ပိုင်ခွင့် ခွင့်ပြုပေးခဲ့ပါကြောင်း။

သို့သော် မိမိတို့နိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသည့် တရားမဝင်သော၊ ဥပဒေအရခွင့်ပြုထားခြင်းမရှိသော စလောင်းများ များစွာရှိပါကြောင်း၊ စလောင်းများနှင့်ပတ်သက်သည့် အကျိုးသက်ရောက်မှုသည် အလွန်အင်မတန်ကြီးမားပါကြောင်း၊ နိုင်ငံတော်ကို အခွန်အခပေးပြီး လုပ်ကိုင်နေသည့်လုပ်ငန်းရှင်များအတွက် စီးပွားရေးအရ ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါကြောင်း၊ ထို့ပြင် မိမိတို့ နိုင်ငံနှင့်လူမျိုးများ၏ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ အယူအဆ၊ ဘာသာရေး စသည့်တို့အပေါ်တွင် ကြီးမားသည့် လွှမ်းမိုးမှုများရှိပါကြောင်း။

ထို့ပြင် နောက်ပိုင်းကာလ၌ ပေါ်ပေါက်လာသည့် TV Channel များနှင့် အွန်လိုင်း TV များကိစ္စဖြစ်ပါကြောင်း၊ အရေးအတွက်အားဖြင့် တိတိကျကျပြောဆိုရန်ခက်ခဲပါကြောင်း၊ အဆိုပါ Channel များကို လေ့လာကြည့်ပါက အချို့Channel များသည် စည်းနှင့်ကမ်းနှင့် စနစ်တကျရှိသော်လည်း အချို့ Channel များသည် စည်းကမ်းလိုက်နာမှု အားနည်းပါကြောင်း။

ယင်းကိစ္စရပ်များကို လျစ်လျူရှုထားပါက အင်မတန်ဆိုးရွားသည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်ဟု သုံးသပ်ကြပါကြောင်း၊ ထို့ကြောင့် အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ အဖြေရှာရန် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲသည် အငြင်းအခုံလုပ်မည့် Debate မဟုတ်ပါကြောင်း၊ Brainstorming ပုံစံမျိုးဖြစ်စေလိုပါကြောင်း၊ အမြင်ဖလှယ်ရန်၊ ဝိုင်းဝန်းအကြံပြုဆွေးနွေးရန်၊ ထွက်ပေါ်လာမည့် ရလဒ်များအပေါ် သုံးသပ်အဖြေရှာရန်ဖြစ်သည့်အတွက် ဥပဒေပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာကိုယ်စားပြုသည့် အဖွဲ့အစည်းများအားလုံးပါဝင်နိုင်ရန် အတတ်နိုင်ဆုံးကြိုးစားစီစဉ်ထားပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် တက်ရောက်လာသူများက ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်နှင့် ရှေ့ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းအဖြေရှာကြရန် တိုက်တွန်းပြောကြားသည်။

### ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရန်လို

ထို့နောက် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းဥက္ကဋ္ဌ ဦးကိုကိုက နယ်စပ်များမှ တရားမဝင်ဝင်ရောက်လာသည့် စလောင်းနှင့် ဆက်စပ်ပစ္စည်းများမှ ထုတ်လွှင့်နေသည့် တရားမဝင်ရုပ်သံလိုင်းများ၊ တစ်နည်းအားဖြင့် illegal content များအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရန်လိုအပ်ပါကြောင်း၊ တရားမဝင် ရုပ်သံလိုင်းများနှင့် အစီအစဉ်များသည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများ၏ ပြင်ပမှုတစ်မျိုး၊ ဥပဒေကို လက်တစ်လုံးခြားတစ်မျိုးဖြင့် မိမိတို့၏ အချုပ်အခြာလေပိုင်နက်ကို ကျူးကျော်ဝင်ရောက်နေပါကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မည်ဟု ခံယူထားပါကြောင်း၊ ဥပဒေတိုင်းတွင် စံနှုန်းများသတ်မှတ်ခြင်း၊ အမိန့်တည်မြဲစေခြင်း၊ အငြင်းပွားမှုကို ဖြေရှင်းခြင်းနှင့် လွတ်လပ်မှုနှင့် အခွင့်အရေးများကို ကာကွယ်ပေးခြင်းဆိုသည့် ရည်ရွယ်ချက်လေးရပ်ရှိသည်ဟု သိရပါကြောင်း။

ဥပဒေအရ ရသင့်ရထိုက်သည့်လွတ်လပ်မှုနှင့် အခွင့်အရေးများကို ကာကွယ်ပေးကြရမည်ဖြစ်သည့်အတွက် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေမှုများကို အကာအကွယ်ပေးခြင်းနှင့် ဥပဒေမဲ့ တစ်နည်းအားဖြင့် တရားမဝင် လုပ်ကိုင်ဆောင်ရွက်နေမှုများကို တားဆီးပေးရခြင်းဟု နားလည်နိုင်ပါကြောင်း၊ ယင်းအချက်များကို အခြေခံပြီး ဆွေးနွေးကြမည်ဆိုပါက ရလဒ်ကောင်းများ ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တရားမဝင် ဂြိုဟ်တုစလောင်းရုပ်သံလိုင်းများ၏ လက်ရှိအခြေအနေနှင့် စျေးကွက်အခြေအနေခေါင်းစဉ်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယအင်ဂျင်နီယာချုပ် ဒေါ်ဇင်ဝါကြူက ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း ဒါရိုက်တာဦးမင်းမင်း၊ ကုန်သွယ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် အကြီးတန်းအမှုဆောင် ဒါရိုက်တာ ဒေါက်တာသိန်းသန်းဦးနှင့် Canal Plus Myanmar Ltd မှ ဥပဒေရေးရာကျွမ်းကျင်သူ ဒေါ်ရည်ရည်မွန်မြင့်တို့က ၎င်းတို့၏ အတွေ့အကြုံများအပေါ် အခြေခံ၍ သက်ဆိုင်ရာနယ်ပယ်အလိုက် ဆွေးနွေးကြပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီအောင် မည်သို့လုပ်ဆောင်သင့်သည်၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေ၊ စိန်ခေါ်မှုနှင့် အခက်အခဲများကို အကြံပြုဆွေးနွေးကြသည်။

### အကြံပြုဆွေးနွေး

ဆက်လက်၍ တရားမဝင် ဂြိုဟ်တုစလောင်း ရုပ်သံလိုင်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းဥက္ကဋ္ဌ ဦးကိုကိုက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုခင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးနေမျိုးထွန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးနိုင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ထွန်းနေဝင်းနှင့် ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းတို့က ၎င်းတို့၏ အတွေ့အကြုံများအပေါ်အခြေခံ၍ သက်ဆိုင်ရာနယ်ပယ်အလိုက် ဆွေးနွေးကြပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီအောင် မည်သို့လုပ်ဆောင်သင့်သည်၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေ၊ စိန်ခေါ်မှုနှင့် အခက်အခဲများကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် Online TV များ၏ လက်ရှိအခြေအနေခေါင်းစဉ်ဖြင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် Senior Chief Engineer ဦးသိန်းလင်းက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ကမာရွတ်မီဒီယာ Executive Producer ဦးနေသန်မောင်၊ Forever Group Co.,Ltd. General Manager ဦးကျော်ကျော်၊ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း အတွင်းရေးမှူး ဦးဇော်သက်မောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာတို့က ၎င်းတို့၏ အတွေ့အကြုံများအပေါ် အခြေခံ၍ သက်ဆိုင်ရာနယ်ပယ်အလိုက် ဆွေးနွေးကြပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီအောင် မည်သို့လုပ်ဆောင်သင့်သည်၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေ၊ စိန်ခေါ်မှုနှင့် အခက်အခဲများကို အကြံပြုဆွေးနွေးကြသည်။

### ပြန်လည်ရှင်းလင်း

ယင်းနောက် Online TV များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်မည့် နည်းလမ်းများခေါင်းစဉ်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးဝင်းကြည်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး အရင်းအမြစ်စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်စိမ့်စိမ့်အေး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူး၊ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းဝင် ဦးရဲနိုင်စိုး၊ မှုခင်းတပ်ဖွဲ့မှ ရဲမှူး ငြိမ်းချမ်းအောင်နှင့် 7 days အမှုဆောင်အရာရှိချုပ် ဦးသောင်းစုငြိမ်းတို့က ၎င်းတို့၏ အတွေ့အကြုံများအပေါ် အခြေခံ၍ သက်ဆိုင်ရာနယ်ပယ်အလိုက် ဆွေးနွေးကြပြီး မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီအောင် မည်သို့ လုပ်ဆောင်သင့်သည်၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေ၊ စိန်ခေါ်မှုနှင့် အခက်အခဲများကို အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာကျွမ်းကျင်သူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ညနေပိုင်းတွင် ခေါင်းစဉ်အလိုက် ကျင်းပသည့် ဆွေးနွေးပွဲများမှ ရရှိလာသည့် ဆွေးနွေးချက်များအပေါ် အနှစ်ချုပ်အဆုံးသတ်ခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ ညှိနှိုင်းရေးမှူးများဖြစ်ကြသည့် ဒေါ်ဇင်ဝါကြူ၊ ဦးကိုကို၊ ဦးသိန်းလင်းနှင့် ဦးဝင်းကြည်တို့က အစီအစဉ်အနှစ်ချုပ်နှင့် ရှေ့လုပ်ငန်းစဉ်များကို ပြန်လည်တင်ပြကြပြီး ဒုတိယဝန်ကြီးဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

---

❖ **စာမျက်နှာ ၈ မှ**

ဒီဥပဒေကို ညွှန်းပြီး ရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ အမိန့်ဆိုပြီး ၁၉၉၃ ခုနှစ် စက်တင်ဘာလမှာ ထုတ်ပြန်ကြေညာခဲ့တယ်။ အဲဒီတုန်းက နိုင်ငံတော်ရဲ့ လုံခြုံရေးတစ်ရပ်အနေနဲ့ ဂြိုဟ်တုစလောင်းသုံးစွဲသူတွေ မှတ်ပုံတင်ဆောင်ရွက်ထားရှိတာပါ။ အဲဒီတုန်းက ရှစ်ပေစလောင်း၊ နှစ်ပေစလောင်းတွေ များပါတယ်။ ၂၀၀၅ ခုနှစ် ဇူလိုင် ၁ ရက်မှာ ဂြိုဟ်တုရုပ်မြင်သံကြား ဖမ်းစက်လိုင်စင်တွေ ထုတ်ပေးတာကို ရပ်ဆိုင်းခဲ့တယ်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ သက်တမ်းတိုးမြှင့်ခြင်းကိုပါ ရပ်ဆိုင်းခဲ့တယ်။ ၂၀၁၃ ခုနှစ်မှာ ဆက်သွယ်ရေး ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့တယ်။ ဒီဥပဒေမှာလည်း ဂြိုဟ်တုရုပ်မြင်သံကြား ရုပ်သံလွှင့်ခြင်းတွေဟာ မပါရှိတော့ဘူး။ အခွန်အခကောက်ခံခြင်းတွေ မပါရှိတော့ဘူး။

အခု စလောင်းတွေကိစ္စက ဆက်သွယ်ရေးကိစ္စထက် ရုပ်မြင်သံကြားကြည့်ဖို့ ရည်ရွယ်ချက်က များတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ Broadcast Law ကို ရေးဆွဲထားတယ်။ နည်းဥပဒေတော့ မပေါ်သေးဘူး။ ဒီဟာတွေကို ဥပဒေနဲ့အညီ သုံးစွဲစေဖို့ဆိုရင် ပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေမှာ ပြင်ဆင်တာ ဒါမှမဟုတ် နောက်ဆက်တွဲ ပြဋ္ဌာန်းမယ့် နည်းဥပဒေမှာ အပိုဒ်တွေ ထည့်သွင်းခြင်းတွေကို ပြုလုပ်သင့်တယ်လို့ ကျွန်တော်အနေနဲ့ မြင်ပါတယ်။ ကျွန်တော်တို့ဌာနမှာဆိုရင် ၂၀၁၃ ခုနှစ်မှာစပြီး ဆက်သွယ်ရေးကဏ္ဍကို ဖွင့်လှစ်ဆောင်ရွက်ခဲ့တယ်။ အရင်က မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတစ်ခုတည်းက ဆက်သွယ်ရေးဝန်ဆောင်မှုကို ပေးတယ်။ တစ်ဦးတည်းပေးတော့ ပြည်သူတွေအနေနဲ့ တစ်ခုတည်းပဲ သုံးရတာပေါ့။ ဒါကြောင့် ယှဉ်ပြိုင်မှုရှိလာအောင် ပုဂ္ဂလိက ပါဝင်ခွင့်ပေးခဲ့တယ်။ ဒီလိုပဲ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ယှဉ်ပြိုင်မှုတွေ ရှိလာပြီး ရွေးချယ်စရာတွေ ပြည်သူတွေမှာ အများကြီးရှိလာရင်၊ စျေးသက်သာစွာနဲ့ ကြည့်ရှုခွင့်ရလာရင် တရားမဝင်စလောင်းတွေလည်း ပျောက်ကွယ်သွားမယ်ထင်ပါတယ်။

**မော်စီ၊ ကေကေ၊ ဓာတ်ပုံ-ထိန်နန်နော်**

---

# ကျောက်တန်းမြို့နယ်တွင် လူထုဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကျေးရွာပြည်သူများက စစ်ဆေးအတည်ပြု

**ကျောက်တန်း ဇွန် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြု (စီမံကိန်းတတိယနှစ်စက်ဝန်း) ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများအနက် မီးပြကျေးရွာတွင် စီမံကိန်း ထောက်ပံ့ငွေ ၆၄၄၁၅၇၁၂ ကျပ်ဖြင့် အရှည် ၆၇၁၆ ပေ၊ အကျယ် ၇ ပေ၊ ဒု ၆ လက်မရှိ လမ်းခင်းခြင်း၊ စာသင်ကျောင်း၊ ကလေးကစားကွင်းတည်ဆောက်ခြင်း၊ ရေပြွန်ပြုလုပ်ခြင်းစသည့် လုပ်ငန်းများကို ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီဝင်များက ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြရာ လူထုစည်းရုံးရေးမှူး ဒေါ်ဖြူစင်ဝင်း၊ လက်ထောက်နည်းပညာမှူး ဒေါ်ယွန်းမြင့်သူအောင်တို့က ကြီးကြပ်ကူညီ ဆောင်ရွက်ပေးကြသည်။

ယင်းလုပ်ငန်းများအပေါ် ကျေနပ်မှုရှိ၊ မရှိ လူထုစစ်ဆေးပွဲကို ယနေ့ မွန်းလွဲပိုင်းက မီးပြရွာကျောင်းကြီး ကျောင်းဓမ္မာရုံ၌ ကျင်းပရာ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များက လုပ်ငန်းခွဲအလိုက် ဆောင်ရွက်ရာတွင် ကုန်ကျခဲ့သည့် စာရင်းဇယားများဖြင့် ရှင်းလင်းတင်ပြရာ ကျေးရွာလူထုက လုပ်ငန်းစဉ်ရလဒ်အပေါ် စိတ်ကျေနပ်မှုရှိကြောင်း လျှို့ဝှက်ဆန္ဒမဲဖြင့် အတည်ပြုပေးကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၁၈**

၂၀၁၉ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

**ဝတ္ထုတို**

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးစိုးမြင့်(ရဲမင်းစိုး)၏ "တစ်ပွင့်နွမ်းသော်လည်း တစ်ပွင့်ပန်းတော့လှစေချင်" ဝတ္ထုတိုက ပထမ၊ ဒေါ်မြင့်မြင့်သန်း(မေကျော်-ပြန်/ဆက်)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့" ဝတ္ထုတိုက ဒုတိယ၊ ဦးဌေးအောင်(သက်ဝေမှူး)၏ "မော်ရုံတောကို ကျောခိုင်း၍" ဝတ္ထုတိုက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးအောင်ကိုကိုဦး (ထက်ဝေအောင်-စစ်ကိုင်း)၏ "ကြိုက်တဲ့အရပ်မျက်နှာမှုနိုင်စေ"၊ ဦးစန်းမြင့် (ရွှေညောင်မြေမောင်စန်းမြင့်)၏ "လေပြေညင်းလေးအေးပါစေ၊ ပန်းနံ့မွှေးပါစေ"၊ ဦးရဲညွန့် (ရဲရဲထွန်းတောက်-မွှေးလုံး)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့ သို့မဟုတ် ပန်းပျိုးလက်" ဝတ္ထုတိုတို့က လည်းကောင်း။

ဆောင်းပါးပြိုင်ပွဲတွင် ဒေါ်ခင်နှင်းရီ (ခင်နှင်းရည်- ရန်ကုန်တက္ကသိုလ်)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့" ဆောင်းပါးက ပထမ၊ ဦးမြင့်သိန်း (ဒုတိယရဲမှူးကြီး-ငြိမ်း) (ဘုန်းမင်းရာဇာ)၏"အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့" ဆောင်းပါးက ဒုတိယ၊ ဦးထိန်လင်း(လင်းအရုဏ်ဦး-ပဲခူး)၏ "အပေါင်းအသင်းရွေးချယ်ပါ" ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးသန်းထွဋ်ဝင်း (သန်းထွဋ်ဝင်း)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"၊ ဗိုလ်ကြီးလွင်ဘိုဘိုအောင် (ဗိုလ်ကြီးလွင်ဘိုဘိုအောင်)၏ "နိုင်ငံကိုချစ် လူမျိုးချစ် မူးယစ်မှန်သမျှတိုက်ဖျက်ပစ်"၊ ဗိုလ်ကြီး ညွန့်ဝင်း(ငြိမ်း) (ဘုန်းမောင်ဝင်း-ဖျာပုံ)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့" ဆောင်းပါးတို့က လည်းကောင်း။

**ကဗျာ**

ကဗျာပြိုင်ပွဲတွင် ဦးဝင်းထွန်း (ထွန်းထွန်း-လားရှိုး)၏ "ဆေးဝါးမူးယစ်ရောင်ရှားပစ် အချစ်မဝင် အပြစ်မြင်" ကဗျာက ပထမ၊ ဗိုလ်ကြီးသက်နောင် (ပုလောစိုးနံ့သာ)၏ "မူးယစ်ကင်းဇုန် တို့ရိပ်မြုံ" ကဗျာက ဒုတိယ၊ ဗိုလ်ကြီး ညွန့်ဝင်း(ငြိမ်း) (ဘုန်းမောင်ဝင်း-ဖျာပုံ)၏ "နိုင်ငံကိုချစ်လူမျိုးချစ် မူးယစ်မှန်သမျှတိုက်ဖျက်ပစ်" ကဗျာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်သင်းသင်းလှိုင်(ချိုစင်သင်းလှိုင်)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"၊ ဦးထွားမောင်(မောင်လွန်းမြိုင်-ပင်လယ်ဘူး)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"၊ ဦးအေးဝင်း (မင်းသစ်ဝင်း-ကျောက်တံခါး)၏ "မျိုးဆက်သစ်ဘဝလှပဖို့ မူးယစ်ဟူသမျှရှောင်ရှားစို့"ကဗျာတို့က လည်းကောင်း။

တေးသီချင်းပြိုင်ပွဲတွင် ဗိုလ်ကြီးဉာဏ်ပိုင်စိုး(စစ်သူ)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့" တေးသီချင်းက ပထမ၊ ဒေါ်မြင့်မြင့်စိုး(စိုးစိုး-မြန်မာစာ)၏ "မျိုးဆက်သစ်ဘဝလှပဖို့ မူးယစ်ဟူသမျှရှောင်ရှားစို့" တေးသီချင်းက ဒုတိယ၊ ဒေါ်ခင်စန္ဒီစိမ့် (အလင်္ကာမေ)၏ "မူးယစ်ဆေးကို ကမ္ဘာမြေမှမောင်းထုတ်စို့" တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးမျိုးဆွေသန့်(မျိုးဆွေသန့်)၏ "တိုက်ဖျက်တားဆီးမူးယစ်မီး"၊ ဦးမောင်မောင်လှ (မောင်မောင်လှ(ခ)စောအောင်)၏ "မျိုးဆက်သစ်ဘဝလှပဖို့ မူးယစ်ဟူသမျှရှောင်ရှားစို့"နှင့် ဗိုလ်ကြီးထွန်းထွန်းလတ်(ကိုဘခက်)၏ "ငရဲလမ်းထဲကရုန်းထွက်လိုက်ပါ" တေးသီချင်းတို့က လည်းကောင်း။

ဓာတ်ပုံပြိုင်ပွဲတွင် ဦးမင်းဇော်(မင်းဇာနည်ဇော်)၏ "မျိုးဆက်သစ်ဘဝလှပဖို့ မူးယစ်ဟူသမျှရှောင်ရှားစို့"က ပထမ၊ မဆုလတ်ရွှေရည်ဇော်၏ "အပေါင်းအသင်းရွေးချယ်ပါ"က ဒုတိယ၊ ဦးအေးလွင်ဦး (အေးလွင်ဦး-ရွှေပန်းချီ/ရမည်းသင်း)၏ "အပေါင်းအသင်းရွေးချယ်ပါ"က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးဇော်ဇော်ဝေ(ဇော်ဇော်ဝေ-ဆင်ဖြူကျွန်း)၏ "နိုင်ငံကိုချစ်လူမျိုးချစ် မူးယစ်မှန်သမျှတိုက်ဖျက်ပစ်"၊ ဦးဌေးလွင်(ဌေးလွင်-အမရပူရ)၏ "အပေါင်းအသင်းရွေးချယ်ပါ"နှင့် ဦးမင်းသူ(ပုဂံမင်းသူ)၏ "အပေါင်းအသင်းရွေးချယ်ပါ"တို့က လည်းကောင်း။

**ကွန်ပျူတာပိုစတာ**

ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ဦးအေးလွင်ဦး (အေးလွင်ဦး-ရွှေပန်းချီ/ရမည်းသင်း)၏ "မျိုးဆက်သစ်ဘဝလှပဖို့ မူးယစ်ဟူသမျှရှောင်ရှားစို့" က ပထမ၊ ရဲဒုတပ်ကြပ်သက်ဇော်မင်း (သက်ဇော်မင်း)၏ "ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ မူးယစ်ရန်မီး ငြိမ်းသတ်စို့"က ဒုတိယ၊ မောင်ရှိုင်းထက်၏ "နိုင်ငံကိုချစ်လူမျိုးချစ် မူးယစ်မှန်သမျှတိုက်ဖျက်ပစ်"က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဝင့်ကေခိုင်မြင့်၏ "အပေါင်းအသင်းရွေးချယ်ပါ"၊ မမေသဥ္ဇာသွန်း (သွန်းသွန်း)၏ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"၊ ဦးအောင်ကျော်မြင့်၏ "ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ မူးယစ်ရန်မီး ငြိမ်းသတ်စို့"တို့က လည်းကောင်း။

ပန်းချီမူလတန်းအဆင့် ပြိုင်ပွဲတွင် မဖြူစင်သက်မှူး အမက(၁)ဗဟန်းက ပထမ၊ မောင်စွမ်းပြည့်ဝင်း အထက(၃)ပဲခူးက ဒုတိယနှင့် မသွန်းဟေသော် ထ(ခွဲ)အလက(၁၁) အောင်မြေသာစံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မခင်ကြယ်စင်ဦး အမက (အရှေ့)ကျောက်တန်း၊ မမိုးရတီစံ TTC ကမာရွတ်နှင့် မအေးနဒီလှိုင် အထက(ဖားကန့်)တို့က လည်းကောင်း။

ပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မပြည့်ပြည့်မိုး အထက(၄) ထားဝယ်က ပထမ၊ မခင်ပြည့်ပြည့်ကျော် အထက(၁)သန်လျင်က ဒုတိယနှင့် မပြည့်စုံခိုင် အထက(၅) လှိုင်ကော်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဟေမာန်နှင်းပွင့်အောင် အထက(၇)တောင်ငူ၊ မချိုးသံသာကျော် A.L.B.A ကိုယ်ပိုင်ကျောင်းရန်ကုန်နှင့် မအိဖြူစင်ကို အထက(၁)သန်လျင်တို့က လည်းကောင်း။

**ပန်းချီ**

ပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ကောင်းထွဋ်ဟန် အထက (၁) ဘိုကလေးက ပထမ၊ မချောစုစုဟန် အထက(၂)စမ်းချောင်းက ဒုတိယနှင့် မောင်စောအာယု အထက (လှာကာ)ဘားအံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မနန်းမိုးပြည့်ပြည့်ကျော် ထ(ခွဲ) အလက(၁၄) အောင်မြေသာစံ၊ မဆုရည်မွန်မြင့် အထက(၂)ဗဟန်းနှင့် မောင်ရဲရင့်မြတ်သူ အထက (၂)ဗဟန်းတို့က လည်းကောင်း။

ကာတွန်းမူလတန်းအဆင့်ပြိုင်ပွဲတွင် မချောသီရိလဝန်း အလက (မြို့မ) ကျောက်တန်းက ပထမ၊ မသန့်နေခြည်ထွန်း Pride I S M ကိုယ်ပိုင်ကျောင်း ကမာရွတ်က ဒုတိယနှင့် မောင်ခန့်ဘုန်းစစ် အထက(၂)ကျောက်တန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ထူးဆက်အောင် အလက (မြို့မ) ကျောက်တန်း၊ မခင်ဖြိုးပန်းချီ အမက(၂၄) ဒဂုံမြို့သစ်(မြောက်ပိုင်း) နှင့် မောင်လင်းမောင်မောင် ချယ်ရီတန်ကိုယ်ပိုင်အလယ်တန်းကျောင်း ဇန်းမော်တို့က လည်းကောင်း။

ကာတွန်းအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မထက်နဒီအောင် အထက (၂)ကျောက်တန်းက ပထမ၊ မောင်လင်းထက်ရဲရင့် အလက(မြို့မ) ကျောက်တန်းက ဒုတိယနှင့် မောင်အောင်ဖြိုးဇော် အထက(၂)ကျောက်တန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မမေသူကိုTT C ကမာရွတ်၊ မောင်ကောင်းမြတ်မင်း အလက(ချည်မျှင်)ရွှေတောင်နှင့် မယွန်းရွှေရည် အထက(၁)တောင်ကြီးတို့က လည်းကောင်း။

ကာတွန်းအထက်တန်းအဆင့်ပြိုင်ပွဲတွင် မဟန်စုရည်ထွန်း ကောင်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်းဒဂုံက ပထမ၊ မကြည်ဇင်သန့် အထက(၂) လသာက ဒုတိယနှင့် မမေသဥ္ဇာသွန်း အထက(၄)အလုံက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မအိဇာနည်ဖြိုး အထက(၁) ဒဂုံ၊ မောင်ဟန်ထူးအောင် အထက(၁)ဒဂုံနှင့် မရွှေရည်ဝင်းထက် အထက(၂)စမ်းချောင်းတို့က လည်းကောင်း။

**ပိုစတာ**

ပိုစတာမူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်ဝင်းထွန်းဦး အလက(ခွဲ) နမ့်ကွတ် လှိုင်ကော်က ပထမ၊ မနှင်းဇေရီလင်း အလက(၃)ဒဂုံမြို့သစ် (မြောက်ပိုင်း)က ဒုတိယနှင့် မအိမ့်နဒီဟန် အမရပူရ ပါတနာကိုယ်ပိုင် အလယ်တန်းကျောင်း မန္တလေးက တတိယဆုများရရှိကြပြီး အထူးဆုများ အဖြစ် မဖြူစင်လင်းမြတ် အထက(၁)ညောင်တုန်း၊ မောင်ပြည့်စုံဖုန်းမြင့် အမက(တောင်ပိုင်း)ဖျာပုံနှင့် မဇူးထက်ရတီလင်း အထက(အုတ်တွင်း) တို့က လည်းကောင်း။

ပိုစတာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မရွှန်းမြတ်အိမ် အထက(၄) သာကေတက ပထမ၊ မောင်ဘုန်းမြတ်အောင်(ခ) CHRIS A.L.B.A ကိုယ်ပိုင်ကျောင်းရန်ကုန်က ဒုတိယနှင့် မသန့်ဖြူစင် ထ(ခွဲ)အလက(၁) မအူပင်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းမြတ်သူ အထက(၂)ကျောက်တန်း၊ မယုယခင် တိုးတက်အောင်ကိုယ်ပိုင်အထက်တန်းကျောင်းရန်ကုန်နှင့် မောင်မင်းသူ့ကျော် အလက(မြို့မ)ကျောက်တန်း တို့က လည်းကောင်း။

ပိုစတာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မမိုးမြင့်သဒ္ဒါ အထက(၁) ဒဂုံက ပထမ၊ မမြတ်နိုးချယ်ရီ အထက (၁၇)အောင်မြေသာစံက ဒုတိယနှင့် မဗျားမြာ ထ(ခွဲ)နမ့်ကွတ် လှိုင်ကော်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဟန်ထူးအောင် အထက(၁)ဒဂုံ၊ မောင်သွင်ထူးဆက် အလက(၃)ဒဂုံမြို့သစ် (မြောက်ပိုင်း)နှင့် မောင်တိုးဝေအောင် ကောင်းထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း တာမွေတို့က လည်းကောင်း။

**ကွန်ပျူတာပန်းချီ**

ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ကျော်စည်သူဇင် P.E.C ကိုယ်ပိုင်အထက်တန်းကျောင်း ပုသိမ်မြို့က ပထမ၊ မခင်ပြည့်စုံ အထက(က၀)က ဒုတိယနှင့် မအိသဥ္ဇာခိုင် အထက(၉) မော်လမြိုင်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရွှေမြတ်မိုးထွန်း ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း သုဝဏ္ဏ၊ မောင်အာကာဝိုင်း S.E.C ကိုယ်ပိုင် အထက်တန်းကျောင်းမုံရွာနှင့် မောင်စိုင်းစွမ်းထက်လင်း အထက(၁) တောင်ကြီးတို့က လည်းကောင်း။

ကွန်ပျူတာပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မထရေဇာဂျာဆန်အောင် အထက(၁)မြစ်ကြီးနားက ပထမ၊ မောင်ရဲရင့်မြတ်သူ အထက(၂) ဗဟန်းက ဒုတိယနှင့် မပွင့်နေခြည်မြင့် အထက(၂)စမ်းချောင်းက တတိယ ဆုများရရှိကြပြီး အထူးဆုများအဖြစ် မထက်တင်ဇာမြင့် အထက(၂) စမ်းချောင်း၊ မဝင့်သူဇာသိမ့် နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း မကွေးနှင့် မောင်ကိုကိုချစ် အထက(၁)ဒဂုံတို့က လည်းကောင်း။

ဆောင်ပုဒ်ပြိုင်ပွဲတွင် ဒေါ်လွင်လွင်ဘုန်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ "အနာဂတ်ပန်းများပွင့်လန်းဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့"၊ ဦးမင်းဇာနည်ဇော် မြောက်ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ "အပေါင်းအသင်းရွေးချယ်ပါ"၊ ဦးစန်းငွေ(ကိုစန်းငွေ-ဧရာဝတီ) ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီးမှ "ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ မူးယစ်ရန်မီးငြိမ်းသတ်စို့"၊ မစန်းဆုရည်သန့်(စန်းဆုရည်-ရန်ကုန်တက္ကသိုလ်) ရန်ကုန်တိုင်းဒေသကြီးမှ "နိုင်ငံကိုချစ်လူမျိုးချစ် မူးယစ်မှန်သမျှတိုက်ဖျက်ပစ်"နှင့် ဒေါ်ရီရီမြ မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီးမှ "မျိုးဆက်သစ်ဘဝလှပဖို့ မူးယစ်ဟူသမျှရှောင်ရှားစို့"ဆောင်ပုဒ်တို့ကလည်းကောင်း ဆုများအသီးသီး ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

**ခါမ်းပါတ် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ခါမ်းပါတ်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ကြောင့်ကူးစက်တတ်သောရောဂါများမှ ကာကွယ်ရန်အတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၁၈ ရက် ညနေ ၄ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့စည်ပင်သာယာဈေး၊ အထက်တန်းကျောင်းနှင့် အမှတ်(၂)မူလွန်ကျောင်းတို့၌ ဈေးပိတ်ချိန်နှင့် ကျောင်းဆင်းချိန်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဆရာ ဆရာမ နေအိမ်များ၊ ရပ်ကွက်တွင်းရှိ ခြင်ခိုအောင်းနိုင်သော နေရာများကိုလည်း ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း၊ ကျန်ရှိနေသောစာသင်ကျောင်းများနှင့် ရပ်ကွက်များကိုလည်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအောင်ဝင်းက ပြောသည်။



**ဇော်ဝင်းထွန်း**

## ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

**ကျိုက်မရော ဇွန် ၁၈**

ကျိုက်မရောမြို့ ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ဝင်းဇော် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးမှ တာဝန်ခံဆရာများသည် ယမန်နေ့ညနေ ၄ နာရီက အထက ကျိုက်မရောကျောင်းခန်းမကြီး၊ ကျောင်းရှိစာသင်ခန်းများ၊ ကျောင်းဝင်း အတွင်းရှိအိမ်တွင်းမှုခန်း၊ ကျောင်းစာကြည့်တိုက်ခန်းမအပါအဝင် ဆရာ ဆရာမများနားနေခန်းတို့ကို ခြင်ဆေးဖျန်းစက်များဖြင့် သွားရောက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် လူနေထူထပ်သောရပ်ကွက်များအတွင်းရှိ နေအိမ်များတွင်လည်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရာသီဥတုပြောင်းလဲမှုကို လျှော့ချဖို့ သစ်ပင်တွေ စိုက်ကြစို့

သန်းဖြိုးနိုင် (ကညင်ကျိုး)

ယခုနှစ်သည် ယခင်နှစ်များနှင့်မတူ အလွန်ပူပြင်းလှသည်။ နိုင်ငံအတွင်းမှ အချို့သောဒေသများတွင် နှစ်ပေါင်း ၄၀၊ ၅၀ အတွင်း တစ်ကြိမ်မျှ မဖြစ်ပေါ်ခဲ့ဖူးသည့် အပူချိန်များ စံချိန်တင်မြင့်တက်ခဲ့သည်။ ပို၍ဆိုးသည်မှာ ယခင်နှစ်တိုင်းဖြစ်နေကျ မုတ်သုံအကြိုမုန်တိုင်းက မဝင်ရောက်လာသည့်အပြင် မုတ်သုံအဝင်နောက်ကျခြင်းကြောင့်လည်း မြန်မာပြည်အထက်ပိုင်းတွင် မိုးမရွာသဖြင့် ဆည်များတွင်ရေနည်းပြီး ရေအားလျှပ်စစ်စက်ရုံများကောင်းစွာ မလည်ပတ်နိုင်၍ မီးကို အလှည့်ကျပေးနေရသည်။

**အပူချိန်ကို သိသိသာသာခံစားခဲ့ကြရ**

ထိုအခါ လျှပ်စစ်မီးနှင့်သာ သုံးရသည့် လေအေးပေးစက်များ ကောင်းစွာအလုပ်မလုပ်နိုင်ကြသည့်အဆုံး နောက်ဆုံးအပူချိန်ကို အန်တုရင်းဖြင့်သာ နွေကာလရှည်ကို ဖြတ်သန်းနေကြရသည်။ နေ့အပူချိန်မြင့်တက်မှုမှာလည်း မေလ ၂၀ ရက်နေ့တိုင်အောင် ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်နှင့် မြင်းမူ၊ မြင်းခြံ၊ ညောင်ဦး၊ မင်းဘူး၊ မကွေးတို့တွင် ၄၄ ဒီဂရီစင်တီဂရိတ် အထိ ရှိနေဆဲဖြစ်သည်။ ယခင်လဆန်းပိုင်းကဆိုလျှင် ချောက်နှင့် ဂန့်ဂေါမြို့တို့တွင် ၄၇ ဒီဂရီစင်တီဂရိတ်ကျော်သည်အထိ နှစ်ပေါင်း ၅၀ အတွင်း မကြုံစဖူးလောက်အောင် စံချိန်တင်မြင့်တက်ခဲ့ရသည်။

**သစ်တော၊ သစ်ပင်များ၏တန်ဖိုးကို သိမြင်လာခဲ့ကြ**

ထိုသို့မြင့်တက်သည့်အပူချိန်နှင့်အတူ ယှဉ်တွဲပါလာသည်က လေပြင်းတိုက်ခတ်မှု၊ မိုးများရွာသွန်းမှုတို့ဖြစ်သည်။ မိုးရွာသွန်းသည်ဆိုသော်ငြား အပူချိန်ကတော့ဖြင့် ကျမသွားသေးချေ။ ထိုသို့သော မကြုံစဖူးထူးကဲလာနေသည့် ရာသီဥတုပူပြင်းမှုအကြားတွင် ယခုနှစ်ပိုင်း ပြည်သူအများစုသတိထားမိလာသည်က မြန်မာပြည်အလယ်ပိုင်းနှင့် အချို့ဒေသများတွင် သစ်ပင်များခုတ်ထွင်မှု၊ သစ်တောများပြုန်းတီးမှုများ ဖြစ်သည်။ ယခုကဲ့သို့ အပူချိန်ကို ထူးကဲစွာခံစားကြရမှ သစ်ပင်များ၏တန်ဖိုးကို သိလာသည်။ သစ်ပင်များမခုတ်ရေး၊ သစ်တောများထိန်းသိမ်းရေးနှင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များ အမှန်တကယ်ဖြစ်ထွန်းအောင် စိုက်ပျိုးရေးအတွက် ပြောဆိုလှုပ်ရှားလာနေကြသည်ကို ဝမ်းမြောက်စွာတွေ့ရသည်။

**ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အကြား သဘာဝဘေးထိခိုက်ခံစားခဲ့ကြရ**

သစ်ပင်များစိုက်ပျိုးရန် ပျိုးပင်များလှူဒါန်းခြင်း၊ စိုက်ပျိုးရန်အတွက် လှုံ့ဆော်ခြင်းများကို ယခုရက်ပိုင်းတွေ့လာရသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ရေခဲတောင်များ အရည်ပျော်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ နေရာအနှံ့အပြားတွင် တောမီးလောင်ခြင်း စသည့်ဖြစ်စဉ်များ ဖြစ်ပွားလာသည်။ လွန်ခဲ့သည့်လကပင် တရုတ်၊ တောင်ကိုရီးယားနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံတို့တွင် သစ်တောများ မီးလောင်ပြီး လူနေအိမ်များ၊ လူ့အသက်များ ဆုံးရှုံးခဲ့ရသည့်သတင်းများ တွေ့ခဲ့ရသည်။ သို့အတွက် ယခုဆိုလျှင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိုရာသီဥတုပြောင်းလဲလာမှုအရေးကို ဖြေရှင်းရန် သစ်ပင်များကို အုပ်စုလိုက် အရေအတွက်အတော်များများ စိုက်ပျိုးနေကြသည့် သတင်းများ တွေ့လာရသည်။

**နိုင်ငံအချို့တွင် အုပ်စုလိုက်သစ်ပင်စိုက်ပျိုးသည့် လှုပ်ရှားမှုများရှိလာ**

လွန်ခဲ့သည့်ရက်ကဆိုလျှင် ဖိလစ်ပိုင်နိုင်ငံမှ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ၊ ပြည်သူများနှင့် စေတနာ့ဝန်ထမ်းများပါဝင်သော လူပေါင်း တစ်သိန်းခြောက်သောင်းကျော်သည် တစ်နာရီအတွင်း သစ်ပင်ပေါင်း ၃ ဒသမ ၂ သန်းကျော်စိုက်ပျိုးပြီး ဂင်းနစ်ကမ္ဘာ့စံချိန်ချိုးနိုင်ခဲ့ကြောင်း သိရသည်။ လက်ရှိအရေအတွက်သည် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့က တစ်နာရီအတွင်း သစ်ပင်ပေါင်း ၁ ဒသမ ၉ သန်း စိုက်ပျိုးနိုင်ခဲ့သောစံချိန်ကို ချိုးနိုင်ခဲ့ကြောင်းလည်း ဖိလစ်ပိုင်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအဖွဲ့အစည်းမှ ဒါရိုက်တာ မာ့ခ်ဖရက်ဂါဒါက ဆိုထားသည်ကို ဖတ်ရသည်။ သစ်ပင်စိုက်ပျိုးမှုကို ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းရှိ ဒေသခြောက်ခုတွင် နေရာခွဲပြီး စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးခဲ့သော အပင်များထဲတွင် ကိုကို၊ ရော်ဘာ၊ ကော်ဖီနှင့် ကျွန်းကဲ့သို့ နှစ်ရှည်သစ်မာပင်များလည်း ပါဝင်ကြောင်း ဖရက်ဂါဒါက ဆိုသည်။

လက်ရှိတွင် သစ်ပင်စိုက်ပျိုးပွဲ ပါဝင်ခဲ့သူများမှာ ဂင်းနစ်အဖွဲ့မှ တရားဝင်လက်မှတ်ပေးအပ်မည့်အချိန်ကို စောင့်ဆိုင်းနေကြောင်း သိရသည်။ သစ်ပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်သည့် နောက်သတင်းတစ်ခုမှာ ဗြိတိန်နိုင်ငံ၏ မြို့များတွင် သစ်ပင်ပေါင်း တစ်သိန်းသုံးသောင်းကို စိုက်ပျိုးသွားမည့် အစီအစဉ်ချမှတ်ထားသည့်သတင်းကြားရသည်။ ကမ္ဘာကြီး၏အပူချိန်မြင့်မားလာမှုကို ကဏ္ဍတစ်ခုအနေဖြင့် တိုက်ဖျက်ရန်ဖြစ်သည်ဟုဆိုထားပြီး စိုက်ပျိုးပြီးသည့်နောက်မှာလည်း သုံးနှစ်တိုင်တိုင် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဟုလည်း ဆိုထားသည်။ ထိုအစီအစဉ်ကို မြို့ပြသစ်ပင်စိုက်ပျိုးရေးစိန်ခေါ်မှုဆိုင်ရာ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကာ ဗြိတိန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီး မိုက်ကယ်ဂပ်ဗ်က လွန်ခဲ့သည့် တနင်္ဂနွေနေ့တွင် ကြေညာခဲ့သည်ကို တွေ့ရသည်။

**သဘာဝဘေးအန္တရာယ်ထိခိုက်ခံစားရသည့်စာရင်းတွင် မြန်မာနိုင်ငံပါဝင်**

သစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့နိုင်ငံအနေဖြင့်လည်း ယခင်ယခင်ကာလများကတည်းက ချမှတ်ဆောင်ရွက်လာခဲ့သည့် မူဝါဒများမှာ ကောင်းမွန်သော်လည်း ယနေ့လက်ရှိအချိန်တွင်မှာမူ သစ်ပင်များကို အမှန်တကယ်ရှင်သန်အောင် စိုက်ပျိုးမှု၊ သစ်ပင်များကို တန်ဖိုးထားထိန်းသိမ်းမှုများ နည်းပါးနေသည်ကို တွေ့ရသည်။ သို့အတွက်ကြောင့်ပင် သဘာဝဘေးအန္တရာယ် အထိခိုက်အခံစားရဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံသည် တတိယနေရာက ပါဝင်နေခြင်းဖြစ်သည်ကို တွေ့ရသည်။ သစ်တောသစ်ပင်များကို ထိန်းသိမ်းမှုနည်းပြီး ခုတ်ထွင်မှု များပြားလာခြင်းကြောင့် အပူချိန် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာခြင်း၊ မိုးသည်းထန်ခြင်း၊ ရေကြီးခြင်းများ ဖြစ်ပွားလာနေသည်မှာ အရှေ့တောင်အာရှတွင်လည်း မြန်မာနိုင်ငံက ပိုမိုအဖြစ်များသည်။

**နိုင်ငံပိုင်သတင်းစာများတွင် သစ်တောသစ်ပင်ထိန်းသိမ်းရန် လှုံ့ဆော်မှုများ နေ့စဉ်လိုလို တွေ့ရ**

သစ်တောနှင့် သစ်ပင်များကို မြေပြင်တွင် အမှန်တကယ် ထိန်းသိမ်းကြသည်၊ မထိန်းသိမ်းကြဆိုသည်မှာ ပြောရန်မသေချာသော်လည်း အစိုးရအဆက်ဆက်က ထုတ်ဝေသည့် နိုင်ငံပိုင်သတင်းစာများတွင်မူ "သစ်တောနှင့် သစ်ပင်ကို ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်ရွှေတိုက်ကိုစိုး"၊ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်သည်"၊ "သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေးဥတုဘေး"၊ "ဥတုရာသီ တောကိုမှီသည်"၊ "ရတနာသစ်တော ပြည့်သွေးကြော၊ သစ်တောရတနာ ထိန်းသိမ်းပါ"၊ "နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့"၊ "ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့"၊ "သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေး"၊ "တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏"၊ "သစ်ပင်စိုက်မှ အရိပ်ရ၏၊

> ❛ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ရေခဲတောင်များ အရည်ပျော်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ နေရာအနှံ့အပြားတွင် တောမီးလောင်ခြင်း စသည့်ဖြစ်စဉ်များ ဖြစ်ပွားလာ❜

ရိပ်ခိုနားနေ အပန်းဖြေ၏" စသည့် ဆောင်ပုဒ်များကိုတော့ဖြင့် နေ့စဉ်လိုလိုပါရှိသည်ကို မြင်နေ၊ ဖတ်နေရသည်။

သစ်များ ထုတ်လုပ်ကြရာတွင် သစ်ထုတ်ပြီးသားသစ်ကွက်အဟောင်းကို သစ်တောဦးစီးဌာနက အပင်သစ်များပြန်စိုက်လေ့ရှိပြီး စိုက်စရိတ်ကိုလည်း နိုင်ငံ့ဘဏ္ဍာမှ နှစ်စဉ် ခွင့်ပြုကျခံသုံးစွဲလျက်ရှိကာ အပင်သစ်ပြန်စိုက်ရန်လည်း ဦးစီးဌာနတစ်ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။ သို့သော် အခြားတစ်ဖက်တွင်မူ မိုးဦးကျကာလ ဇူလိုင်လဆိုသည်နှင့် မြန်ပြည်တစ်လွှားဌာနဆိုင်ရာများတွင်မူ သစ်ပင်စိုက်ပွဲတော်များ လုပ်ကြသည့်အသံများ နှစ်စဉ်လိုလိုကြားရသည်။ နိုင်ငံတော်လူကြီးများနှင့် ဌာနဆိုင်ရာလူကြီးများ ဦးစီးကာ တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ဌာနများက အစီစီအရီရီဆိုင်းဘုတ်များထူပြီး ပွဲလမ်းသဘင်ခင်းကျင်းကာ နှစ်စဉ်စိုက်ပျိုးခဲ့ကြသည်ကိုလည်း တွေ့ရသည်။

**အထူးစီမံချက်ချထားရန် လိုအပ်**

သို့အတွက် မကြာမီကာလ ဇူလိုင်အစ မိုးရာသီတွင်မူ အမှန်တကယ် လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးနိုင်ရေးမှာ အရေးကြီးသည်။ သို့အတွက် ယခုကတည်းက စိုက်ပျိုးမည့်နေရာများ ရွေးချယ်စီမံထားသင့်သည်။ စီမံချက်များရေးဆွဲပြီး သစ်တောဌာန၏ သစ်တောပျိုးဥယျာဉ်များတွင် ပျိုးပင်များ ထောင်ထားကြရတော့မည့်အချိန်ဖြစ်သည်။ ထိုအတွက်လည်း နိုင်ငံဘတ်ဂျက်များ ခွင့်ပြုပေးပြီးဖြစ်သည်ဟုလည်းထင်သည်။ နောက်တစ်ချက်မှာ သစ်ပင်စိုက်သည့်အခါတွင်လည်း မြန်မာနိုင်ငံအနေဖြင့် စုံလင်သည့် မြေအမျိုးအစား၊ ရာသီဥတုမတူသည့် သဘောရှိသည့်အတွက် ဒေသနှင့်ကိုက်ညီသည့် အပင်မျိုးကိုသာ ရွေးချယ်စိုက်ပျိုးကြရေးသည်လည်း အရေးကြီးသည်။

**သစ်ပင်၊ သစ်တောများမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများ**

သစ်ပင်များရှိခြင်းအားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အပူထုတ်လွှတ်မှုကို လျှော့ချပေးခြင်း (ဥပမာအားဖြင့် သစ်ပင်များ စိုက်ထားသည့်လမ်းများတွင် ကားမောင်းပါက ကားမှထွက်လာသည့် ကားအိတ်ဇောဓာတ်ငွေ့ပမာဏ ၆၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားစေခြင်း)၊ လေထုညစ်ညမ်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကိုလည်း လျော့ပါးသက်သာစေခြင်း၊ အရွယ်ရောက်ပြီး သစ်ပင်တစ်ပင်သည် တစ်နှစ်ကို ပျမ်းမျှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၁၅၀ ကုဗကီလိုဂရမ်ခန့်ကို စုပ်ယူပေးနိုင်ခြင်း၊ အရိပ်ကောင်းသည့် သစ်ပင်တစ်ပင်သည် တစ်ရက်လျှင် အဲကွန်း ၁၀ လုံး နာရီ ၂၀ ခန့် ဖွင့်ထားသည့် အအေးဓာတ်သက်ရောက်မှုမျိုး ပေးစွမ်းနိုင်ခြင်း၊ ပတ်ဝန်းကျင်အပူချိန်ကို ပျမ်းမျှ ခြောက်ဒီဂရီဆဲလ်ဆီးရပ်စ်ခန့်အထိကျဆင်းသွားစေခြင်းများအပြင် သစ်ရိပ်၊ ဝါးရိပ်ကြောင့် လူများကို ပျော်ရွှင်မှုဖြစ်စေခြင်း၊ စစ်တမ်းများအရ စိမ်းစိုသည့်ပတ်ဝန်းကျင်သည် လူများ၏စိတ်ဖိစီးမှုကို လျော့ပါးစေနိုင်ခြင်း၊ သစ်ရိပ်ဝါးရိပ်များတွင် လေ့ကျင့်ခန်းလုပ်ရသည့်အခါ Gym ထဲမှာထက် ၅၀ ရာခိုင်နှုန်းခန့် ပိုမိုပျော်ရွှင်စေနိုင်ခြင်း၊ မြို့ပြနေတိရစ္ဆာန်များကို ကာကွယ်ပေးနိုင်ခြင်း၊ အရွယ်ရောက်ပြီး ဝက်သစ်ချပင်တစ်ပင်သည် သက်ရှိမျိုးစိတ် ၅၀၀ ခန့်ကို မှီခိုနေထိုင်နိုင်စေခြင်း၊ ပတ်ဝန်းကျင်တွင် ဇီဝမျိုးကွဲများ ပိုမိုစုံလင်လာအောင် တွန်းအားဖြစ်စေနိုင်ခြင်း၊ လူများအတွက် ငွေကုန်ကြေးကျ လျော့ပါးစေခြင်း( ဥပမာ- သစ်ပင်များအနေဖြင့် မြို့ပြရာသီဥတုပတ်ဝန်းကျင်ကို ချိန်ညှိပေးခြင်းကြောင့် အပူ၊ အအေးပေးစနစ်များတွင် အသုံးပြုမှုစရိတ်ကို ၁၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခြင်း)၊ ကာယကျန်းမာကြံ့ခိုင်မှုကို အထောက်အကူဖြစ်စေခြင်း (ဥပမာအားဖြင့် ကိုယ့်ပတ်ဝန်းကျင်တွင် သစ်ပင်ကြီး ၁၁ ပင်ထက်မနည်း ရှိနေသည့်အခါ နှလုံးကျန်းမာရေး ကောင်းကျိုးများ ဖြစ်ပေါ်လာစေခြင်း )များ ရရှိစေနိုင်ကြောင်း တွေ့ရသည်။

**လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုး**

သို့အတွက် ယခုအချိန်မှစ၍ လာမည့်နှစ်တိုင်း၊ အချိန်တိုင်းတွင် ကျွန်ုပ်တို့နိုင်ငံတစ်ဝန်းတွင် အစိုးရရော၊ ပြည်သူလူထုများပါပါဝင်ပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များကို နေရာအစုံတွင် စိုက်ပျိုးစေချင်လှပါသည်။ စိုက်ပျိုးပြီးချိန်တွင်လည်း ရှင်သန်အောင် ပြုစုပျိုးထောင်စေချင်ပါသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းမှုမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်များကြောင့် ကမ္ဘာ့အပူချိန်မြင့်လာမှုကို တိုက်ဖျက်ရာတွင် သစ်ပင်များသည် အင်မတန်အရေးပါသည့်ကဏ္ဍတွင် ရှိနေသည်ကို သတိချပ်ကြစေချင်ပါသည်။ သစ်ပင်များစွာစိုက်ပျိုးခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ရာသီဥတုကိုဖန်တီးနိုင်ပြီး နောင်လာမည့်နှစ်တွင် အပူချိန်မြင့်မားမှုကို လျော့ကျစေမည်၊ ရေကြီးမှုများကို ကာကွယ်ပေးမည်၊ အရိပ်လည်းရစေသည်၊ လူသားများအတွက် ကျန်းမာရေးကိုလည်း အထောက်အကူဖြစ်စေသည်ကို အားလုံးက နားလည်လက်ခံပြီး ပါဝင်ပူးပေါင်းကာ သစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် များများစိုက်ပျိုးကြချိန်တန်နေပြီဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မသန်စွမ်းသူများနှင့် အသက် ၈၅ နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့ကြေးပေးအပ်

**ကန်ပက်လက် ဇွန် ၁၈။** ။ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်းရှိ မသန်စွမ်းသူများနှင့် အသက် ၈၅ နှစ်အထက်ဘိုးဘွားများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ကန်ပက်လက်မြို့ အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က အဖွင့်အမှာစကားပြောကြားရာတွင် အမှန်တကယ်ပေးအပ်သင့်သူများအား မျက်နှာမလိုက်ဘဲ ထောက်ပံ့ငွေများ ပေးအပ်ရန်လိုကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက ထောက်ပံ့ကြေးပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် လူမှုဝန်ထမ်းပိုင် မူလတန်းကြိုကျောင်းဆောက်လုပ်နိုင်ရန် ခေါ်နူးစုမ်ဂေဟာကြီးကြပ်မှုကော်မတီမှ မြေကွက်လှူဒါန်းခြင်းအပေါ် ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်းနှင့် ၈၅ နှစ်အထက် ဘိုးဘွားများနှင့် မသန်စွမ်းသူများအား တာဝန်ရှိသူများက ထောက်ပံ့ကြေးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဂျပန်တွင် ပြင်းအား ၆ ဒသမ ၈ ရှိ ငလျင်တစ်ခုလှုပ်ခတ်

**တိုကျို ဇွန် ၁၈**
ဂျပန်နိုင်ငံမြောက်ပိုင်း ယာမာဂါတာ စီရင်စုတွင် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိသော ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး ဆူနာမီရေလှိုင်းများ တစ်မီတာအထိ အမြင့်တက်လာနိုင်သည့်အတွက် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ကြေညာထားကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ယာမာဂါတာ၊ နီဂါတာနှင့် ရှီကာဝါ စီရင်စုကမ်းရိုးတန်းဒေသများတွင် ဆူနာမီ သတိပေးချက်များ ထုတ်ပြန်ကြေညာထားကြောင်း တာဝန်ရှိသူများက ဆိုသည်။ ထို့ပြင် အရှေ့ဂျပန်ရထားပို့ဆောင်ရေးကုမ္ပဏီက တိုကျိုမြို့နှင့် အိုမိုရီနှင့် နီဂါတာ စီရင်စုများသို့ ပြေးဆွဲလျက်ရှိသည့် ရှင်ကန်ဆန်ကျည်ဆန်ရထား ပြေးဆွဲမှုများကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာထားသည်။

အဆိုပါ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဂျပန်နိုင်ငံမြောက်ပိုင်းဒေသများတွင် လျှပ်စစ်ဓာတ်အားပေးမှုများ ပြတ်တောက်သွားကြောင်း တိုဟိုကုမ္ပဏီလျှပ်စစ်ဓာတ်အား ကုမ္ပဏီက ပြောကြားခဲ့သည်။ ယာမာဂါတာစီရင်စုရှိ အိမ်ထောင်စု ၅၉၀၀ ခန့်နှင့် နီဂါတာစီရင်စုရှိ အိမ်ထောင်စု ၃၂၀၀ တို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရသည်။ သို့သော် ငလျင်လှုပ်ခတ်မှုကြောင့် ဖူကူရှီးမား ဒိုင်အိချီ အပါအဝင် နျူကလီးယားစက်ရုံများတွင် ပုံမှန်ထက်ထူးခြားသောအခြေအနေများ ဖြစ်ပွားမှုမရှိကြောင်း အာဏာပိုင်များက ဆိုသည်။

ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှီဟီဒီ ဆူဂါက ငလျင်ဒဏ်သင့်ဒေသများရှိပြည်သူများအနေဖြင့် အာဏာပိုင်များ၏ သတိပေးချက်များကို လိုက်နာရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါ အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် နောက်ဆက်တွဲငလျင်များ ဆက်လက်ဖြစ်ပေါ်နိုင်သေးကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူး ယိုရှီဟီဒီ ဆူဂါက ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ငလျင်ဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်ရန်နှင့် ငလျင်ကြောင့်ဖြစ်ပွားသော အပျက်အစီးများနှင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားရှိသည့် လူဦးရေအရေအတွက်နှင့်ပတ်သက်ပြီး တိကျသေချာသော သတင်းအချက်အလက်များ ရရှိစေရေးအတွက် အစိုးရအဖွဲ့ဝင် တာဝန်ရှိသူများအား ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မြေငလျင်တစ်ခုလှုပ်၊ ၁၃ ဦးသေဆုံးပြီး ၁၉၉ ဦးဒဏ်ရာရ

**ပေကျင်း ဇွန် ၁၈**
တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဇွန် ၁၇ ရက် ဒေသစံတော်ချိန် ၁၀ နာရီ ၅၅ မိနစ်က ပြင်းအား မဂ္ဂနီကျူ ၆ ဒသမ ၀ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ခြင်းကြောင့် ၁၃ ဦးသေဆုံးပြီး ၁၉၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ဇွန် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ဇွန် ၁၈ ရက်တွင် လူပေါင်း ၇၃၁ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည့်အပြင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပိတ်မိနေခဲ့သော လူ ၂၀ ကို ကယ်ဆယ်ခဲ့ရကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားခဲ့သည်။ လုံခြုံရေးဆိုင်ရာစစ်ဆေးမှုများနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်လျက်ရှိပြီး ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန် မီးသတ်တပ်ဖွဲ့ဝင်များလည်း ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်လျက်ရှိကြောင်း သိရသည်။

အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်မှုများနှင့် ပျက်စီးမှုများကို အကဲဖြတ်နိုင်ရန်အတွက် တရုတ်နိုင်ငံ မြေငလျင်စီမံခန့်ခွဲရေးဌာနကလည်း ငလျင်ဒဏ်သင့်ဒေသများတွင် လူပေါင်း ၈၀ ဖြန့်ကြက်ထားသည်။ ထို့ပြင် ငလျင်ဒဏ်သင့်ဒေသများသို့ ရွက်ဖျင်တဲအလုံး ၅၀၀၀ နှင့် ခေါက်ခုတင်အလုံး ၁၀၀၀၀ ပေးပို့ထားကြောင်း သိရသည်။

အဆိုပါ မဂ္ဂနီကျူ ၆ ဒသမ ၀ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် လူဦးရေစုစုပေါင်း ၁၄၂၈၃၂ ဦး မြေငလျင်ဒဏ်ခံစားခဲ့ရပြီး လူနေအိမ် ၇၃ လုံး ပျက်စီးခဲ့ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အီဂျစ်သမ္မတဟောင်းမော်စီ တရားရင်ဆိုင်နေစဉ်အတွင်း ရုတ်တရက်လဲကျ သေဆုံး

**ကိုင်ရို ဇွန် ၁၈**
ဇွန် ၁၇ ရက်တွင် အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီသည် ကိုင်ရိုမြို့ရှိ တရားရုံးတစ်ခု၌ တရားရင်ဆိုင်နေစဉ်အတွင်း ရုတ်တရက်လဲကျကာ အသက်ဆုံးရှုံးသွားကြောင်း ယနေ့အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အသက် ၆၇ နှစ်ရှိသော သမ္မတဟောင်း မော်စီ သေဆုံးသွားပြီဖြစ်ကြောင်း အစိုးရရှေ့နေများက အတည်ပြုပြောကြားခဲ့သည်။

သမ္မတဟောင်း မိုဟာမက်မော်စီသည် ၂၀၁၂ ခုနှစ် အီဂျစ်နိုင်ငံ၏ပထမဆုံးဒီမိုကရေစီနည်းကျ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ နှစ်ပေါင်းသုံးဆယ်နီးပါး နိုင်ငံအတွင်းကျင့်သုံးခဲ့သည့် ဟွန်စ်နီမူဘာရက်၏ သက်ဦးဆံပိုင်အာဏာရှင်စနစ်ကို အဆုံးသတ်ခဲ့သည့် အာရပ်နွေဦးတော်လှန်ရေးပြီးနောက် တစ်နှစ်အကြာတွင် သမ္မတဟောင်း မိုဟာမက်မော်စီသည် အာဏာရရှိလာခဲ့သည်။ မွတ်စလင်ညီအစ်ကိုအဖွဲ့၏ထောက်ခံမှုကို အပြည့်အဝရရှိထားသော သမ္မတဟောင်း မော်စီအစိုးရအဖွဲ့ကို တစ်နှစ်အကြာတွင် ကာကွယ်ရေးတပ်ဖွဲ့က အာဏာပြန်လည်သိမ်းပိုက်ခဲ့သည်။

ထို့နောက် သမ္မတဟောင်းမော်စီအား လူသတ်မှု၊ သူလျှိုထောက်လှမ်းမှု အပါအဝင် အခြားသော ပြစ်မှုများဖြင့် စွဲချက်တင်ခဲ့ပြီး တရားရုံးက ထောင်ဒဏ်တစ်သက်တစ်ကျွန်း အမိန့်ချမှတ်ခဲ့သည်။ မွတ်စလင်ညီအစ်ကိုအဖွဲ့က သမ္မတဟောင်းမော်စီသေဆုံးမှုသည် အာဏာပိုင်များအနေဖြင့် ဆေးဝါးကုသမှုများ ခွင့်ပြုပေးခြင်းမရှိခဲ့သည့်အတွက် သေဆုံးခြင်းဖြစ်သည်ဟု အာဏာပိုင်များအား စွပ်စွဲလျက်ရှိသည်။

ထို့ပြင် အဆိုပါအဖွဲ့က သမ္မတဟောင်းမော်စီ၏ အသုဘအခမ်းအနားတွင် ပြည်သူများစုဝေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

အီဂျစ်အစိုးရက မွတ်စလင်ညီအစ်ကိုအဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည်။ သမ္မတဟောင်းမော်စီသေဆုံးမှုကြောင့် နိုင်ငံအတွင်း တင်းမာမှုများ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အေအက်ဖ်ပီ**





## အိန္ဒိယနိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ၂၀၀ ကျော်ရှိလာ

**နယူးဒေလီ ဇွန် ၁၈**
အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကျရောက်မှုကြောင့် သေဆုံးသူဦးရေ ၂၀၀ ကျော်ထိ မြင့်တက်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

နိုင်ငံအတွင်းရှိ အချို့ဒေသများတွင် အပူချိန် ၄၅ ဒီဂရီဆဲလ်ဆီးယပ်အထိ မြင့်တက်ခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် အပူချိန်မြင့်တက်မှုကြောင့်သေဆုံးသူဦးရေ ၂၀၇ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။ ဘီဟာပြည်နယ်အရှေ့ပိုင်းတွင် လယ်ကွင်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ အလုပ်လုပ်နေစဉ် အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ၈၃ ဦးရှိခဲ့သည်။ အဆိုပါပြည်နယ်၌ ယခုလအတွင်း ဦးနှောက်အမြေးရောင်ရောဂါဖြစ်ပွားခဲ့သည်။ ဦးနှောက်အမြေးရောင် ရောဂါကူးစက်ခံစား နေရသူအများစုမှာ အပူချိန်မြင့်တက်မှုကြောင့် သေဆုံးခဲ့ကြသည်ဟု အစီရင်ခံစာတစ်ရပ်အရ သိရသည်။

မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ တာဝန်ရှိသူများက ယခုနှစ်အတွင်း အပူချိန်မြင့်တက်မှုသည် ယခင်နှစ်များထက် ၅ ဒီဂရီ ပိုမိုမြင့်တက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

နိုင်ငံအတွင်းအပူချိန်မြင့်တက်မှုသည် မုတ်သုံရာသီဝင်ရောက်မှုနှောင့်နှေးသည့်အတွက် အခြေအနေပိုမိုဆိုးရွားခဲ့ခြင်းဖြစ်သည်ဟု မိုးလေဝသ တာဝန်ရှိသူများက ဆိုသည်။

အပူချိန် အလွန်အမင်းမြင့်တက်မှုသည် လာမည့် ရက်သတ္တပတ်လောက်အထိ ရှိနေမည်ဖြစ်သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



## အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ခန့် အရှေ့အလယ်ပိုင်းသို့ ထပ်မံစေလွှတ်

**ဝါရှင်တန် ဇွန် ၁၈**
အမေရိကန်ယာယီ ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်က အမေရိကန်ကာကွယ်ရေး တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်အား အရှေ့အလယ်ပိုင်းသို့ ထပ်မံဖြန့်ကြက်ရန် အမိန့်ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အီရန်နိုင်ငံ၏ ခြိမ်းခြောက်မှုများကို ကာကွယ်ရန် ရည်ရွယ်သည့်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသသို့ ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား တပ်ဖြန့်ထားရှိခြင်းဖြစ်ကြောင်း ဇွန် ၁၇ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ပြောကြားခဲ့သည်။

အမေရိကန်အစိုးရက အိုမန်ပင်လယ်ကွေ့တွင် ဖြစ်ပွားခဲ့သော ရေနံတင်သင်္ဘောများ တိုက်ခိုက်ခြင်းခံရမှုတွင် အီရန်နိုင်ငံပါဝင်ပတ်သက်ခြင်းရှိသည်ဟု စွပ်စွဲပြစ်တင်ပြောကြားခဲ့သည်။ သို့သော် အီရန်အစိုးရက အဆိုပါစွပ်စွဲမှုကို ပယ်ချခဲ့သည်။

**ဆုံးဖြတ်ထား**

အမေရိကန်အနေဖြင့် အီရန်နှင့် ပဋိပက္ခ ဖြစ်ပွားရန် ရည်ရွယ်ထားခြင်းမရှိကြောင်း အမေရိကန်ယာယီ ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်က ပြောကြားခဲ့သည်။ သို့သော် အရှေ့အလယ်ပိုင်းဒေသတွင် အီရန်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မဟာမိတ်များက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အကျိုးစီးပွားကို ခြိမ်းခြောက်လျက်ရှိပါကြောင်း ရေနံတင်သင်္ဘောများတိုက်ခိုက်ခံရမှုကို ပမာထားပြောကြားခဲ့သည်။

အမေရိကန် လေယာဉ်တင်သင်္ဘောနှင့်ဗုံးကြဲလေယာဉ်များကို အရှေ့အလယ်ပိုင်းသို့ ဖြန့်ကြက်ထားပြီးဖြစ်သည်။ ထို့ပြင် အမေရိကန်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၅၀၀ အား ထပ်မံစေလွှတ်မည်ဖြစ်သည်ဟု မေလက ဆုံးဖြတ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

ကြေးမုံ



# အင်ဒိုနီးရှားနိုင်ငံ၌ ခရီးသည်တင်လှေ နစ်မြုပ်၊ လူ ၁၈ ဦး သေဆုံး

**ဂျကာတာ ဇွန် ၁၈**

အင်ဒိုနီးရှားနိုင်ငံတွင် ဇွန် ၁၈ ရက်က လှေတစ်စင်း နစ်မြုပ်ခဲ့ရာ လူ ၁၈ ဦး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှား အာဏာပိုင်များက ပြောကြားသည်။

ဝန်ချိန်မတန်တဆ တင်ဆောင်လာသည့် အဆိုပါ ခရီးသည်တင် လှေတစ်စင်းသည် ခရီးသည် ၆၀ ကျော်နှင့် အတူ မာဒူရာကျွန်းအနီးရှိ ဂျာဗားကမ်းလွန်ပင်လယ်၌ ရေလှိုင်းလုံးကြီး ရိုက်ခတ်ခံခဲ့ရပြီးနောက် ဇွန် ၁၇ ရက်တွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လှေတိမ်း မှောက်မှုတွင် ကလေးငယ်အများအပြား အပါအဝင် လူ ၁၈ ဦး သေဆုံးခဲ့ပြီး ကျန် လူ ၃၉ ဦးသည် အသက်ရှင် လွတ်မြောက်ခဲ့ရကြောင်း အင်ဒိုနီးရှား ရှာဖွေကယ်ဆယ် ရေး အေဂျင်စီက ပြောကြားသည်။

အဆိုပါ လှေတိမ်းမှောက်မှုတွင် လူလေးဦးထက် မနည်း ပျောက်ဆုံးလျက်ရှိရာ အင်ဒိုနီးရှားအစိုးရက ကယ်ဆယ်ရေးသင်္ဘော အုပ်စုတစ်စု၊ လေယာဉ်တစ်စင်းနှင့် ဒေသဆိုင်ရာ ငါးဖမ်းလှေများကို အခင်းဖြစ်ပွားရာ ရေပြင်




သို့ စေလွှတ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

သို့သော် ဒေသဆိုင်ရာသတင်းများ၏ ဖော်ပြချက် အရ လှေပေါ်စီးနင်းလိုက်ပါလာသည့် တရားဝင်ခရီးသည် စာရင်းတွင် မပါရှိသည့် အခြားခရီးသည်များလည်း လှေပေါ်၌ ပါရှိနိုင်ဖွယ်ရှိရာ ပျောက်ဆုံးနေသူများသည် လေးဦးထက် ပိုမိုများပြားနိုင်ကြောင်း သိရသည်။ အလျား ၁၀ မီတာခန့် ရှည်လျားသည့် အဆိုပါလှေသည် ဝန်ချိန် လွန်ကဲမှုကြောင့် နစ်မြုပ်ခြင်းဖြစ်ဖွယ်ရှိပြီး လှေနစ်မြုပ်မှု ကို အနီးအနားရှိ ရေလုပ်သားများက တွေ့မြင်ခဲ့ခြင်းဖြစ် ကြောင်း အရှေ့ဂျာဗားပြည်နယ်ဆိုင်ရာ ရဲတပ်ဖွဲ့ ပြောရေး ဆိုခွင့်ရှိသူ ဖရန်စ်ဘာရုန်မန်ဂျရာက ပြောကြားသည်။

ကျွန်းစုပေါင်း ၁၇၀၀၀ ဖြင့် ဖွဲ့စည်းတည်ဆောက် ထားသည့် အင်ဒိုနီးရှားနိုင်ငံတွင် ပင်လယ်ဆိုင်ရာ ဘေးကင်းလုံခြုံမှု စံချိန်စံညွှန်း မပြည့်မီသော်ငြားလည်း ဒေသခံပြည်သူအများအပြားသည် ကူးတို့လှေများနှင့် အခြားလှေများကို အသုံးပြုပြီး ခရီးသွားလာရာတွင် အဓိက အသုံးပြုလျက်ရှိကြသည်။ ယမန်နှစ်က ဆူမတြား ကျွန်းအနီး ရေပြင်တစ်နေရာတွင် ခရီးသည်တင်လှေ တစ်စင်း နစ်မြုပ်ခဲ့ရာ လူ ၁၆၀ ကျော် အသက်ဆုံးရှုံးခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# ဖိလစ်ပိုင်တပ်မတော်အား တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးဆိုင်ရာ နည်းစနစ် အစ္စရေး လေ့ကျင့်သင်ကြားမည်

**မနီလာ ဇွန် ၁၈**

အစ္စရေးတပ်မတော်မှ ကျွမ်းကျင်ပညာရှင်အသင်း တစ်သင်းသည် တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးဆိုင်ရာ နည်းစနစ်များကို ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား လေ့ကျင့် သင်ကြားပေးရန် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း ဖိလစ်ပိုင်တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ဇွန် ၁၈ ရက်တွင် ပြောကြားသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့မှ အကြမ်းဖက်မှုနှိမ်နင်း ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၁၀ ဦးသည် ဖိလစ်ပိုင် တပ်မတော်၏ လက်ရွေးစင်တပ်ဖွဲ့မှ အရာရှိ ၁၇၅ ဦးကို ဇွန် ၂၆ ရက်မှ ဇူလိုင် ၄ ရက်အထိ ပထမအကြိမ်အဖြစ် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း ဖိလစ်ပိုင် တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ရာမွန်းဇာဂလာက ပြောကြားသည်။

အစ္စရေးနိုင်ငံသည် တန်ပြန်အကြမ်းဖက်နှိမ်နင်းရေး ဆိုင်ရာ ၎င်း၏ ကျယ်ပြန့်သောအတွေ့အကြုံကို ဖိလစ်ပိုင် တပ်မတော်အား ဝေမျှလိုသလို အကြမ်းဖက်မှုနှိမ်နင်း ရာတွင် ၎င်းတို့ အသုံးပြုလျက်ရှိသော နည်းပညာကို လည်း ဖိလစ်ပိုင်တပ်မတော်အား မိတ်ဆက်ပေးလိုကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

အကြမ်းဖက်ဝါဒသည် အလွန်ရှုပ်ထွေးသောအရာ ဖြစ်ရာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ် ကြောင်း၊ ယခုအခါ ပြည်တွင်းဖြစ် အကြမ်းဖက်သမားများ သည် နိုင်ငံတကာ အကြမ်းဖက်အုပ်စုများနှင့် ချိတ်ဆက် ထားပြီးဖြစ်ရာ မိမိတို့အနေဖြင့် တန်ပြန်အကြမ်းဖက် နှိမ်နင်းရေးနယ်ပယ်တွင် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ဇာဂလာက ဆက်လက် ပြောကြားသည်။ ဖိလစ်ပိုင်အထူးတပ်ဖွဲ့သည် အစ္စရေး ကျွမ်းကျင်သူများထံမှ လေ့လာသင်ယူထားသည့် ကျွမ်းကျင်မှုများနှင့် အသိအမြင်ဗဟုသုတများကို ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များသို့ မျှဝေကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးဆိုင်ရာ လေ့ကျင့် သူများ၏သင်တန်း”ဟု အမည်ပေးထားသည့် အဆိုပါ သင်တန်းသည် အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာ တပ်ဖွဲ့ဝင် များ၏ကျွမ်းကျင်မှု တိုးမြှင့်ရေးအတွက် ဖိလစ်ပိုင် တပ်မတော်၏ အစီအစဉ်တစ်ရပ်ပင်ဖြစ်ကြောင်း ဖိလစ်ပိုင် တပ်မတော်အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး မာကိုင်ရော့် အယ်လ်ဘာတိုက ပြောကြားသည်။

ဖိလစ်ပိုင်တပ်မတော်သည် ၂၀၁၇ ခုနှစ် မေလက ဖိလစ်ပိုင်နိုင်ငံ တောင်ဘက်ရှိ မာရာဝီမြို့ကို အကြမ်းဖက် သမားများက ထိန်းချုပ်ခဲ့ပြီးနောက် အကြမ်းဖက်သမား များအပေါ် ငါးလကြာ တိုက်ပွဲဆင်နွှဲခဲ့ရာ ပြည်သူ ၂၀၀၀၀၀ ကျော် နေအိမ်စွန့်ခွာပြီး လူ ၁၂၀၀ ကျော် အသက်ဆုံးရှုံး ခဲ့ရကြောင်း သိရသည်။



Balikatan 2017 **စစ်ရေးလေ့ကျင့်မှု ပြုလုပ်စဉ်က ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်။**

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# အမေရိကန်က ဆိုမာလီယာနိုင်ငံသို့ ဒေါ်လာ ၁၈၅ သန်း ပံ့ပိုးကူညီ

**မိုဂါဒစ်ရှူး ဇွန် ၁၈**

အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီ (USAID) သည် စိုးရိမ်ဖွယ်ရာ စားနပ်ရိက္ခာပြတ်လပ်မှု ကြုံတွေ့နေရသော ဆိုမာလီယာပြည်သူများသို့ အမေရိကန် ဒေါ်လာ ၁၈၅ သန်း တန်ကြေးရှိ လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့သည်။

ငွေကြေးအကူအညီများက စားနပ်ရိက္ခာ မလုံလောက်မှုနှင့် စိုးရိမ်ဖွယ်ရာ အာဟာရ ချို့တဲ့မှုကို ဖြေရှင်းပေးပြီး ဘေးအန္တရာယ် ကင်းသော သောက်သုံးရေနှင့် ပဋိပက္ခနှင့် မိုးခေါင်ရေရှားမှုဘေးသင့် ဆိုမာလီယာ ပြည်သူများအတွက် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း USAID အုပ်ချုပ်ရေးမှူး မတ်ခ် ဂရင်းက ဇွန် ၁၇ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ခုအတွင်း ပြောကြားခဲ့ သည်။ အာဖရိကဦးချိုဒေသရှိ ဆိုမာလီယာ နိုင်ငံမှာ လက်ရှိအချိန်၌ အရေးပေါ် အငတ် ဘေးကြုံတွေ့နေရပြီး ခန့်မှန်းခြေအားဖြင့် ပြည်သူ ၂ ဒသမ ၂ သန်းခန့်မှာ အသက် အန္တရာယ်ကို ခြိမ်းခြောက်နေသော စားနပ် ရိက္ခာမလုံလောက်မှု ရင်ဆိုင်နေရပြီး စားနပ် ရိက္ခာအကူအညီ လိုအပ်လျက်ရှိသည်။

၂၈ နှစ်ကျော် ပိတ်ထားခဲ့သည့် ဆိုမာလီယာနိုင်ငံရှိ USAID အမြဲတမ်းရုံးကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ဇွန် ၁၇ ရက်တွင် အမေရိကန်ပြည်ထောင်စုက ကြေညာခဲ့သည်။ မစ်ရှင် ညွှန်ကြားရေးမှူး ဂျက်ဖရီဘတ်ခ်မင်း ဦးဆောင်သော USAID အဖွဲ့သည် ဆိုမာလီယာနိုင်ငံ၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ရှေ့ဆက်လုပ်ဆောင်ရန် ဆိုမာ လီယာအစိုးရနှင့် လက်တွဲဆောင်ရွက်မည် ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**




# ကမ္ဘာ့ဘဏ်က ဥဇဘက်ကစ္စတန်သို့ ချေးငွေ ဒေါ်လာ သန်း ၅၀၀ ပေးအပ်

**တက်ရှ်ကင့် ဇွန် ၁၈**

အလုပ်အကိုင်အခွင့်အလမ်း များပြားလာစေ ရန်နှင့် ပြည်သူများ သာယာဝပြောရန် ရည်ရွယ်သည့် စီးပွားရေးအသွင်ကူးပြောင်းမှု နှင့် ဈေးကွက်ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးကူညီရန် ဥဇဘက်ကစ္စတန်နိုင်ငံသို့ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ပေးအပ်ရန် ကမ္ဘာ့ဘဏ်က အတည်ပြုခဲ့ ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံရှိ ကမ္ဘာ့ဘဏ် ရုံးခွဲက ပြောကြားသည်။

ပိုမိုကောင်းမွန်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ဖန်တီးရေးအတွက် စီးပွားရေးပိုမိုကောင်းမွန်စေသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အားပေးမည့် ဖွံ့ဖြိုး တိုးတက်မှုမူဝါဒဆောင်ရွက်ခြင်း (DPO) မှ တစ်ဆင့် ချေးငွေများကို ဥဇဘက်ကစ္စတန် နိုင်ငံက ရရှိမည်ဖြစ်သည်။ ပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ သိသာထင်ရှား သော ပံ့ပိုးမှုကြောင့် ဥဇဘက်ကစ္စတန်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက် လုပ်ဆောင်နေကြောင်း ဥဇဘက်ကစ္စတန် နိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်မန်နေဂျာ ဟီဒဲကီ မိုရီက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြော သည်။ ဖွံ့ဖြိုးတိုးတက်မှုမူဝါဒဆောင်ရွက်ခြင်း (DPO) မှာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကို အားပေးရန်၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရန်နှင့် ပြည်သူများအတွက် ပိုမို ကောင်းမွန်သော လူမှုရေးဆိုင်ရာ အကျိုး ကျေးဇူးများရရှိစေရန် မရှိမဖြစ်လိုအပ်သည့် အပြောင်းအလဲများဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် စီမံကိန်း ၂၂ ခုမှ တစ်ဆင့် ဥဇဘက်ကစ္စတန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ ထောက်ပံ့ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြား သည်။ ဥဇဘက်ကစ္စတန်နိုင်ငံသည် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် လွန်ခဲ့ သော နှစ်နှစ်ကတည်းက စီးပွားရေးပြုပြင် ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ကျော်ထိုက်စိုး**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးနှင့် လက်နက်များ သိမ်းဆည်းရမိ



မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု မယ်ကြုတ်ကျေးရွာ(အခါရွာသစ်)နေ အဲ့ကျိုး၏နေအိမ်မှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၈**

တန့်ဆည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၇ ရက် နံနက် ၆ နာရီခွဲက တန့်ဆည်မြို့ ပေါ်ဦးရပ်ကွက်ရှိ တင်ဝင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၂၂၄ ဒသမ ၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၅ ပြားနှင့် ငွေကျပ် ၂၄၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

**ကျောက်ဆည်**

အလားတူ ယင်းနေ့ည ၉ နာရီတွင် မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာအနီးလမ်းတွင် မောင်ဝင်း(ခ) ထွန်းထွန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကျောက်ဆည်မြို့ မန္တလေး-ရန်ကုန်ကားလမ်းမဘေး ပေါက်တောမီးပွိုင့်အနီးတွင် နှင်းမောင်(ခ)နှင်းဝေမောင်အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိ၍ စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၁၀ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ဖယ်ခုံ**

ထိုနေ့ ညနေ ၄ နာရီခွဲတွင် ဖယ်ခုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် လွိုင်ကော်-မိုးဗြဲသွားကားလမ်းတွင်တွေ့ရှိသူ မောင်ရှို့အား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေး ခြောက်ပြားကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စု ပွဲကုန်း(၃)ရပ်ကွက်နေ မာရီနို့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၊ နေအိမ်ရှိမော်တော်ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

**မိုင်းဆတ်**

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီတွင် တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၂၉)မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု မယ်ကြုတ်ကျေးရွာ (အခါရွာသစ်)နေ အဲ့ကျိုး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ စတိုခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀၀၀၊ ဘိန်းဖြူ ၁၄ ဒသမ ၄ ကီလို၊ လက်နက်မျိုးစုံ ၁၅ လက်နှင့် ခဲယမ်းတို့ကို လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီခွဲက ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာအနီး လူမနေသည့် ခြံဝင်းအတွင်းတွင် မြေကျင်းတူး၍ သိုဝှက်ထားသည့် ကဖင်း ၆၆ ကီလို၊ ဆိုဒီယမ်ဟိုက်ဒြောဆိုက် ၂၆၄ ကီလို၊ အီသိုင်းအီသာ ခြောက်လီတာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၄၀၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းတို့ကိုလည်းကောင်း၊ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## လူကုန်ကူးခံရသူ အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦးအား တရုတ်နိုင်ငံမှ ပြန်လည်လွှဲပြောင်းပေး

**နေပြည်တော် ဇွန် ၁၈**

မူဆယ်မြို့ နန်းတော်စစ်ဆေးရေးဂိတ်၌ လူကုန်ကူးခံရသူ အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦးတို့အား ဇွန် ၁၃ ရက် ညနေ ၅ နာရီခွဲက တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် မုန်းယုကျေးရွာနေ မ----(၃၁)နှစ်နှင့် သားနှစ်ဦးအား မလီမိန်ကျိန်၊ မောင်လီရှင်းဖ နှင့် မရန်မြင့်ရီတို့က သွေးဆောင်စည်းရုံးပြီး မ----နှင့် တစ်နှစ်အရွယ်သားတစ်ဦးအား တရုတ်နိုင်ငံ လုံလင်မြို့နယ် ကျိန်းအမ်းရွာနေ တရုတ်အမျိုးသား ရှောက်မုန့်လင်ဆိုသူထံသို့ လည်းကောင်း၊ ကျန်သားတစ်ဦးဖြစ်သူ မောင် ----(၄)နှစ်အား ထိန်ချုံးမြို့နေ တရုတ်မိသားစုထံသို့ လည်းကောင်း ရောင်းချခဲ့ကြောင်း။

လူကုန်ကူးခံရသူ မ----နှင့် သားနှစ်ဦးအား ပြန်လည်ကယ်တင်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (လွယ်ဂျယ်)နှင့် မူဆယ်မြို့ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးတို့က တရုတ်နိုင်ငံ ထိန်ချုံးရဲဌာန၊ လုံလင်ရဲဌာန၊ ရွှေလီမြို့ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မ----နှင့် သားနှစ်ဦးတို့အား ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် မလီမိန်ကျိန်၊ မောင်လီရှင်းဖနှင့် မရန်မြင့်ရီတို့အား နမ့်ခမ်းမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် ဇွန် ၁၇ ရက်တွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ ကားမောင်းလျှင် ထိုင်ခုံခါးပတ် ပတ်ရန်
- ၇း၄၀ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၈း၃၅ "FDA ၏ လက်ရှိဆောင်ရွက်ချက်များနှင့် ရှေ့ဆက်မည့်လုပ်ငန်းစဉ်များ" (ဒုတိယပိုင်း)
- ၉း၁၀ သတ်မှတ်အမြန်နှုန်း
- ၉း၁၅ မွေးမြူရေးရာအဖြေရှာ "ပေတောဉစားကြက်မွေးမြူရေးခြံ" (တပ်ကုန်းမြို့)
- ၉း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင်-ခင်ဝင့်ဝါ)
- ၁၀း၃၀ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ (ကာတွန်း)
- ၁၀း၃၅ ပြည်သူ့နီတိ "ဆရာရှိသည်" (ဇာတ်သိမ်း)
- ၁၁း၂၀ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၁း၃၅ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
- ၁၂း၃၀ မြို့ပြဟင်းလင်းပြင်များ
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၁၁၁)
- ၁၃း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၃၁)
- ၁၄း၀၅ ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ
- ၁၄း၂၅ "သဘာဝအဆင်အသွေးနဲ့ ထင်ရေးလို့အလှခြယ်"
- ၁၅း၂၀ "သုဝဏ္ဏသာမဇာတ်တော်" (ပထမပိုင်း) (မန္တလေးသိန်းဇော်နှင့်အဖွဲ့)

**ညပိုင်း**

- ၁၆း၂၅ ပင်ပန်းနွမ်းနယ်စဉ် ယာဉ်မမောင်းပါနှင့်၊ လန်းဆန်းတက်ကြွမှမောင်းနှင်ပါ
- ၁၆း၄၅ "သတိတစ်ချက်ကလေးတို့အသက်"
- ၁၇း၀၅ "မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်လျှော့ချရေး လူထုအသံ" (အပိုင်း-၁)
- ၁၇း၁၀ "လှေလှော်ရှာဖွေတရုတ်မြေ"
- ၁၇း၃၅ MRTV Travelogue
- ၁၇း၅၅ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်
- ၁၈း၂၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "သားတစ်ယောက်ကိုသာမြင်သည်" (ဦးခင်မောင်ချင်း၊ ဦးဇော်မှိုင်း၊ ဦးဝင်းမြိုင်၊ ကောင်းဟိန်း၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်ဝင်းဝင်းဝါ) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ))
- ၁၈း၅၅ LPG Liquefied Petroleum Gas
- ၁၉း၂၅ မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၂၅)(ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ-ဘိုသန့်)
- ၁၉း၄၀ "ယုံကြည်မှုနှင့်အောင်မြင်မှုကို တည်ဆောက်သူ မသဇင်ဝင်း"
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -လျှင်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (အပိုင်း-၁) (ရပ်ကွက်)
- ၂၀း၃၅ "ဒေါနတောင်တန်းဆီက ရိုးရှင်းလှတဲ့သူတို့ဘဝ" -နိုင်ငံခြားဇာတ်လမ်းတွဲ "ယောကျ်ားတံခွန်" (အပိုင်း-၁၆) -အစီအစဉ်ပြီး၏။

## ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၈**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇွန် ၁၄ ရက်မှ ၁၆ ရက်အတွင်း သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမှတ်(၁) လမ်းမကြီး လှည်းကူးမြို့အထွက် Toll Gate နေရာ၌ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် သတ္တိ၊ သင်္ဂတူခွဲသား ၇ ဒသမ ၁၅၄၈ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးအား မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင် (အတက်) ကားလမ်း(၁၆)မိုင် စစ်ဆေးရေးစခန်း (အတက်) စင်နေရာတွင် (၁၂)ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၆ ဒသမ ၀၉၃၀ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦး၊ ထို့အတူ ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင် (အတက်၊ အလယ်)ကားလမ်း (၁၆)မိုင် စစ်ဆေးရေးစခန်းတွင် Hyundai Starex ယာဉ်ပေါ်မှ တရားမဝင် နံ့သာဖြူ ၁၄၁ ပိဿာ၊ ပြစ်မှုကျူးလွန်သူ



သုံးဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးသက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ဇန်းမောက်မြို့နယ်တွင် ကျဉ်စက်ဖြင့် ငါးရှော့တိုက်ဖမ်းသူ ဓာတ်လိုက်သေဆုံး

**ဇန်းမောက် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် ကော်တာကျေးရွာအနီး ချောင်းအတွင်း ငါးများကို ကျဉ်စက်ဖြင့် ရှော့တိုက်ဖမ်းသူ ဓာတ်လိုက်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း သတင်းအရ ဇန်းမောက်မြို့မရဲစခန်းမှ ရဲအုပ်ခင်သိန်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ ပင်လည်ဘူးမြို့နယ် မော်လင်ကျေးရွာနေ အောင်ဟိန်းသည် ဇန်းမောက်မြို့နယ် ကော်တာကျေးရွာအနီး ခွေလုံချောင်းအတွင်း ငါးများကို ကျဉ်စက်ဖြင့် ရှော့တိုက်ငါးဖမ်းနေစဉ် ဓာတ်လိုက်၍ ချောင်းအတွင်း သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရပြီး ဇန်းမောက်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မိုးကောင်း၌ ရထားနှင့် ဆိုင်ကယ်တိုက်မိ

**မိုးကောင်း ဇွန် ၁၈**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဇွန် ၁၈ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က မြစ်ကြီးနား-နဘား အစုန်ခေါက်ပြန်ရထားနှင့် တရားမဝင် မီးရထားသံလမ်းကူး ဖြတ်ကျော်မောင်းနှင်သည့် ဆိုင်ကယ်တို့ တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ က မြစ်ကြီးနား-နဘား အစုန်ခေါက်ပြန်ရထားသည် မိုးကောင်းမြို့အဝင် မီးရထားမိုင်တိုင် (၆၈၆/၁၁) နှင့် (၆၈၆/၁၀) ကြားအရောက်၌ ဈေးကုန်းရပ်ကွက်မှ နတ်ကြီးကုန်းရပ်ကွက်သို့ တရားမဝင် မီးရထားသံလမ်းကူးအား မောင်အောင်စု ဆိုင်ကယ်ဖြင့် မောင်းနှင်ဖြတ်စဉ် တိုက်မိခဲ့သဖြင့် အောင်စုမှာ ဒဏ်ရာရရှိ၍ မိုးကောင်းဆေးရုံမှ မြစ်ကြီးနားဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

**အခန်း (၁၁)**

**ရာဇဝတ်ကြောင်းအရ အရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များ**

**ရာဇဝတ်ကြောင်းအရ အရေးယူခြင်းဆိုင်ရာ ယေဘုယျပြဋ္ဌာန်းချက်များ**

၇၅။ (က) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေတွင်လည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်တွင်လည်းကောင်း သတ်မှတ်ဖော်ပြထားသည့် ပြစ်မှုတစ်ရပ်ကို စုံစမ်းစစ်ဆေးနိုင်သည်။

(ခ) ဤဥပဒေအရ အရေးယူဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဂ) ဤဥပဒေအရ အရေးယူဆောင်ရွက်ချက်သည် အခြားဥပဒေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်သည့် ရာဇဝတ်ကြောင်းအရ အရေးယူဆောင်ရွက်ချက်အပေါ် သက်ရောက်မှု မရှိစေရ။

**တရားစွဲဆိုရန် ကာလစည်းကမ်းသတ်**

၇၆။ ဤအခန်းအရ တရားစွဲဆိုဆောင်ရွက်ရာ၌ အောက်ပါကာလများတွင် စတင်ဆောင်ရွက်နိုင်သည်-

(က) စွပ်စွဲထားသည့်ပြစ်မှုသည် ပြုလုပ်မှုတစ်ခုကို ဆောင်ရွက်ခြင်းဖြစ်ပါက ယင်းပြုလုပ်မှုကို ဆောင်ရွက်ပြီးနောက် ၁၂ နှစ်အတွင်း၊

(ခ) စွပ်စွဲထားသည့်ပြစ်မှုသည် လိုက်နာဆောင်ရွက်ရမည့်တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်သည့် ကိစ္စရပ်ဖြစ်ပါက ယင်းပျက်ကွက်မှုဖြစ်ပွားပြီးနောက် ၁၂ နှစ်အတွင်း သို့မဟုတ် ယင်းထက်နောက်ကျ၍သိရှိရပါက ညွှန်ကြားရေးမှူးချုပ်က ပျက်ကွက်မှုကို သိရှိပြီး နောက်သုံးနှစ်အတွင်း သို့မဟုတ်

(ဂ) စွပ်စွဲထားသည့်ပြစ်မှုသည် ပုဂ္ဂိုလ်တစ်ဦးက အခွန်ဥပဒေတစ်ရပ်ရပ်အရ ယင်းပုဂ္ဂိုလ်၏ အခွန်တာဝန်ဆိုင်ရာ သတင်းအချက်အလက်ကို ဖော်ပြမှုမရှိခြင်း သို့မဟုတ် မမှန်မကန်ဖော်ပြခြင်းဖြစ်ပါက ထိုအခွန်ကာလအတွက် ယင်းပုဂ္ဂိုလ်၏ မှန်ကန်သော အခွန်တာဝန်ကို အပြီးသတ်အတည်ပြုပြီး နောက်သုံးနှစ်အတွင်း။

**အခွန်ရှောင်တိမ်းခြင်း (Tax Evasion)**

၇၇။ မည်သူမဆို အခွန်စည်းကြပ်မှုပြုခြင်း၊ ပေးဆောင်စေခြင်း၊ ကောက်ခံခြင်းကို သိလျက်နှင့် တမင်ရှောင်တိမ်းခြင်း သို့မဟုတ် ရပိုင်ခွင့်မရှိသည့် ပြန်အမ်းငွေကိုရရှိရန် သိလျက်နှင့် တမင်ကြံရွယ်ချက်ဖြင့် တောင်းခံခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းနှင့် သက်ဆိုင်ရာကာလအတွက် ထိုသူက ရှောင်တိမ်းခဲ့သည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏတို့အနက် များရာငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားခြင်း**

၇၈။ (က) မည်သူမဆို အခွန်ဝန်ထမ်းက ဤဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုဆောင်ရွက်ခြင်းကို တမင်ဟန့်တားခြင်း သို့မဟုတ် ဟန့်တားရန် အားထုတ်ခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ဤပုဒ်မ၏ ရည်ရွယ်ချက်များအလို့ငှာ ဤဥပဒေကို ကျင့်သုံးဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေအရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားသည်ဟုမှတ်ယူရမည်-

(၁) ထိန်းသိမ်းထားသည့် စာတမ်းအမှတ်အသားများ၊ မှတ်တမ်းများ သို့မဟုတ် ကိန်းဂဏန်းအချက်အလက်များကို စစ်ဆေးရန် အခွန်ဝန်ထမ်းက ဥပဒေနှင့်အညီ တောင်းခံခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၂) အခွန်ဝန်ထမ်းရှေ့မှောက်သို့ လာရောက်ရန် ဥပဒေနှင့်အညီ ဆင့်ဆိုမှုအပေါ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(၃) လုပ်ငန်းပရဝဏ် သို့မဟုတ် နေထိုင်ရာနေရာတစ်ခုခုသို့ အခွန်ဝန်ထမ်း၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူနှင့် အဖွဲ့တို့က ဥပဒေနှင့်အညီ ဝင်ရောက်ခွင့်ကို တားမြစ်ခြင်းနှင့် နှောင့်ယှက်ခြင်း၊

(၄) အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားရန်အလို့ငှာ အခွန်ကြေညာလွှာ တင်သွင်းရန် ပျက်ကွက်ခြင်း၊

(၅) မမှန်ကန်သော သို့မဟုတ် မိမိနှင့်မသက်ဆိုင်သော အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို အသုံးပြုခြင်း၊

(၆) မမှန်ကန်သော ငွေတောင်းခံလွှာ၊ အရောင်းပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုကို ထုတ်ပေးခြင်း၊

(၇) အခွန်ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်ဘဲ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စုသို့မဟုတ် မြီရှင်မှတ်စုများကို ပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန် ပျက်ကွက်ခြင်း၊

(၈) ညွှန်ကြားရေးမှူးချုပ်အား မြေစစ်ဆေးခွင့် သို့မဟုတ် တိုင်းတာခွင့်ပြုရန် ငြင်းဆန်ခြင်း သို့မဟုတ် မြေပုံ၊ ပုံစံ၊ ပိုင်ဆိုင်ကြောင်းပြစာချုပ်၊ အငှားစာချုပ်၊ အခြားစာချုပ်စာတမ်း သို့မဟုတ် အခြားစာတမ်း အမှတ်အသားတို့ကို စစ်ဆေးနိုင်ရေးအတွက် ထုတ်ပေးရန် ငြင်းဆန်ခြင်း၊

(၉) အခွန်ကိုသတ်မှတ်ဆုံးဖြတ်ခြင်း၊ စည်းကြပ်မှုပြုခြင်း သို့မဟုတ် ကောက်ခံခြင်းကို အခြားတစ်နည်းနည်းဖြင့် ဟန့်တားခြင်း။

(ဂ) ကုန်စည်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူက ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ၏ သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ တတ်နိုင်သမျှ ဂရုတစိုက် ဆောင်ရွက်ခဲ့ပြီး အဆိုပါ သတင်းအချက်အလက်များသည် မှန်ကန်သည်ဟု လုံလောက်သော အကြောင်းအရင်းများအရ ယုံကြည်ခဲ့ပါလျှင် ယင်းကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူ၏ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မြီစားမှတ်စု သို့မဟုတ် မြီရှင်မှတ်စုများနှင့် သက်ဆိုင်သည့် သို့မဟုတ် ယင်းတို့တွင် ထည့်သွင်းဖော်ပြထားရန် လိုအပ်သည့် ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူနှင့်စပ်လျဉ်းသည့် (ယင်းပုဂ္ဂိုလ်၏ မှတ်ပုံတင်ထားမှုအခြေအနေ သို့မဟုတ် အခွန်ထမ်း မှတ်ပုံတင်အမှတ်အပါအဝင်) သတင်းအချက်အလက် မှားယွင်းမှု သို့မဟုတ် မပြည့်စုံမှုတစ်စုံတစ်ရာကြောင့် အဆိုပါ ကုန်စည်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူသည် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၆) နှင့် (၇) တို့အရ အခွန်စီမံအုပ်ချုပ်မှုကို ဟန့်တားသည်ဟု မှတ်ယူခြင်း မပြုရ။

**အားပေးကူညီခြင်း**

၇၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခံရမည်။

**လျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် ပျက်ကွက်ခြင်း**

၈၀။ မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ လျှို့ဝှက်ကိစ္စဟုမှတ်ယူသည့် ကိစ္စရပ်များကို ထိန်းသိမ်းရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဂ္ဂိုလ်စုလုပ်ငန်းများက ကျူးလွန်သည့် ပြစ်မှုများ**

၈၁။ (က) ဤဥပဒေအရ ပြစ်မှုတစ်ခုကို ပုဂ္ဂိုလ်စုတစ်ခုက ကျူးလွန်လျှင်-

(၁) ကုမ္ပဏီဖြစ်ပါက ယင်းကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် သို့မဟုတ် အလားတူအဆင့်ရှိသည့် အရာရှိအသီးသီးက ယင်းပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။

(၂) အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ဖြစ်ပါက ယင်းအစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ အစုဝင် သို့မဟုတ် အရာရှိအသီးသီးက ယင်းပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်တစ်ဦး၏ ဆောင်ရွက်ချက်သည် အောက်ပါ အချက်များနှင့် ညီညွတ်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူခြင်းမပြုရ-

(၁) ယင်းပုဂ္ဂိုလ်၏ သဘောတူညီမှုမရှိဘဲ သို့မဟုတ် သိရှိခြင်းမရှိဘဲ ပြစ်မှုကို ကျူးလွန်ခဲ့ခြင်း၊

(၂) ယင်းပုဂ္ဂိုလ်သည် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန်အတွက် ယင်း၏လုပ်ငန်းတာဝန်သဘောသဘာဝနှင့် အခြေအနေအားလုံးအရ ဆောင်ရွက်နိုင်သမျှ အတိုင်းအတာအထိ အစွမ်းကုန်အားထုတ်ဆောင်ရွက်ခဲ့ခြင်း။

**အခွန်ဝန်ထမ်း၏ ပြစ်မှုများ**

၈၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ရာတွင် မည်သည့်အခွန်ဝန်ထမ်းမဆို အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အရေးယူအပြစ်ပေးခြင်းခံရမည်-

(က) အခွန်ဝန်ထမ်းတစ်ဦးသည် တရားဝင်ရပိုင်ခွင့်မရှိသည့် ငွေကြေး သို့မဟုတ် ငွေကြေးမဟုတ်သည့် ပေးကမ်းမှု သို့မဟုတ် ချီးမြှင့်မှုကိုဖြစ်စေ၊ ယင်းသို့ပေးကမ်းရန် သို့မဟုတ် ချီးမြှင့်ရန်အတွက် ကတိပြုချက် သို့မဟုတ် အာမခံချက်တစ်ရပ်ရပ်ကိုဖြစ်စေ ယင်းအခွန်ဝန်ထမ်း၏ တာဝန်များနှင့်ဆက်နွှယ်လျက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တောင်းခံခြင်း သို့မဟုတ် ရယူခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ အခွန်ဝန်ထမ်းတစ်ဦး၏ တာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်ခြင်းနှင့်သော်လည်းကောင်း ဆန့်ကျင်သည့် သို့မဟုတ် အခွန်ဘဏ္ဍာလိမ်လည်ရယူမှု ဖြစ်ပေါ်စေသော သို့မဟုတ် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုရှိသည့် လုပ်ရပ် သို့မဟုတ် အရာကို လုပ်ဆောင်ရန်၊ လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရန်၊ ခွင့်ပြုရန်၊ ဖုံးကွယ်ရန် သို့မဟုတ် မသိကျိုးကျွန်ပြုရန် သဘောတူညီချက်တစ်ရပ်ပြုလုပ်ခြင်း သို့မဟုတ် အလိုတူအလိုပါဖြစ်ခြင်း။

**ပြစ်မှုများအား ကျေအေးခြင်း**

၈၃။ (က) ပုဂ္ဂိုလ်တစ်ဦးဦးက ပုဒ်မ ၈၀ နှင့် ပုဒ်မ ၈၂ တို့ပါ ပြစ်မှုများမှအပ ဤအခန်းပါ သို့မဟုတ် အခွန်ဥပဒေတစ်ရပ်ရပ်ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ပါက သက်ဆိုင်ရာတရားရုံးက အပြီးသတ်အမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ညွှန်ကြားရေးမှူးချုပ်သည် ယင်းပြစ်မှုကို ကျေအေးခွင့် လျှောက်ထားနိုင်သည်။ ထိုသို့ကျေအေးရာတွင် ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အမြင့်ဆုံး ငွေဒဏ်ထက် မကျော်လွန်သည့် ငွေကြေးပမာဏကို ဒဏ်ကြေးငွေတပ်ရိုက်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအချက်များနှင့် ကိုက်ညီပါက ပုဒ်မခွဲ (က)အရ ပြစ်မှုတစ်ခုခုကို ကျေအေးနိုင်သည်-

(၁) ပေးဆောင်ရန်ရှိသည့် အခွန်နှင့် ပုဒ်မခွဲ (က) အရ ချမှတ်သည့် အမြင့်ဆုံးငွေဒဏ်ထက် မကျော်လွန်သည့် ငွေကြေးပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ပြီးဖြစ်ခြင်း သို့မဟုတ် ယင်းအခွန်နှင့် ဒဏ်ကြေးငွေပေးသွင်းရန် လုံလောက်သော အာမခံ ခံဝန်ချုပ်ချုပ်ဆိုပြီးဖြစ်ခြင်း၊

(၂) ကာယကံရှင်က ကျေအေးပေးရန် စာဖြင့်ရေးသားတောင်းဆိုခြင်း။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရ ပြစ်မှုတစ်ခုကို ကျေအေးပေးလျှင်-

(၁) ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို စာဖြင့်ရေးသားရမည်ဖြစ်ပြီး ပုဒ်မခွဲ (ခ) ပါ တောင်းဆိုချက်ကို ပူးတွဲထားရှိရမည်။

(၂) ပုဒ်မခွဲ(က) အရ ချမှတ်သည့် အမိန့်တွင် -

(ကက) ကျူးလွန်သည့်ပြစ်မှု၊

(ခခ) ပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂဂ) ပေးဆောင်ရမည့်သတ်မှတ်ရက်တို့ကို ဖော်ပြရမည်။

(၃) ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို ပြစ်မှုကျူးလွန်သူထံသို့ ပေးအပ်အတည်ပြုရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့်သည် အပြီးအပြတ်ဖြစ်ပြီး အယူခံခွင့် မရှိစေရ။

(င) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရ ပြစ်မှုတစ်ခုကို ကျေအေးပြီးလျှင် ကျူးလွန်သူသည် ယင်းပြစ်မှုနှင့်စပ်လျဉ်း၍ ထပ်မံတရားစွဲဆိုခံရခြင်း သို့မဟုတ် ပြစ်ဒဏ်ကျခံရခြင်း မရှိစေရ။

(စ) ပုဒ်မခွဲ (က) အရ ပေးဆောင်ရန် ညွှန်ကြားရေးမှူးချုပ်က အမိန့်ချမှတ်သည့် ငွေကြေးပမာဏကို ပေးဆောင်ရန်ပျက်ကွက်ပါက ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံပိုင်ခွင့်ရှိစေရမည်။

**အခန်း (၁၂)**

**အထွေထွေ**

**ဥပဒေများအား လွှမ်းမိုးခြင်း**

၈၄။ တည်ဆဲအခွန်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

**အကူးအပြောင်းကာလပြဋ္ဌာန်းချက်များ**

၈၅။ (က) ဤဥပဒေ စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆောင်ရွက်ခဲ့သည့် အယူခံမှုများ၊ တရားစွဲဆိုမှုများနှင့် အခြားအရေးယူဆောင်ရွက်မှုများကို အဆိုပါအခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။ **စာမျက်နှာ ၁၇ သို့ ❖**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပွဲများ ကျင်းပ

**ဒီးမော့ဆို**

ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ သိရှိနားလည်စေရန်အတွက် ပန်းချီနှင့် ကာတွန်းပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၅၉ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀ ဦး စုစုပေါင်း ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

**မိုင်းဆတ်**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက မိုင်းဆတ်မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

မူးယစ်တပ်ဖွဲ့စု(၂၉)မှ ရဲအုပ်အောင်စိုးဆွေက မူးယစ်ဆိုးကျိုးအန္တရာယ်များနှင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်နေမှုများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးက မူးယစ်ဆေး စတင်သုံးစွဲမိသည့်အကြောင်းရင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးနေမင်းထက်က ပြစ်မှုပြစ်ဒဏ်များ၊ ခရိုင်ငှက်ဖျားမှူး ဦးကျော်မောင်မောင်လတ်က မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် ကျန်းမာရေးအသိပညာများ၊ အမှတ် (၁၂၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်ဇော်မျိုးအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို ဟောပြောဆွေးနွေးသည်။ **သန်းဇော်(မိုင်းဆတ်)**

**တောင်တွင်းကြီး**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အထက(၃) တွင် လူငယ်ထုကိုပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၁၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိမ်း၊ မြို့မရဲစခန်းမှဒုစခန်းမှူး ရဲအုပ်မောင်ဝင်း၊ ဒုမြို့နယ်ဥပဒေအရာရှိ ဦးရဲမင်းဝင်းနှင့် ဦးပြည့်သူရဇော် (ကျန်းမာရေးမှူး) တို့က မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**

**ညောင်လေးပင်**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲနှင့် ဟောပြောပွဲကို ဇွန် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်/ဆက်ဦးစီးဌာန၌ ကျင်းပသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)အလုပ်အမှုဆောင်နှင့် Health For All မဂ္ဂဇင်းအယ်ဒီတာချုပ် စာရေးဆရာ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ဆိုးကျိုးဆိုင်ရာကိုလည်းကောင်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)ဒုတိယဥက္ကဋ္ဌ ဦးသိန်းနိုင်က မူးယစ်ဆေးဝါးစတင်ဖြစ်ပေါ်လာပုံနှင့် မူးယစ်ဆေးဝါးကြောင့်လူ့ဘဝဆုံးရှုံးရပုံများနှင့် ရှောင်ရန်နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများ၊ တက္ကသိုလ်ဝင်တန်းတွင် မြန်မာစာဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **နေလင်း(ညောင်လေးပင်)**



အမှတ် (၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကိုနှင့် တာဝန်ရှိသူများ ဇွန် ၁၈ ရက်က အဆိုပါရုံး စုစည်းခန်းမ၌ တပ်ဖွဲ့ဝင်မိသားစုများ၏ ထူးချွန်ကျောင်းသားများအား ထောက်ပံ့ငွေကျပ် ၆၄၁၀၀၀၀နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်စဉ်။ **ကြေးမုံ**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)တည်ဆောက်နေမှု ကြည့်ရှု



**ပဲခူး ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဇွန် ၁၅ ရက် ညနေ ၆ နာရီက လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဖြူးမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်) တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တံတားတည်ဆောက်ရေးရှင်းလင်းဆောင်၌ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၀) တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းက စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်) တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း ရေရှည်တည်တံ့ခိုင်ခံ့ပြီးစီးအောင် နိုင်ငံတော်ဘဏ္ဍာငွေ အလေအလွင့်မရှိစေဘဲ စေတနာထားလုပ်ဆောင်ကြရန်၊ ဝန်ထမ်းများနှင့် ပြည်သူများ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းအောင်စနစ်တကျ အစီအမံပြုလုပ်ပြီး ဝီရိယထားလုပ်ဆောင်ကြရန်၊ အဆိုပါ မြစ်ကူးတံတားသည် ဒေသခံများအတွက် အဓိကလိုအပ်နေသော တံတားဖြစ်ကြောင်း ပြောကြားပြီး တံတားတည်ဆောက်ထားရှိမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုသည်။

အဆိုပါတံတားသည် ဖြူးမြို့နယ် ဖြူး-အုတ်ဖြတ်-မုန်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကိုဖြတ်ပြီး အရှည်ပေ ၈၀၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်း အကျယ် သုံးပေ၊ ပေ ၆၀ အကျယ် အခန်း ငါးခန်း၊ ပေ ၁၀၀ အကျယ် အခန်း ငါးခန်း၊ သံကူကွန်ကရစ် အုတ်မြစ်ထိပ်အုပ်နှင့် ကိုယ်ထည် တံတားအမျိုးအစားအဖြစ် တန်ဖိုးငွေကျပ်သန်း ၄၈၅၀ အကုန်ကျခံကာ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၀) က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး ယခုလက်ရှိအခြေအနေတွင် ၂၀၁၈-၂၀၁၉မိုနီဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက် ကျပ်သန်း ၅၀၊ တိုင်းဒေသကြီးဘတ်ဂျက် ကျပ်သန်း ၅၀၀ စုစုပေါင်းကျပ်သန်း ၅၅၀ ဖြင့် စတင်အကောင်အထည်ဖော် တည်ဆောက်နေကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ခရိုင်ဥပဒေအရာရှိများနှင့် မြို့နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၆၈ × ၇၀ လမ်းကြားရှိ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအောင်ဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဥပဒေချုပ်က ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဥပဒေအရာရှိက ဥပဒေရုံးအဆင့်အဆင့်ရှိ ဥပဒေအရာရှိများ၊ အမှုထမ်းများက လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ကြရန်နှင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန်မှာကြားချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးမှာကြားပြီး တရားစွဲမှုနှင့် အမှုလိုက်ဆိုင်ရာ ကိစ္စရပ်များ၊ စီမံရေးရာနှင့် ဘတ်ဂျက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများက လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ ခရိုင်နှင့် မြို့နယ် ဥပဒေအရာရှိများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဥပဒေအရာရှိက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ များ၊ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ဦးစီးအရာရှိများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ် ဥပဒေအရာရှိများ စုစုပေါင်း ၆၀ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု အန္တရာယ်ပညာပေးဟောပြော

**တပ်ကုန်း ဇွန် ၁၈**

နေပြည်တော်တပ်ကုန်းမြို့နယ် အိုင့်ကျယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ရက် နံနက် ၁၀နာရီခွဲက ကျင်းပသည်။

အိုင့်ကျယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်နုနုဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဦးမင်းဟိန်းခန့်က မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးအကြောင်း ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပြီး မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

**ရှမ်းရွာသစ်**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီကပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှမ်းရွာသစ်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းတို့မှ အထက်တန်းအဆင့် ကိုးဦး၊ အလယ်တန်းအဆင့် ၁၄ ဦးနှင့် မူလတန်းအဆင့် ၂၄ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**ဝေဠု(ပြန်/ဆက်)**

## အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပြဋ္ဌာန်း

❖ စာမျက်နှာ ၁၅ မှ

(ခ) ဤဥပဒေမပြဋ္ဌာန်းမီက ပေါ်ပေါက်ခဲ့သည့် အခွန်ပေးဆောင်ရန် တာဝန်များကို ဤဥပဒေနှင့်အညီ အရကောက်ခံရန် စတင်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ယင်းသို့ဆောင်ရွက်ရာ၌ ယင်းအခွန်ကို အရကောက်ခံရန် ယခင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် အရေးယူမှုအပေါ်တွင် ထိခိုက်မှုမရှိစေရ။

(ဂ) ဤဥပဒေပြဋ္ဌာန်းပြီးနောက် လိုအပ်သောနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခြင်း မပြုနိုင်သေးမီကာလအတွင်း ဤဥပဒေတွင် တစ်နည်းတစ်ဖုံဖော်ပြထားခြင်းမရှိပါက ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ခွန် ဥပဒေတို့အရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ကာလ စည်းကမ်းသတ် မကျော်လွန်သေးပါက ဆက်လက်ကျင့်သုံးနိုင်သည်။

**နည်းဥပဒေများ၊ စည်းမျဉ်းများ ပြုလုပ်ပိုင်ခွင့်**

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မင်းလှမြို့နယ်နှင့် နောင်ချိုမြို့နယ်တို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**အထက်မင်းလှ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ ဥယျာဉ်ကျေးရွာဘုန်းကြီးကျောင်းဓမ္မာရုံ၌ ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပသည်။ **(ယာပုံ)**

**ရှင်းလင်းပြောကြား**

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာငြိမ်းက ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်သန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းသန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာပိုင်ခန့်၊ မြို့နယ်ပညာရေးမှူး ဦးဇော်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်စိုး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်နန္ဒာအိ၊ ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာလှိုင်သန်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

အလားတူ ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာ ဘုန်းတော်ကြီးကျောင်း သန္တိသုခဓမ္မဗိမာန်တော်၌ ဇွန် ၁၇ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပသည်။



နောင်ချိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးလင်းအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

**ဆွေးနွေး**

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးလင်းအောင်၊ နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဆန်းဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွေးဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်မီမီကျော်၊ သစ်တောဦးစီးအရာရှိ ဦးအောင်သူ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ကျန်းမာရေးမှူး (၂) ဦးကျော်မိုး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးညွန့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကျော်၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေမြင့်တို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အသီးသီး ဆွေးနွေးခဲ့ကြသည်။

**လိုအပ်ချက်များမေးမြန်း**

ယင်းနောက် ရွှေမုဋ္ဌောကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများက မိမိတို့ကျေးရွာအတွင်း လိုအပ်ချက်များကို မေးမြန်းကြရာ သက်ဆိုင်ရာဌာနဆိုင်ရာများက အသီးသီးပြန်လည် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### ဂန့်ဂေါတွင် အသိပညာပေးဟောပြော

**ဂန့်ဂေါ**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အသိပညာပေးဟောပြောပွဲကို ဂန့်ဂေါမြို့နယ် ထယ်လှော်ရွာ အထက (ခွဲ) ၌ ဇွန် ၁၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ကျောင်းအုပ်ဆရာကြီးဦးသန့်ဇော်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်အေးအေးက လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူး ဒေါ်သန်းသန်းဌေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာန ဂန့်ဂေါမြို့နယ်တာဝန်ခံ ဒေါ်စိုးယုဆွေက စားသုံးသူလုံခြုံစိတ်ချရေးတို့ကိုရှင်းလင်းဆွေးနွေးသည်။ **စိန်ကျော်**

### ပေါက်မြို့နယ်တွင် မေထုန်မှဲ့သားစပ်ခြင်းသင်တန်းဖွင့်

**ပေါက်**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တွင် မေထုန်မှဲ့သားစပ်ခြင်းသင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်ခန်းမ၌ ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

မြို့နယ်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါက်တာစိန်ဝင်း၊ ဒုတိယဦးစီးမှူး ဒေါက်တာပြည့်ဖြိုးအောင်နှင့် ဒေါက်တာပန်းချိုချိုအောင်တို့က သင်တန်းသား ၂၂ ဦးအား ငါးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

### ရွှေပြည်သာတွင် ရတနာမွန်စာကြည့်တိုက်ဖွင့်လှစ်

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် (ထ/၁၆)ရပ်ကွက်တွင် ရတနာမွန် စာကြည့်တိုက်ကို ဇွန် ၁၆ ရက် နံနက်က ဖွင့်လှစ်သည်။

“စာကြည့်တိုက်မှာ သုတ ရသ ကလေးဖတ်စရာ စာအုပ်မျိုးစုံ ၇၀၀၀ ကျော်ရှိတယ်။ ကလေးတွေရဲ့ပညာရေးဗဟုသုတ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေချင်လို့ နေ့တိုင်းဖွင့်ပေးပါတယ်” ဟု စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးဇော်မိုးနိုင်က ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**



**ဇွန် ၁၇ ရက်က နွားထိုးကြီးမြို့နယ် ပြင်စည်ရဲကင်း ရဲစခန်းမှူး ဝေလု ဦးဆောင်သော တပ်ဖွဲ့ဝင်များ ပြင်စည်ကျေးရွာအုပ်ချုပ်ရေးမှူး၏ ခြံဝင်းတွင် ဒေသခံကျေးရွာသူ ကျေးရွာသားများအား မူးယစ်ဆေးဝါးမှု မဖြစ်ပေါ်စေရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပေါ်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။**

ခင်ဇာမွန်မြင့် (ဥပဒေ)

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေးဟောပြော

**တံတားဦး ဇွန် ၁၈**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်ခတ်ပုံပြပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုမောင်က အမှာစကားပြောကြားပြီး တံတားဦးမြို့မရဲစခန်းမှူး ဒုရဲမှူး အောင်လွင်က မူးယစ်ဆေးဝါးသည် လူသားတို့၏ဘဝကို ဆိုးကျိုးပေးသော အရာဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူတိုင်းသည် စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ စိတ်ဓာတ်ကျရောဂါရရှိခြင်း စသည့် ဆိုးကျိုးအန္တရာယ်များ ရရှိကြောင်း ပြောကြားသည်။

**ရဲတင့် (ပြန်/ဆက်)**



## ကယားပြည်နယ်၌ ဆင့်ပွားသင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၈**

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း ကောက်ကွက်မြေပုံရေးဆွဲခြင်း၊ Update ပြုလုပ်ခြင်းနှင့် အဆောက်အအုံစာရင်းတွက်ခြင်းလုပ်ငန်းများအတွက် ဆင့်ပွားသင်တန်းပို့ချခြင်းကို ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။


(ပြည်နယ်ဦးစီးမှူး-ယာယီ) ဒုတိယညွှန်ကြားရေးမှူး ဦးရှာမွေလက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ကြိုင်က ဆင့်ပွားသင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှူပဒေ)**

ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေး တောင်းခံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြားသိနေရပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေး တောင်းခံချက်များမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာများက ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို သတင်းစာတွင် အပတ်စဉ်ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း . . . . .

# မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် စာရင်းများအရ ကင်ဆာရောဂါဖြစ်ပွားသူ ၆၉၅၁၄ ဦးရှိခဲ့ပြီး ၅၁၀၅၉ ဦး သေဆုံးခဲ့

ဆောင်းပါး- နန္ဒာဝင်း


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်

**လူ့ကိုယ်ခန္ဓာတွင် ဆဲလ်များ၊ ကလာပ်စည်းများသည် ပုံမှန်နေ့စဉ်ပွားများနေပြီး ခန္ဓာကိုယ်ရှိ ဆဲလ်များကို ပုံမှန်ဖြစ်အောင် ထိန်းချုပ်ပေးထားသည်မှာ ကိုယ်ခံအားစနစ်ဖြစ်သည်။ ဆဲလ်တစ်ခုသည် ပုံမှန်မှ ကင်ဆာဆဲလ်ဖြစ်သွားပါက ခန္ဓာကိုယ်၏ ကိုယ်ခံအားစနစ်ဖြစ်သော ဆဲလ်များက တိုက်ထုတ်လိုက်သည်။ ထို့ကြောင့် ကိုယ်ခံအားကောင်းသည့်သူများတွင် ကင်ဆာဆဲလ်များ သေဆုံးသွားသဖြင့် ကင်ဆာရောဂါမဖြစ်ပွားခြင်းဖြစ်သည်။ ကိုယ်ခံအားကျဆင်းသွားပါက ခန္ဓာကိုယ်၏ ခုခံအားစနစ်ချို့တဲ့သွားပြီး ကင်ဆာဆဲလ်များ တဖြည်းဖြည်းပွားလာကာ နောက်ဆုံးတွင် ထိန်းမနိုင်၊ သိမ်းမရ အကျိတ်၊ အခဲများဖြစ်လာကာ ကင်ဆာရောဂါဟူ၍ ဖြစ်လာသည်။ ကင်ဆာရောဂါကို မြစ်ပွားနာဟုလည်း ခေါ်ကြသည်။**

ကင်ဆာရောဂါသည် သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သည့် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားခြင်း၊ စားသောက်နေထိုင်မှု၊ အန္တရာယ်ရှိသည့် အစားအသောက်များကြောင့်ဖြစ်ပွားခြင်းနှင့် မျိုးရိုးဗီဇကြောင့် ဖြစ်ပွားခြင်းစသည့် အကြောင်းရင်း သုံးခုပေါ်တွင်အခြေခံ၍ ဖြစ်ပွားတတ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် စာရင်းများအရ ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၁၈ ဒသမ ၁ သန်း ဖြစ်ပွားခဲ့ပြီး ၉ ဒသမ ၆ သန်း သေဆုံးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် စာရင်းများအရ ကင်ဆာရောဂါဖြစ်ပွားသူ ၆၉၅၁၄ ဦးရှိခဲ့ပြီး ၅၁၀၅၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

“ကင်ဆာရောဂါက ကမ္ဘာမှာ သေဆုံးမှု ဒုတိယအများဆုံးရောဂါ ဖြစ်ပါတယ်။ သုတေသနပြုချက်တွေအရ အမျိုးသား ငါးယောက်မှာ တစ်ယောက်၊ အမျိုးသမီး ခြောက်ယောက်မှာ တစ်ယောက် ဖြစ်ပွားနေပါတယ်။ ကင်ဆာကြောင့် အမျိုးသား ရှစ်ယောက်မှာ တစ်ယောက်သေဆုံးပြီး အမျိုးသမီး ၁၁ ယောက်မှာ တစ်ယောက် သေဆုံးတယ်လို့လည်း သိရပါတယ်”ဟု စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က ပြောသည်။

ကင်ဆာရောဂါဖြင့် သေဆုံးသူများ၏ ၇၀ ရာခိုင်နှုန်းသည် ဝင်ငွေနိမ့်ကျသူ၊ ဝင်ငွေအလယ်အလတ်ရှိသူများဖြစ်ကြောင်း၊ ကင်ဆာရောဂါသည် ဆေးလိပ်သောက်သူများတွင် အဖြစ်အများဆုံး၊ အရက်သောက်သူများတွင် ဒုတိယ၊ ကျန်းမာရေးနှင့် မညီညွတ်သော စားသောက်မှုပုံစံနှင့် ကိုယ်လက်လှုပ်ရှားမှုမရှိသူများတွင် ဖြစ်တတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization- WHO) က ထုတ်ပြန်ထားသည်။

WHO ၏ အစီရင်ခံစာတွင် ဆေးလိပ်သောက်သူများသည် မသောက်သူများထက် အဆုတ်ကင်ဆာဖြင့် သေဆုံးနိုင်ခြေ ၂၅ ဆ ပိုမိုများပြားပြီး ကင်ဆာရောဂါဖြင့် သေဆုံးမှု သုံးခုတွင် တစ်ခုသည် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

“ဆေးလိပ်ငွေ့မှာ ကင်ဆာရောဂါဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်း ၇၀ နီးပါး ပါဝင်တယ်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်သူတွေဟာ ကိုယ်တိုင် ဆေးလိပ်သောက်သုံးသူတွေနည်းတူ ရောဂါရရှိစေပါတယ်။ ကင်ဆာရောဂါကြောင့် သေဆုံးသူတွေရဲ့ ၁၀ ရာခိုင်နှုန်းဟာ ကိုယ်တိုင်ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲသူ မဟုတ်ဘဲ အခြားသူသောက်သုံးတဲ့ ဆေးလိပ်ငွေ့ကို ရှူရှိုက်မိလို့ဖြစ်ကြရပြီး အဲဒီအထဲက ၇၅ ရာခိုင်နှုန်းဟာ အမျိုးသမီးနဲ့ ကလေးတွေ ဖြစ်နေတာ ဝမ်းနည်းစရာကောင်းလှပါတယ်” ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က ပြောသည်။

❖ ၂၀၁၇ခုနှစ် (၇၀)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံတွင် ချမှတ်ခဲ့သော အဓိဋ္ဌာန်ဆုံးဖြတ်ချက်နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Global Initiative in Childhood Cancer အစီအစဉ်ကို မြန်မာနိုင်ငံမှလည်း ပါဝင်ဆောင်ရွက်နေပြီး ကလေးအရွယ် ကင်ဆာရောဂါဆိုင်ရာ နေပြည်တော်အဓိဋ္ဌာန်ဆုံးဖြတ်ချက်ကို ချမှတ်ဖို့ဆောင်ရွက်နေကြောင်း သိရှိရ။




၄

ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ခံတွင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ မုန့်ချိုအိတ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သွေးကင်ဆာ၊ အသည်းကင်ဆာ၊ အူမကြီးကင်ဆာ၊ စအိုထိပ်ကင်ဆာနှင့် အစာပြွန်ကင်ဆာများ ဖြစ်ပွားစေတတ်ကြောင်း သိရသည်။

ထို့အပြင် နေ့စဉ်စားသုံးနေသည့် လက်ဖက်၊ နန္ဒင်းမှုန့်၊ ငရုတ်သီးမှုန့်၊ ငါးပိ၊ ပုစွန် ခြောက်၊ မျှစ်၊ ပဲဝါ၊ ဆော့စ်အမျိုးမျိုး၊ ဝက်အူ ချောင်း၊ ကြက်အူချောင်း၊ အချိုရည်၊ ဝေဖာ၊ ဂျယ်လီ၊ ဆီးထုပ်တို့တွင် အန္တရာယ်ရှိသည့် ဆိုးဆေးများပါဝင်သည့်အတွက် အသည်း ကင်ဆာဖြစ်စေနိုင်ကြောင်း၊ ဒေသချက်အရက်များတွင် ဓာတ်မြေသြဇာ၊ အင်ဒရင်း၊ ရော်ဘာ၊ မက်သနော စသည့် ဓာတုပစ္စည်းများ ပါဝင်သည့်အတွက် အသည်းကင်ဆာနှင့် အစာအိမ်ကင်ဆာများ ဖြစ်စေနိုင်ကြောင်း သိရသည်။

**❛နေ့စဉ်စားသုံးနေသည့် လက်ဖက်၊ နန္ဒင်းမှုန့်၊ ငရုတ်သီးမှုန့်၊ ငါးပိ၊ ပုစွန်ခြောက်၊ မျှစ်၊ ပဲဝါ၊ ဆော့စ်အမျိုးမျိုး၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ အချိုရည်၊ ဝေဖာ၊ ဂျယ်လီ၊ ဆီးထုပ်တို့တွင် အန္တရာယ်ရှိသည့် ဆိုးဆေးများပါဝင်သည့်အတွက် အသည်းကင်ဆာ ဖြစ်စေနိုင်ကြောင်း၊ ဒေသချက်အရက်များတွင် ဓာတ်မြေသြဇာ၊ အင်ဒရင်း၊ ရော်ဘာ၊ မက်သနော စသည့် ဓာတုပစ္စည်းများ ပါဝင်သည့်အတွက် အသည်းကင်ဆာနှင့် အစာအိမ်ကင်ဆာများ ဖြစ်စေနိုင်❜**

“ငှက်ပျောသီး၊ သဘော်သီး၊ သရက်သီး၊ လိမ္မော်သီး စတဲ့အသီးအနှံတွေမှာ မှည့် ဆေးတွေဖျန်းထား၊ စိမ်ထား၊ တာရှည်ခံဆေးတွေ စိမ်ထားတဲ့အတွက် ကင်ဆာရောဂါကို ဖြစ်ပွားစေပါတယ်။ အသီးအရွက်တွေမှာလည်း အတိုင်းအဆမရှိ ဓာတ်မြေသြဇာ၊ ပိုးသတ် ဆေး၊ ပေါင်းသတ်ဆေးသုံးထားတဲ့အတွက် ကင်ဆာဖြစ် စေပါတယ်။ ညှိမည်းနေတဲ့ ပြန်ကြော်ဆီတွေနဲ့ ကြော်ထားတဲ့ စမူဆာ၊ အီကြာကွေး၊ ပလာတာတွေကလည်း ရေရှည်စားမိရင် အသံအိုးကင်ဆာ၊ အစာအိမ်နဲ့ အူလမ်းကြောင်းကင်ဆာတွေ ဖြစ်စေပါတယ်။ အကင်တွေ၊ အေးခဲအသားတွေဟာ တာရှည်ခံဆေးတွေနဲ့ အအေးခန်းထဲ ကြာရှည်ထားလို့ ဓာတ်တိုးမှုဖြစ်စေတဲ့အတွက် ကင်ဆာရောဂါဖြစ်စေပါတယ်။ အချဉ်ရည်အဖြစ် အသုံးပြုနေကြတဲ့ ငရုတ်ဆီတွေမှာလည်း ဆာလဖျူရစ်အက်စစ် အခြေခံသုံးထားလို့ စားပါများရင် အစာအိမ်ကင်ဆာ ဖြစ်စေပါတယ်” ဟု ပညာရှင်များက ဆိုကြသည်။

“ရေချိုငါးပိ၊ ငါးခြောက်၊ ငံပြာရည်တွေမှာ ယူရီးယားဓာတ်မြေသြဇာထည့်တာ၊ ပိုးမတက်၊ ယင်မနားအောင် ယင်ဆေးခဲတွေသုံးတာ၊ ပဲပြား၊ မုန့်ဖတ်တွေကို ကြာရှည်ခံအောင် ဖော်မလင်သုံးတာ၊ ပြန်ကြော်ဆီတွေကို ဓာတုဆေးနဲ့ အရောင်ချွတ် ပဲဆီနံ့ထွက်အောင်လုပ်ပြီး ရောင်းချနေတာ၊ ငါးမုန့်၊ အာလူးချောင်းကြော်တွေကို ပြန်ကြော်ဆီတွေနဲ့ ကြော်တာ၊ ပွက်ပွက်ဆူနေတဲ့ ဟင်းရည်ကို ပလတ်စတစ်ခွက်နဲ့ခပ်၊ ပလတ်စတစ်အိတ်နဲ့ ထည့်တာ၊ တစ်ဖက်နိုင်ငံ ကုန်တိုက်ကြီးတွေက စွန့်ပစ်လိုက်တဲ့ သက်တမ်းလွန်စားသောက်ကုန်နဲ့ အချိုရည်တွေကို ရက်စွဲခွာပြီး ရောင်းချနေတာ၊ ဆေးဝါးအတုတွေ ရောင်းချတာ၊ တာရှည်ခံ စားသောက်ကုန်၊ စည်သွတ်ဘူး၊ အချိုရည်၊ အသင့်ထုပ်ပိုး အစားအစာတွေ၊ ကျန်းမာရေးနဲ့မညီတဲ့ နေထိုင်စားသောက်မှုပုံစံတွေဟာ ကျွန်တော်တို့ တစ်မျိုးသားလုံးကို ကင်ဆာဘေးဆိုးဆီ တွန်းပို့နေတာဖြစ်ပါတယ်” ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က ပြောသည်။

စာမျက်နှာ ၁၉ သို့ ❂

❂ စာမျက်နှာ ၁၈ မှ

ဆင်းရဲမွဲတေမှုကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများကို ရွေးချယ်စားသုံးခြင်းမပြုနိုင်ဘဲ ဈေးပေါသည်များကိုသာ စားသုံးနေကြရသည်။ နေ့စဉ်စားသုံးနေသည့်အစားအစာများသည် အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်ရမည့်အစား ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအစာများကို စားသုံးနေရသည်က များနေသည်။

"ကျွန်မတို့ နေ့စဉ်စားသုံးနေရတဲ့ အစားအစာတွေဟာ အသက်ရှည်ရာ အနာမဲ့ကြောင်း ကောင်းမြတ်တဲ့အစားအစာတွေဖြစ်ရမယ့်အစား အဆိပ်သင့်တဲ့ အစားအစာတွေကို စားနေကြရတာဖြစ်ပါတယ်။ လူတွေရဲ့ ဝိသမလောဘတွေကြောင့် ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ဓာတ်တွေဖြစ်လာပြီး မိမိငွေရဖို့ အဓိက၊ စားသုံးသူ ရောဂါရတာ၊ မရတာ ကိုယ်နဲ့ မဆိုင်ဘူးဆိုတဲ့ လုပ်ရပ်တွေကို ဥပဒေနဲ့အညီ ထိရောက်စွာ တားဆီးကာကွယ်ဖို့လိုပါတယ်" ဟု ရင်သားကင်ဆာကြောင့် ရင်သားတစ်ဖက်ဖြတ်ထုတ်ထားရသူ ဒေါ်မိုးမိုးခိုင်က ပြောသည်။

ရင်သားကင်ဆာဟု စောစီးစွာသိသည့်အတွက် ပုဂ္ဂလိကဆေးရုံတစ်ခုတွင် ကုသနေကာ ဆေးသွင်းနေရသည်မှာ သုံးနှစ်နီးပါးရှိနေပြီး ငါးနှစ်အထိ ဆက်လက်ဆေးကုသမှုခံယူရမည်ဟုလည်း သိရသည်။ ကင်ဆာရောဂါကိုကုသခဲ့ရသဖြင့် ငွေကြေးကုန်ကျမှုစရိတ်များပြားသော်လည်း အသက် ဆက်လက်ရှင်သန်ခွင့်ရရှိသည်ကပင် ဘုရား၊ တရား ဂုဏ်ကျေးဇူးကြောင့်ဟု မှတ်ယူကြောင်း ၎င်းက ဆိုသည်။

လူနေမှုပုံစံ၊ ပတ်ဝန်းကျင်နှင့် စားသောက်မှုပုံစံများ ပြောင်းလဲလာမှုကြောင့် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် ကင်ဆာရောဂါဖြစ်ပွားသူ များပြား

❖ ပတ်ဝန်းကျင်တွင်ရှိသည့် ရေ ၊ လေ ၊မြေတို့၏ ညစ်ညမ်းလာမှုဟာ ကင်ဆာရောဂါကို ပိုဖြစ်စေသည်ကို တွေ့ရှိလာကြ။

❖ မြန်မာနိုင်ငံတွင်လည်း ပတ်ဝန်းကျင်ကို လေ့လာစောင့်ကြည့်ခြင်းနှင့် ထိန်းချုပ်ခြင်းများ (Environmental Monitoring and Regulation)ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပိုမိုအလေးထားဆောင်ရွက်သင့်။




လျက်ရှိရာ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က နိုင်ငံတစ်ဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေး တားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။


တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းက "ယနေ့ ၂၁ ရာစုမှာ Non Communicable Disease လို့ ခေါ်တဲ့ မကူးစက်နိုင်တဲ့ရောဂါဟာ ကမ္ဘာလုံးဆိုင်ရာ သေဆုံးမှုအများဆုံးရောဂါဖြစ်လာပါတယ်။ အဲဒီအထဲမှာ ကင်ဆာရောဂါဟာ သေဆုံးမှုအများဆုံးဖြစ်ပြီး လူ့ဘဝသက်တမ်းတိုးတက်လာရေးကို အရေးအကြီးဆုံးအဟန့်အတားတစ်ခုဖြစ်နေပါတယ်။ WHO ရဲ့ခန့်မှန်းချက်အရ ကင်ဆာရောဂါကြောင့် အသက် ၇၀ မတိုင်မီ သေဆုံးမှုတွေဟာ ကမ္ဘာ့နိုင်ငံများအနက် ၉၁ နိုင်ငံမှာ ပထမအများဆုံးဖြစ်နေပါတယ်။ ကင်ဆာရောဂါဖြစ်ပွားမှုတွေရဲ့ ၆၇ ရာခိုင်နှုန်းဟာ အသက် ၃၅ နှစ် မှ ၆၄ နှစ်ကြားအရွယ်တွေဖြစ်ပြီး ကင်ဆာဝေဒနာရှင်တွေရဲ့ ထက်ဝက်ခန့်ကလည်း ရောဂါကျွမ်းမှ ကင်ဆာရောဂါဖြစ်နေတာကို သိရှိကြပါတယ်။ ကင်ဆာရောဂါကြောင့် နှစ်စဉ် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ ထရီလီယံ ကုန်ကျနေပြီး ကင်ဆာရောဂါဖြစ်ပွားမှုဟာ ၂၀၃၅ ခုနှစ်မှာ လက်ရှိ ၁၈ ဒသမ ၁ သန်းထက် နှစ်ဆ တိုးလာမယ်လို့ ခန့်မှန်းထားပါတယ်" ဟု ဦးကျော်အောင်လွင် တင်သွင်းသည့်အဆိုကို အကြံပြုဆွေးနွေးသည်။

ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေးက ကင်ဆာရောဂါဖြစ်ပွားမှု လျော့ကျစေရန်အတွက် ဖြစ်ပွားစေသော အကြောင်းရင်းများစွာကို ဥပဒေနှင့်အညီ တားဆီးကာကွယ်ရန် နိုင်ငံတော်အစိုးရက သက်ဆိုင်ရာဥပဒေများအတိုင်း ပညာပေးကာလသတ်မှတ်၍ ဥပဒေကိုဖောက်ဖျက်ကျူးလွန်သူများကို သေချာစွာအရေးယူဆောင်ရွက်နိုင်ရန်မှာ အလွန်အရေးကြီးသည့် အချက်ဖြစ်ပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကဲ့သို့ ကင်ဆာဖြစ်ပွားနိုင်သော အကြောင်းရင်းများကို ဖယ်ရှားနိုင်သည့် အခြားဥပဒေများကိုလည်း ထိရောက်စွာကျင့်သုံးနိုင်စေရန် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးမည်ဆိုပါက ဥပဒေနှင့်အညီ ကင်ဆာရောဂါအား ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတစ်ဝန်းတွင် စိုးရိမ်ဖွယ်မြင့်မားစွာ ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါဆိုးအား ဖြစ်ပွားမှုလျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ထိရောက်စွာ အသိပညာပေး တားဆီးကာကွယ်စောင့်ရှောက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးသိမ့်သိဂီထွေးအောင်နှင့် ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်းအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကင်ဆာရောဂါဖြစ်ပွားမှုကိုလျှော့ချရန် ရောဂါ၏ ကနဦးလက္ခဏာများကို ပြည်သူလူထု သိရှိသဘောပေါက်ရန် မီဒီယာများမှ အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်သည့် နည်းလမ်းများကို ဖော်ပြထားပေးခြင်း၊ ဖြစ်ပွားပါက ကုသပေးခြင်းတို့ကိုလည်း ဆေးဝါး၊ ဓာတ်ရောင်ခြည်၊ အခြားကုသနည်းများဖြင့် ဘဏ္ဍာငွေခွင့်ပြုထားသော ဘတ်ဂျက်၊ လူအင်အားတို့အပေါ်မူတည်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကင်ဆာရောဂါဖြစ်ပွားမှု လျှော့ချရန် ဥပဒေဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ နယ်စပ်မှ ကင်ဆာဖြစ်စေသော အစားအသောက်၊

❖ ထိုအချက်ကြောင့် ဥပဒေပြဋ္ဌာန်းပြီးသည်မှာ ၁၃ နှစ်ရှိပြီဖြစ်သော်လည်း ကင်ဆာဖြစ်စေနိုင်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကို ကွမ်းယာအပါအဝင် ကောင်းစွာမထိန်းချုပ်နိုင်ကြောင်း ဝန်ခံရမည်ဖြစ်




မကူးစက်နိုင်သောရောဂါများသည် စုစုပေါင်းသေဆုံးခြင်း၏ ၅၉ % ရှိသည်။ ၂၀၁၄ ခုနှစ်

ပိုးသတ်ဆေးများမှအစ သွင်းကုန်တို့ကို စနစ်တကျစစ်ဆေးတားမြစ်နိုင်ရေး၊ ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရေးတို့အတွက် ညွှန်ကြားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကင်ဆာရောဂါဆိုးဖြစ်ပွားမှုကို လျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးဖြစ်ပွားစေနိုင်သည့် ကိစ္စရပ်များကို ဥပဒေနှင့်အညီ ထိရောက်စွာ ပညာပေးတားဆီးကာကွယ်စောင့်ရှောက်ရန် အဆိုအား လွှတ်တော်မှ အတည်ပြုပေးရန် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကာ လွှတ်တော်က အတည်ပြုခဲ့သည်။

ကင်ဆာရောဂါဖြစ်ပွားမှုကို လျှော့ချရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို ကင်ဆာရောဂါဖြစ်ပွားစေသော ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အစားအသောက်၊ နေထိုင်မှုပုံစံ၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ အိမ်တွင်းမီးခိုးငွေ့များ ကင်းစင်ခြင်း စသည်ဖြင့် ပညာပေးခြင်း၊ လှုံ့ဆော်ခြင်းတို့ကို ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကင်ဆာရောဂါကို ဓာတ်ရောင်ခြည်ကုထုံးကဲ့သို့ ကင်ဆာကုထုံးသစ်များ၊ ဆေးဝါးများကို ပြည်သူလူထု လက်လှမ်းမီစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကင်ဆာရောဂါဖြစ်ပွားမှု လျော့ကျစေရန် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပွားစေမည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးကာကွယ်ရန်လည်း လိုအပ်လှသည်။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ဥပဒေတွင် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများ၊ အဆောက်အဦများ၊ အလုပ်နေရာများ၊ ယာဉ်၊ ရထားများ၊ အနားယူအပန်းဖြေရာနေရာများကို ဆေးလိပ်မသောက်ရ နေရာများ သတ်မှတ်ထားရှိသည်။

ထိုကဲ့သို့ ဆေးလိပ်မသောက်ရနေရာများ သတ်မှတ်ထားသော်လည်း ပြည်သူများ လိုက်နာမှု အားနည်းနေသေးသဖြင့် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ တိုးချဲ့ဖော်ဆောင်သင့်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ၊ စားသုံးသူကာကွယ်ရေး ဥပဒေများ ပိုမိုလွှမ်းခြုံနိုင်အောင်၊ ဥပဒေအမှန်တကယ် အကျိုးသက်ရောက်အောင် ဖော်ဆောင်သင့်ကြောင်း ပညာရှင်များက သုံးသပ်ကြသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သဖြင့် ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံများ၊ ရောဂါဘယများနှင့် ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် အသိပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သင့်ကြောင်း ဆိုကြသည်။

"အဖြစ်များတဲ့ ကင်ဆာရောဂါရဲ့ သုံးပုံတစ်ပုံဟာ ကာကွယ်လို့ရပါတယ်။ ကာကွယ်တားဆီးခြင်း၊ စောစီးစွာရှာဖွေစမ်းသပ်ခြင်း၊ ကုသမှုခံယူခြင်းကြောင့် လူ့အသက် ၃ ဒသမ ၇ သန်းအထိ နှစ်စဉ် ကယ်တင်နိုင်တယ်လို့ ဆိုကြပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က ပြောသည်။

ကင်ဆာရောဂါ ခံစားရပြီဆိုပါက ငွေကြေးကုန်ကျမှုများကြောင့် စီးပွားရေးအရ ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်သလို စိတ်ပိုင်းဆိုင်ရာဝေဒနာများဖြစ်သော စိုးရိမ်ပူပန်ခြင်း၊ ကြောက်လန့်ခြင်းနှင့် စိတ်ကျရောဂါများပါ ပူးတွဲခံစားရနိုင်သည်။ နိုင်ငံတော်အတွက်လည်း ကျန်းမာရေးအသုံးစရိတ်များ ပိုမိုသုံးစွဲရခြင်း၊ ကုန်ထုတ်စွမ်းအားစုများ ကျဆင်းခြင်းတို့ကြောင့် စီးပွားရေးဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်သည်။


"အသက်ကိုဉာဏ်ပညာနဲ့ စောင့်ရှောက်ကြရမှာပါ။ ဂျပန်အစိုးရက သူ့နိုင်ငံသားတွေအတွက် ဘေးကင်းလုံခြုံစိတ်ချရတဲ့ စားသောက်ကုန်တွေကိုသာ တင်သွင်းရောင်းချခွင့်ပြုတာပါ။ နိုင်ငံသားတွေ ကျန်းမာရေးဆိုးကျိုးဖြစ်စေနိုင်တဲ့ စားသောက်ကုန်တွေကို လုံးဝတင်သွင်းခွင့်မပြုဘဲ အထူးစိစစ်ကြပ်မတ်ပါတယ်။ ဂျပန်နိုင်ငံသားတွေ ကျန်းမာအသက်ရှည်တာဟာ လှုပ်လှုပ်ရှားရှားအလုပ်လုပ်တဲ့ ဘဝနေနည်း၊ ကျန်းမာရေးအသိမြှင့်ဖို့ လေ့လာမှု၊ စိမ်းလန်းတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ နေထိုင်မှု၊ ပင်လယ်ငါး၊ ပင်လယ်စာ နှစ်သက်စားသုံးမှု၊ ဆီနဲ့ အငန်လျှော့စားမှု၊ ကျန်းမာရေးကို အစိုးရက မူဝါဒ ဦးစားပေးဖြင့် သတ်မှတ်ထားမှုတွေကြောင့် ဖြစ်ပါတယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က ပြောသည်။

"ကမ္ဘာတစ်ဝန်း စိုးရိမ်ဖွယ်ဖြစ်ပွားနေတဲ့ ကင်ဆာရောဂါဘေးဆိုးက နိုင်ငံသူ နိုင်ငံသားတွေ ကင်းလွတ်ပြီး သက်ရှည်ကျန်းမာရောဂါကင်းဝေးဖို့၊ ကင်ဆာရောဂါဖြစ်ပွားစေနိုင်တဲ့ ကိစ္စရပ်တွေကိုလည်း ဥပဒေနဲ့အညီ ထိရောက်အောင် အသိပညာပေးတားဆီးကာကွယ်စောင့်ရှောက်နိုင်ဖို့ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူအားလုံး ပူးပေါင်းပါဝင်ကြရမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

❖ ဥပမာအားဖြင့် -

■ ဆေးရွက်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ တစ်ခုတည်းကိုပင် ထိရောက်စွာကျင့်သုံးနိုင်ရန် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးနိုင်လျှင် အဆုတ်ကင်ဆာနှင့် ခံတွင်းကင်ဆာတို့ကို ထိရောက်စွာကာကွယ်တားဆီးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ထိုကင်ဆာများကြောင့် သေဆုံးနိုင်သောနှုန်းကို လျော့နည်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်

ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုး ထည့်သွင်းထားသော ကွမ်းယာသည် ခံတွင်းကင်ဆာဖြစ်နိုင်ကြောင်း ထင်ရှားသဖြင့် ကွမ်းယာကို ဤဥပဒေဖြင့် ထိန်းချုပ်နိုင်










## The Chainsmokers ရဲ့ စင်ကာပူဖျော်ဖြေပွဲ ဖျက်သိမ်း

ကမ္ဘာကျော် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "The Chainsmokers" ရဲ့ စင်ကာပူမှာ ပြုလုပ်သွားဖို့ရာ စီစဉ်ထားတဲ့ တေးဂီတဖျော်ဖြေပွဲကိုတော့ လတ်တလောမှာ ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီဖျော်ဖြေပွဲကို စီစဉ်ပေးနေသူတွေက လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ဖျော်ဖြေပွဲဖျက်သိမ်းကြောင်း ရေးသားဖော်ပြခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုဖျက်သိမ်းခဲ့ရတဲ့အကြောင်းကတော့ ထုတ်လုပ်ရေးပြဿနာတွေကြောင့် ဖြစ်တယ်လို့ဆိုပေမယ့် အသေးစိတ်ကိုတော့ ထုတ်ပြန်ပြောကြားခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။

အဖွဲ့ဝင်နှစ်ဦးနဲ့ ဖွဲ့စည်းထားတဲ့ "The Chainsmokers" ဟာ လာမယ့် ဩဂုတ် ၂၁ ရက်တွင် စင်ကာပူမှာ ဖျော်ဖြေပွဲပြုလုပ်သွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ မေလအတွင်းက ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အလားတူ မနီလာမှာ ဩဂုတ် ၁၅ ရက်တွင် ပြုလုပ်သွားဖို့ရာ စီစဉ်ထားတဲ့ ဖျော်ဖြေပွဲကိုလည်း အဆိုပါတေးဂီတအဖွဲ့က ဖျက်သိမ်းခဲ့ကြောင်းလည်း သိရပါတယ်။

## Red Velvet ရဲ့ တေးဗီဒီယိုသစ် စမ်းသပ်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Red Velvet" ရဲ့ တေးဗီဒီယိုသစ်ဟာ လတ်တလောမှာ ပရိသတ်ရှေ့ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။ ပရိသတ်တွေစောင့်မျှော်နေရတဲ့ တေးဗီဒီယိုသစ်ကို "Red Velvet"က စမ်းသပ်ထုတ်လွှင့်ပေးခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၁၈ ရက်မှာတော့ "Red Velvet" ရဲ့တေးသီချင်းသစ် "Zimzalabin"ရဲ့ တေးဗီဒီယိုကို စမ်းသပ်ထုတ်လွှင့်ခဲ့တာပါ။ ဒီတေးဗီဒီယိုမှာတော့ အဖွဲ့ဝင်တွေကို တောက်ပတဲ့ အပြင်အဆင်တွေနဲ့ တွေ့မြင်ခဲ့ရပြီး ကစားကွင်းတစ်ခုအတွင်း ရောက်ရှိနေတာကိုလည်း တွေ့ရပါတယ်။ ဒ့ါအပြင် အဖွဲ့ရဲ့ပုံစံလို့ဆိုနိုင်တဲ့ မှော်ဆန်တဲ့ ရိုက်ကူးမှုမျိုးတွေကိုလည်း ထည့်သွင်းဖန်တီးထားတာ တွေ့ရပါတယ်။






## MTV Movie and TV Awards မှာ ဆုအများဆုံးရရှိခဲ့တဲ့ Avengers: Endgame

လတ်တလောမှာပြုလုပ်ခဲ့တဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲ "MTV Movie and TV Awards" မှာတော့ ရုံတင်ပြသချိန်ကလည်း အလွန်အောင်မြင်ခဲ့တဲ့ ဟောလိဝုဒ်ရုပ်ရှင် "Avengers: Endgame" က ဆုအရေအတွက်အများဆုံးရရှိခဲ့ကာ ဆုပေးပွဲညကို လွှမ်းမိုးထားခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"MTV Movie and TV Awards " ဆုပေးပွဲကိုတော့ ဇွန် ၁၇ ရက် ညပိုင်းက ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် စံချိန်တင်နိုင်ခဲ့တဲ့ "Avengers: Endgame" ဟာ အဆိုပါဆုပေးပွဲမှာတော့ အကောင်းဆုံးရုပ်ရှင်ဆုအပါအဝင် ထူးချွန်ဆုတွေကို သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီရုပ်ရှင်မှာ ကပ္ပတိန်မာဘယ်လ်အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသမီး ဘရီလာဆန်ဟာ အမျိုးသမီးသူရဲကောင်းအဖြစ် အကောင်းဆုံးတိုက်ခိုက်မှုဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီဆုကို တက်ရောက်ရယူခဲ့ပြီး အမှတ်တရစကားပြောကြားချိန်မှာတော့ ဘရီလာဆန်ဟာ သူ့ရဲ့ စတန့်သရုပ်ဆောင်တွေကိုပါ ဆုပေးပွဲစင်မြင့်ထက်ဖိတ်ခေါ်ခဲ့ကာ ကျေးဇူးတင်ကြောင်း ထည့်သွင်းပြောကြားခဲ့တာ တွေ့ရပါတယ်။ **(အပေါ်ပုံ)**

"Avengers: Endgame" ရဲ့ ဇာတ်ဆောင်မင်းသား ရောဘတ်ဒေါင်နေဂျူနီယာကလည်း ဒီရုပ်ရှင်နဲ့ပင် အကောင်းဆုံးသူရဲကောင်းဆုကို ဆွတ်ခူးခဲ့ပြီး ဗီလိန်သရုပ်ဆောင် ဂျို့စ်ဘရိုလင်းကလည်း ထူးချွန်ဗီလိန်ဆုကို ရရှိခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့်- စုစည်းသည်**



## ထူးချွန်ဆုရရှိခဲ့တဲ့ ဆန်ဒရာဘူးလော့ဒ်

ဟောလိဝုဒ်ရဲ့ သရုပ်ဆောင်လောကမှာ နှစ်ပေါင်း ၂၅ နှစ်ကြာ ရှင်သန်လှုပ်ရှားလာခဲ့တဲ့ မင်းသမီး ဆန်ဒရာဘူးလော့ဒ်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ "MTV Movie and TV Awards"ဆုပေးပွဲမှာ ရုပ်ရှင်ထူးချွန်ဆုတစ်ဆုကို လက်ခံရရှိခဲ့ပါတယ်။ ဒီအတွက် အမှတ်တရစကား ပြောကြားခဲ့ရာမှာတော့ သူ့ရဲ့ကလေးနှစ်ဦးတို့ကို ထည့်သွင်းပြောကြားခဲ့ကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆန်ဒရာဘူးလော့ဒ်ဟာ သူ့ရဲ့ရုပ်ရှင် "Bird Box"နဲ့ အကောင်းဆုံးသော ထိတ်လန့်ဖွယ် ဖျော်ဖြေတင်ဆက်မှုဆုကို ဆွတ်ခူးခဲ့တာပါ။ ဆုလက်ခံရယူခဲ့စဉ်မှာတော့ ဆန်ဒရာက သူဟာ ကလေးတွေလုံခြုံဖို့အတွက်ဆိုရင် တောင်တွေကိုတောင် ရွှေ့ပစ်နိုင်ကြောင်း သူ့ရဲ့ခံစားချက်ကို ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။



## ဖခင်တစ်ယောက်ဖြစ်လာတဲ့ ချိုင်ဖိလစ်

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်သူ ချိုင်ဖိလစ်ဟာ လတ်တလောမှာတော့ ဘဝရဲ့မှတ်တိုင်သစ်တစ်ခုကို ထပ်မံစိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ သူ့ရဲ့ ပထမဆုံးရင်သွေးလေးနဲ့အတူ ရိုက်ကူးထားတဲ့ဓာတ်ပုံကို ချိုင်က သူ့ရဲ့ လူမှုကွန်ရက်ပေါ်မှာဖော်ပြခဲ့ပြီး ဖခင်တစ်ဦးဖြစ်လာကြောင်း ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၁၈ ရက်မှာတော့ ချိုင်ဖိလစ်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရင်သွေးလေးနဲ့အတူ ရိုက်ကူးထားတဲ့ဓာတ်ပုံကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဓာတ်ပုံရဲ့ အောက်မှာတော့ သူဟာဖခင်တစ်ဦးဖြစ်လာပြီဖြစ်ကြောင်း၊ ဖခင်တစ်ဦးဖြစ်လာရတဲ့အချိန်မှာ ပျော်ရွှင်မိကြောင်း၊ ကလေးကို ကျန်းမာစွာကြီးပြင်းလာစေဖို့ရာ ဆုတောင်းပေးစေလိုကြောင်းနဲ့ ဇနီးဖြစ်သူကိုလည်း ကျေးဇူးတင်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

မင်းသားရဲ့ဖျော်ဖြေရေးအေဂျင်စီက ချိုင်ရဲ့ရင်သွေးလေးဟာ သမီးလေးဖြစ်ပြီး ဇွန် ၁၈ ရက် နံနက်ပိုင်းက မွေးဖွားခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် လက်ရှိမှာတော့ မိခင်ရောကလေးပါ ကျန်းမာကြောင်း ပြောကြားခဲ့ပါတယ်။

ချိုင်ဖိလစ်ဟာ ၂၀၁၇ ခုနှစ်အတွင်း လက်ထပ်ခဲ့တာဖြစ်ပြီး သူ့ရဲ့ ဇနီးဖြစ်သူကတော့ သူ့ထက် အသက်ကိုးနှစ်ခန့်ငယ်ရွယ်ကာ အနုပညာအသိုင်းအဝိုင်းက မဟုတ်ပါဘူး။ လက်ရှိမှာတော့ ချိုင်ဟာ "Welcome 2 Life"လို့ ယာယီအမည်ပေးထားတဲ့ ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်နေပြီး ဒီဇာတ်လမ်းတွဲကိုတော့ MBC ရုပ်သံလိုင်းကနေ တနင်္လာနဲ့ အင်္ဂါနေ့တိုင်းမှာ ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

## ယွန်နရဲ့ရုပ်ရှင်သစ် Exit

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် သရုပ်ဆောင်လောကအတွင်း ခြေချလာတဲ့ ယွန်နဟာ လတ်တလောမှာတော့ သူ့ရဲ့သရုပ်ဆောင်စွမ်းရည်ကိုပြသနိုင်ဖို့ရာ နယ်ပယ်သစ်ကို ခြေလှမ်းခဲ့တာ တွေ့ရပါတယ်။ ယွန်နဟာ ရုပ်ရှင်တစ်ကားမှာ အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ထားပြီး လတ်တလောမှာတော့ သူပါဝင်ထားတဲ့ရုပ်ရှင် "Exit"ရဲ့ ပိုစတာဓာတ်ပုံနဲ့အတူ အစမ်းရုပ်ရှင်ကိုပါ ထုတ်လွှင့်ခဲ့တာကို တွေ့ရကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Exit"မှာတော့ ယွန်နဟာ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ ဂျိုဂျုန်ဆပ်နဲ့ တွဲဖက်ပါဝင်ထားတာပါ။ ဒီရုပ်ရှင်ကတော့ စွန့်စားခန်းရုပ်ရှင်အမျိုးအစားဖြစ်ပြီး ထိတ်လန့်ဖွယ်ကောင်းတဲ့ရုပ်ရှင်လည်း ဖြစ်ပုံရပါတယ်။ ဒီရုပ်ရှင်မှာ ပါဝင်ထားတဲ့ ဂျိုဂျုန်ဆပ်ရဲ့ဇာတ်ကောင်ကတော့ အဆိပ်ငွေ့တွေ မြို့တော်ကို လွှမ်းမိုးထားတာကနေ ပြန်လည်ကယ်တင်နိုင်အောင် ကြိုးပမ်းခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာတော့ အဆိုပါရုပ်ရှင်ရဲ့ပိုစတာဓာတ်ပုံနဲ့အတူ အစမ်းရုပ်ရှင်ကို ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒီပိုစတာဓာတ်ပုံမှာတော့ "Exit"ကို ယခုနှစ်အတွင်း ရုံတင်ပြသသွားမှာဖြစ်ကြောင်းလည်း ထည့်သွင်းဖော်ပြထားပါတယ်။

ယွန်နဟာ ကေပေါ့ပ်အမျိုးသမီးတေးဂီတအဖွဲ့ "Girls’ Generation" ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ဇာတ်လမ်းတွဲတွေရိုက်ကူးခဲ့ပြီး အာရှတစ်လွှားမှာ ကျော်ကြားခဲ့ပါတယ်။ လတ်တလောမှာတော့ ရုပ်ရှင်နယ်ပယ်ကိုပါ ဝင်ရောက်လာတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။



နိုင်လင်းကြည်

# တစ်ပတ်အတွင်းအားကစားသတင်းများ

## ရိုးမားအသင်းအားကစားဒါရိုက်တာအဖြစ်မှ တော့တီနုတ်ထွက်လိုက်ပြီ

ဇရန်စကိုတော့တီဟာ ရိုးမားအသင်းမှာ နှစ်ပေါင်း ၃၀ ကြာဖြတ်သန်းခဲ့ပြီးနောက် ရိုးမားအသင်းရဲ့ အားကစားဒါရိုက်တာအဖြစ်ကနေ နုတ်ထွက်လိုက်ပြီဖြစ်ပါတယ်။ တော့တီအနေနဲ့ သူ့ရဲ့ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ရိုးမားအသင်းမှာပဲ ကုန်ဆုံးစေခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇူလိုင်လက ကစားသမားဘဝကနေ အနားယူခဲ့တာဖြစ်ပါတယ်။ တော့တီနဲ့ အသင်းဥက္ကဋ္ဌဖြစ်သူ ပယ်လော့တာတို့ရဲ့ ဆက်ဆံရေးကလည်း ဆိုးရွားမှုတွေရှိခဲ့တယ်လို့ သတင်းတွေက ဆိုပါတယ်။ ဒါပေမယ့် ပယ်လော့တာကတော့ တော့တီကို ရိုးမားအသင်းရဲ့ နည်းစနစ် ဒါရိုက်တာတစ်ဦးအနေနဲ့ ဆက်လုပ်ဖို့ ပြီးခဲ့တဲ့တစ်ပတ်က ကမ်းလှမ်းခဲ့တယ်လို့လည်း သိရပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီကတော့ ရိုးမားအသင်းဟာ အီတလီစီးရီးအေရဲ့ အဆင့် ၆ နေရာမှာသာ ရပ်တည်ခွင့်ရရှိခဲ့လို့ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ လွဲချော်ခဲ့ရတဲ့အသင်းလည်း ဖြစ်ပါတယ်။ တော့တီရဲ့ကစားဖော်ဟောင်းတစ်ဦးဖြစ်တဲ့ ဒီရော့ဆီဟာလည်း ရိုးမားအသင်းမှာ ၁၈ နှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် ပြီးခဲ့တဲ့နှစ်က ရိုးမားအသင်းနဲ့ လမ်းခွဲခဲ့တာလည်းဖြစ်ပါတယ်။ တော့တီဟာ ၁၉၈၉ ခုနှစ်မှာ ရိုးမားအသင်းရဲ့လူငယ်အကယ်ဒမီကို ရောက်ရှိလာခဲ့ပြီး သူ့ရဲ့အသက် ၁၆ နှစ်အရွယ်ဖြစ်တဲ့ ၁၉၉၃ ခုနှစ်မှာ ရိုးမားပထမအသင်းမှာ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ရိုးမားအသင်းနဲ့အတူ ၇၈၅ ပွဲပါဝင်ကစားပေးခဲ့ကာ ၃၀၇ ဂိုးသွင်းယူပေးခဲ့ပြီး အီတလီစီးရီးအေဖလား တစ်ကြိမ်နှင့် ကိုပါအီတာလီယာဖလားနှစ်ကြိမ်တို့ကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အီတလီလက်ရွေးစင်အသင်းအတွက် နိုင်ငံတကာပွဲစဉ် ၅၈ ပွဲအထိလည်း ပါဝင်ကစားပေးခဲ့သူဖြစ်ပါတယ်။



## ဂါရတ်ဘေးလ်ကို ခေါ်ယူဖို့ ဘိုင်ယန်မြူးနစ်ချဉ်းကပ်လာတာမရှိဘူးလို့ အေးဂျင့်ဖြစ်သူပြောကြား




ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းမှ တောင်ပံကစားသမား ဂါရတ်ဘေးလ်ကို ခေါ်ယူမယ်လို့ သတင်းတွေထွက်နေပေမယ့် လက်ရှိအချိန်အထိတော့ ချဉ်းကပ်မှုပြုလုပ်လာခြင်းမရှိသေးဘူးလို့ ဂါရတ်ဘေးလ်ရဲ့ အေးဂျင့်ဖြစ်သူက ဆိုပါတယ်။ ဝေးလ်ကြယ်ပွင့်ကစားသမား ဂါရတ်ဘေးလ်ဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာမယ်ဆိုတဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်လည်း ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ အသင်းအတွက် အားထားရတဲ့ အာဂျန်ရော်ဘင်နဲ့ ဖရန့်ရီဘာရီတို့ကို ဆုံးရှုံးခဲ့ရပြီးနောက် တောင်ပံကစားသမားတစ်ဦးထက်မက ခေါ်ယူဖို့စီစဉ်နေတာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းကတော့ လူငယ်တောင်ပံကစားသမားတွေကိုသာ ခေါ်ယူမယ်လို့ ဆုံးဖြတ်ထားတဲ့အတွက် ဂါရတ်ဘေးလ်ကို ခေါ်ယူဖို့ အစီအစဉ်ကို ဖျက်သိမ်းခဲ့တာဖြစ်ပါတယ်။ ဂါရတ်ဘေးလ်ဟာ ၂၀၁၃ ခုနှစ်က စပါးအသင်းကနေ ရီးယဲလ်မက်ဒရစ်အသင်းကို ယူရိုသန်း ၁၀၀ နဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက စုစုပေါင်းပွဲစဉ် ၄၂ ပွဲပါဝင်ကစားပေးခဲ့ပါတယ်။ ဒါကြောင့်ဂါရတ်ဘေးလ်ကတော့ ရီးယဲလ်မက်ဒရစ်အသင်းမှာ ဆက်ကစားခွင့်ရရှိဖို့ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ထပ်ချုပ်ဆိုဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။ ဂါရတ်ဘေးလ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား လေးကြိမ်၊ လာလီဂါဖလားတစ်ကြိမ်နဲ့ စပိန်ကိုပါဒယ်ရေးဖလားတစ်ကြိမ်ရယူနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

## ချယ်လ်ဆီးအသင်းကို နည်းပြအနေနဲ့ ပြန်လာဖို့ ဖရန့်လမ်းပတ်က အေဘရာမိုဗစ်နဲ့ ဆွေးနွေးမည်

ဖရန့်လမ်းပတ်ဟာ ချယ်လ်ဆီးအသင်းရဲ့ နည်းပြတစ်ဦးအနေနဲ့ အသင်းဟောင်းကို ပြန်လာဖို့ ဆန္ဒရှိနေတာကြောင့်အသင်းပိုင်ရှင်အေဘရာမိုဗစ်နဲ့ တွေ့ဆုံဆွေးနွေးသွားဖို့ရှိတယ်လို့သိရပါတယ်။ လက်ရှိနည်းပြဆာရီဟာ ချယ်လ်ဆီးအသင်းကနေ ဂျူဗင်တပ်အသင်းသို့ပြောင်းရွှေ့သွားခဲ့တာကြောင့် ချယ်လ်ဆီးအသင်းအနေနဲ့ နည်းပြသစ်တစ်ဦး ရှာဖွေနေတာ ဖြစ်လို့လမ်းပတ်အနေနဲ့ ချယ်လ်ဆီးနည်းပြဖြစ်လာဖို့ စကားဆိုခဲ့တာလည်းဖြစ်ပါတယ်။ လမ်းပတ်ဟာ ဒါဘီအသင်းနည်းပြအဖြစ်ပထမ ရာသီမှာ အကောင်းဆုံး ကိုင်တွယ်နိုင်ခဲ့တာကြောင့် အင်္ဂလန်နိုင်ငံသား လူငယ်နည်းပြတွေထဲမှာ အကောင်းဆုံးစာရင်းထဲမှာ ပါဝင်လာသူလည်းဖြစ်ပါတယ်။ လမ်းပတ်ဟာ ချယ်လ်ဆီး အသင်းမှာ ကစားခဲ့စဉ်က ပရီမီယာလိဂ်ဖလားသုံးကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ် တို့ကို ရယူပေးနိုင်ခဲ့ပြီး သွင်းဂိုး ၂၁၁ ဂိုးနဲ့အတူ ချယ်လ်ဆီးအသင်းရဲ့ထိပ်တန်းဂိုးသွင်းရှင်လည်း ဖြစ်ခဲ့သူဖြစ်ပါတယ်။ ဒါဘီကောင်တီအသင်းပိုင်ရှင် မယ်မောရစ်ကတော့ လက်ရှိနည်းပြ ဖရန့်လမ်းပတ်ကို အသင်းမှာ ဆက်ထားဖို့စီစဉ်ထားတယ်လို့ ဆိုထားတဲ့အပြင် လမ်းပတ်ကိုခေါ်ယူမယ်ဆိုရင် လျော်ကြေးအနေနဲ့ ချယ်လ်ဆီးအသင်းက ပေါင်လေးသန်းပေးရမယ်လို့ တောင်းဆိုထားပါတယ်။ ချယ်လ်ဆီးအသင်းကလည်း ဖရန့်လမ်းပတ်ကို သုံးနှစ်စာချုပ်နဲ့ ခေါ်ယူမယ်လို့ သတင်းထွက်နေပါတယ်။




## မန်ယူက ပေါ့ဘာကို တစ်ပတ်ပေါင်ငါးသိန်းနဲ့ စာချုပ်သစ်အတွက် ကမ်းလှမ်းမည်

မန်ယူအသင်းဟာ ကွင်းလယ်ကစားသမားပေါ့ဘာကို အခုနှစ်နွေရာသီဈေးကွက်အတွင်း ရောင်းချသွားမှာမဟုတ်ဘဲ အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေဖို့ ကြိုးပမ်းသွားမယ်လို့ဆိုပါတယ်။ ကွင်းလယ်ကစားသမားပေါ့ဘာဟာ မန်ယူအသင်းမှာ အထိုင်မကျဖြစ်နေတာကြောင့် မန်ယူအသင်းကနေထွက်ခွာဖို့ ပြီးခဲ့တဲ့တစ်ပတ်က ပြောကြားခဲ့ပါတယ်။ အဲဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဂျူဗင်တပ်အသင်းက ခေါ်ယူဖို့ စီစဉ်လာခဲ့ပါတယ်။ ဒါပေမယ့် မန်ယူအသင်းကတော့ စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားတဲ့ ပေါ့ဘာကို လာမယ့် ဘောလုံးရာသီအထိ ဆက်ထိန်းသွားမယ်လို့ ဆိုပါတယ်။ ပေါ့ဘာဟာ ၂၀၁၆ ခုနှစ် ဂျူဗင်တပ်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းနဲ့ မန်ယူအသင်းကို ရောက်ရှိလာခဲ့တာလည်းဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းက ပေါ့ဘာကို ခေါ်ယူဖို့ ပေါင်သန်း ၉၀ အသုံးပြုသွားမယ်လို့ ဆိုထားတာကလည်း မန်ယူအသင်းရဲ့ ဖြေရှင်းချက်ကို စမ်းသပ်ဖို့ မဟုတ်ဘူးလို့လည်း ရီးယဲလ်မက်ဒရစ်က ဆိုပါတယ်။ ဂျူဗင်တပ်အသင်းကလည်း မန်ယူအသင်းကို ရောင်းချပြီး သုံးနှစ်အကြာမှာ ကွင်းလယ်ကစားသမားဟောင်းပေါ့ဘာကို အီတလီမြေသို့ ပြန်လည်ခေါ်ယူဖို့ စီစဉ်လာတာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူအသင်းကတော့ အခုအပြောင်းအရွှေ့အတွင်းမှာတော့ ရောင်းချမှာမဟုတ်ဘူးလို့ဆိုပါတယ်။



## ဝီလီယံအား ဘာစီလိုနာနဲ့ အက်သလက်တီကိုက ကမ်းလှမ်းလာမှု ချယ်လ်ဆီးငြင်းပယ်

ချယ်လ်ဆီးအသင်းမှ ဘရာဇီးတိုက်စစ်မှူး ဝီလီယံအား စပိန်လာလီဂါထိပ်တန်းအသင်းနှစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့က ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းနဲ့ ကမ်းလှမ်းလာမှုကို ချယ်လ်ဆီးအသင်းက ငြင်းပယ်ထားတယ်လို့ သိရပါတယ်။ ဘရာဇီးတောင်ပံကစားသမား ဝီလီယံဟာ ချယ်လ်ဆီးအသင်းနဲ့ စာချုပ်သက်တမ်းနောက်ဆုံးနှစ် ရောက်ရှိလာခဲ့ပြီဖြစ်ပြီး လာမယ့်ရာသီမှာ ဝီလီယံကို ချယ်လ်ဆီးအသင်း ဆုံးရှုံးရဖွယ်ရှိနေပါတယ်။ ဒါကြောင့် ချယ်လ်ဆီးက ဝီလီယံကို စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆက်ထိန်းထားဖို့ စီစဉ်နေပါတယ်။ ချယ်လ်ဆီးအသင်းဟာ တိုက်စစ်မှူးဟာဇက်ကို ပြောင်းရွှေ့ကြေး ပေါင် ၈၈ သန်းနဲ့ ရီးယဲလ်မက် ဒရစ်ထံ ရောင်းချခဲ့ပေမယ့် ဘောလုံးရာသီ၏ အပြောင်းအရွှေ့ဈေးကွက်နှစ်ခုမှာ ကစားသမားခေါ်ယူမှု ပိတ်ပင်တားမြစ်ခံထားရတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် ရှိတဲ့ကစားသမားကို ဆက်ထိန်းထားရမှာဖြစ်ပြီး ဝီလီယံနဲ့ နှစ်နှစ်သက်တမ်း စာချုပ်သစ်သဘောတူညီမှုရရှိနိုင်မှ လာမယ့်ရာသီမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့သွားခြင်းကို ရှောင်လွှဲနိုင်မှာလည်း ဖြစ်ပါတယ်။ ဘာစီလိုနာက ဝီလီယံကို ကာလရှည်စောင့်နေခဲ့တာဖြစ်ပြီး ပေါင် ၅၅ သန်းကျော်ပေးပြီး ခေါ်ယူဖို့လည်း စီစဉ်ထားတယ်လို့ဆိုပါတယ်။ ဝီလီယံဟာ ၂၀၁၃ ခုနှစ်က ချယ်လ်ဆီးအသင်းကို ရောက်လာတာဖြစ်ပြီး စုစုပေါင်း ပွဲစဉ် ၂၉၂ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၅၂ ဂိုး သွင်းယူထားသူလည်း ဖြစ်ပါတယ်။



## မုံရွာစက်မှုဇုန် ရေဆိုးသန့်စင်စက်ရုံ ၆၀ ရာခိုင်နှုန်းပြီးစီး



**မုံရွာ ဇွန် ၁၈**

မုံရွာစက်မှုဇုန်မှ ထွက်သောရေဆိုးများ သန့်စင်သည့်စက်ရုံကို သားရေနှင့်ကြာဆံဇုန်အတွင်း စတင်တည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝေတင့် (ကြာဆံလုပ်ငန်း)ထံမှ သိရသည်။

"လက်ရှိက ၆၀ ရာခိုင်နှုန်းပြီးနေပြီ။ စက်ရုံကို အောက်တိုဘာလမှာ အပြီးတည်ဆောက်သွားမှာပါ။ အောက်တိုဘာမှာပြီးရင် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလကြားမှာ စမ်းသပ်မှု ပထမအဆင့်လုပ်ပါမယ်။ အင်းရေနဲ့ စက်မှုဇုန်ကထွက်တဲ့ ရေနဲ့ သီးခြားဖြစ်အောင် တာရိုးတစ်ခု လုပ်ထားပါတယ်"ဟု ဦးဝေတင့်က ပြောသည်။

"စက်ရုံ တည်ဆောက်ပြီးရင်တော့ ဇုန်ထဲမှာရှိတဲ့ သားရေ၊ ကြာဆံနဲ့ စက္ကူလုပ်ငန်းစက်ရုံ ၁၅ ရုံကထွက်တဲ့ ရေဆိုးတွေ သန့်စင်လိုက်ရင် ပတ်ဝန်းကျင်အတွက် အများကြီးသန့်ရှင်းသွားမှာပါ" ဟု ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးကော်မတီဝင် ဦးကျော်မြင့်(ပြန်ကြားရေးနှင့် ဆက်သွယ်ရေး)က ပြောသည်။

ရေဆိုးသန့်စင်စက်ရုံသည်ပေ ၂၀၀× ပေ ၄၀၀ ကျယ်မည်ဖြစ်ပြီး ကြာဆံစက်ရုံ ကိုးရုံ၊ စက္ကူစက်ရုံ တစ်ရုံ သားရေစက်ရုံ ငါးရုံ စုစုပေါင်း ၁၅ ရုံမှထွက်သည့် ရေဆိုးများကို စက်ရုံများမှ ထွက်လာသည့် မြောင်းထိပ်တွင် ကန်ဖြင့် စုဆောင်းမည်ဖြစ်သည်။ ထိုကန်မှတစ်ဆင့် ပိုက်လိုင်းများပန့်များဖြင့် စက်ရုံသို့ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

## ကျောက်ပန်းတောင်းမြို့(မြို့ရှေ့) အထက်တန်းကျောင်းတွင် ကျန်းမာရေးဆိုင်ရာပညာပေးဟောပြော

**ကျောက်ပန်းတောင်း ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ (မြို့ရှေ့) အခြေခံပညာအထက်တန်းကျောင်းတွင် ခံတွင်းနှင့် ပတ်သက်သည့် ရောဂါများဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ကျောင်းရှေ့ရှိအားကစားကွင်းတွင်ပြုလုပ်သည်။

ကျောင်းကျန်းမာရေးဌာနခွဲမှ သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာခိုင်ခိုင်က သွားရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ် ရှောင်ကြဉ်ရမည့် အခြေအနေများ၊ သူနာပြုဆရာမဒေါ်တင်ဌေးကဝမ်းပျက်၊ ဝမ်းလျှောရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို ပညာပေးဟောပြောပြီး ကျောင်းပရဝဏ်အတွင်းရှိရေသိုလှောင်ကန်များနှင့် ရေစည်၊ ရေအိုးများအားအဘိတ်ဆေးခတ်ခြင်းနှင့် ကျောင်းဈေးဆိုင်များတွင် ရောင်းချသည့် အစားအသောက်များ သန့်ရှင်းလတ်ဆတ်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

**ကနီ ဇွန် ၁၈**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အိုင်တောင်ကျေးရွာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ကနီမြို့နယ် လူထုဗဟိုပြုစီမံကိန်း အဖွဲ့ခေါင်းဆောင် ဦးတင်မောင်ဝင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အင်ဂျင်နီယာ ဒေါ်ဖြူဟန်နွဲ့က အခြေခံအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအုန်းမော်သန်းက သစ်ပင်တစ်ပင်ရှင်သန်အောင် စိုက်ပျိုးနည်းနှင့် ပြုစုထိန်းသိမ်းစောင့်ရှောက်နည်းများကို ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ပြီး ကျောင်းပတ်ဝန်းကျင်နှင့် ကျေးရွာကျေးလက်ကျန်းမာရေးဌာနတို့တွင် အရိပ်ရပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

## မုန်တိုင်းဘေးအန္တရာယ် မြေပြင်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်

**ကော့သောင်း ဇွန် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်း သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်မှုလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဇွန်၁၈ရက်နံနက်၈နာရီက ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာတွင် မုန်တိုင်းဘေးအန္တရာယ် မြေပြင်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့သည်။

ခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးနှင့် ကော်မတီဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် လူနာတင်ယာဉ်များ ပူးပေါင်းအဖွဲ့စုံဖြင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် သဘာဝဘေးအန္တရာယ်ဖြစ်သည့် မုန်တိုင်းဘေးဖြစ်ပေါ်ကျရောက်လာပါက သတင်းအချက်အလက်များ ရယူပေးပို့ခြင်း၊ ကျေးရွာပြည်သူများအား ဘေးအန္တရာယ်ကင်းရှင်းရာသို့ လျင်မြန်စွာရွှေ့ပြောင်းခြင်း၊ ပျက်စီးပြိုကျနေသည့် နေအိမ်အဆောက်အအုံအတွင်းပိမိနေသူများအား အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်မှုဆောင်ရွက်ခြင်း၊ သစ်ပင်ပိလူနာအား သစ်ပင်ကို ချိန်းဇော့ဖြင့် ဖြတ်တောက်ကယ်ဆယ်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဒဏ်ရာရလူနာများအား ရှေးဦးပြုစုခြင်းနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးခြင်း၊ ရေနစ်သူအားရှာဖွေကယ်ဆယ်ခြင်းနှင့် ဆေးရုံသို့ ဆောလျင်စွာပို့ဆောင်ခြင်းစသည့် မြေပြင်နှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြရာ ကျေးရွာပြည်သူများက စိတ်ပါဝင်စားစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ထို့အပြင် ခရိုင်အဆင့်ဌာနဆိုင်ရာများဖြစ်သည့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လူကုန်ကူးမှုဆိုင်ရာအသိပညာပေးဆွေးနွေးခြင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးအန္တရာယ်များ အသိပညာပေးဆွေးနွေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေးများအကြောင်း အသိပညာပေးဆွေးနွေးခြင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်တင်ပြမှုနှင့် လိုက်နာဆောင်ရွက်ကူညီသင့်သည့် အခြေအနေများ ဆွေးနွေးခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ သဘာဝဘေး ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် အချက်များ အသိပညာပေးဆွေးနွေးခြင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကျေးရွာပြည်သူများသို့ အသီးသီးဆွေးနွေး အသိပေးပြောကြားခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## ဘုတလင်မြို့နယ်တွင် မြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီး

**ဘုတလင် ဇွန် ၁၈**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာနှင့် အင်းတောမြစ်ရေတင်လုပ်ငန်းတို့တွင် ဆောင်ရွက်လျက်ရှိသော ချင်းတွင်းမြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာတွင် အလျား ပေ ၇၅၀ ရှိ မြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၀၀ ဖြင့် ချမ်းအေးရိပ်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိပြီး အင်းတောမြစ်ရေတင်လုပ်ငန်းတွင် အလျားပေ ၃၀၀ ရှိ မြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၀ ဖြင့် မန်းဇေယျာကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်။

ချင်းတွင်းမြစ်သည် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိပါကြောင်း၊ ချင်းတွင်းမြစ်ရေကြီးရေလျှံမှု ဖြစ်ပေါ်ပါက မြစ်ကမ်းဘေးရှိ ကျေးရွာများတွင် ရေတိုက်စားမှု၊ ကမ်းပြိုမှုများ မဖြစ်အောင် မြစ်ကမ်းထိန်းနံရံများကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက် အင်ဂျင်နီယာ ဒေါ်ယဉ်မင်းထွန်းက ပြောသည်။

အဆိုပါ မြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ဘုတလင်မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီနှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့တို့က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ **မြို့နယ် (ပြန်/ဆက်)**

A-BEST TOUR **2019 July Promotion** ခရီးစဉ်များ

Early Bird Discount အစီအစဉ်များလည်းရှိပါကြောင်း

A Best

**Japan**

(၆)ရက်(၅)ည 13-July ~ 18-July

(၈)ရက်(၇)ည 13-July ~ 20-July

**Bali** (၅)ရက်(၄)ညခရီးစဉ်

12-July ~ 17-July

**Korea** Seoul - Jeju - Nami

13-July ~ 20-July (၈)ရက်(၇)ညခရီးစဉ်

**Vietnam** (၆)ရက်(၅)ညခရီးစဉ်

(Hanoi-Halong-Danang)

16-July ~ 21-July

ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အမှတ်/ပခ-၀၁၃၆

အမှတ်-295၊ အခန်း(5/5FG)၊ မြို့မကွန်ဒို၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ 09 767298800 ~ 44

# TOTAL Exploration & Production Myanmar (TEPM) မှ ကမ်းလွန်ရေနံလုပ်ကွက်အမှတ် M 5 တွင် ရှာဖွေရေးတွင်းတူးဖော်ခြင်းစီမံကိန်းဆောင်ရွက်ခြင်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း

TOTAL Exploration & Production Myanmar (TEPM) သည် ကမ်းလွန်ရေနံလုပ်ကွက်အမှတ် M 5တွင် ရှာဖွေရေးတွင်းတစ်တွင်းကို တူးဖော်ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါသည်။ ရှာဖွေရေးတွင်းတူးဖော်မည့်နေရာတွင် ရေအနက်သည် ခန့်မှန်းခြေ မီတာ၇၀ခန့်ရှိပြီး၊ အဆိုပါတွင်း၏တည်နေရာမှာ ပါလီပါလဲ့ကျွန်းမှ ၁၇ ကီလိုမီတာခန့်၊ ဧရာဝတီတိုင်းဒေသကြီး၏အနီးဆုံးကမ်းရိုးတန်းတွင်ရှိသော ဟိုင်းကြီးကျွန်းမြို့နယ်မှ ၁၃၅ ကီလိုမီတာခန့်ကွာဝေးပါသည်။လုပ်ငန်းဆောင်ရွက်မှုကို ၂၀၂၀ခုနှစ်၏ပထမသုံးလပိုင်းအတွင်းတွင် စတင်သွားမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေတို့အရ TOTAL Exploration & Production Myanmar (TEPM) သည် ထိုအဆိုပြုစီမံကိန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC)ကို ရရှိစေရန်အလို့ငှာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)ကို နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်းအဆင့်အနေဖြင့် Environmental Resources Management (ERM) နှင့် Environmental Quality Management (EQM) တို့မှ TEPM ကိုယ်စား၊ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅)အတိုင်း လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။ ဆက်စပ်သက်ဆိုင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲများကို နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီးအဆင့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်ကျင်းပခဲ့ပြီးဖြစ်သည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ဆောင်ရွက်ခြင်းအဆင့်ကိုလည်း ၂၀၁၉ ဇွန်လတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံကိန်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို TEPM၏ဝက်ဘ်ဆိုက်ဖြစ်သော www.total/com.en/myanmarတွင် လေ့လာကြည့်ရှုနိုင်ပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအတွက် အခြားသော မေးမြန်းစုံစမ်းလိုခြင်းနှင့် ဝေဖန်အကြံပြုလိုခြင်းများရှိပါက u.aung-zaw-win@external.total.comသို့ ဆက်သွယ်ပေးပို့အကြံပြုနိုင်ပါသည်။

**လုပ်ငန်းသုံးဆိုင်ငှားမည်**

လက်ဖက်ရည်နှင့် ထမင်းဆိုင်ဖွင့်ရန်လုပ်ငန်းသုံးပစ္စည်းစုံ 25×45= 2 ½ R/C လုံးချင်း၊ ပထမထပ်၊ A/C စားသောက်ခန်းပါ လျှပ်စစ်လုပ်ငန်းသုံး 3ဖစ်၊ ရေသန့်စက်+ရေတွင်း၊ ရေစက်+ရေစင်၊ မီးစက်-ဖုန်းလိုင်းကြိုး(၂) လုံးပါ တောင်ဒဂုံစက်မှုဇုန်(၃)အတွင်း ထောင့်ကွက်မျက်နှာစာ-နှစ်ဖက်။

Ph:09-5169922

**ဖခင်အမည်မှန်**

ပဲခူးမြို့ အထက(၆)ငှဒဿဿမတန်းမှ မောင်ဖြိုးမောင်မောင်ကျော် ၏ ဖခင်အမည်မှန် မှာ ဦးမောင် ၇/ပခန(နိုင်)၁၈၉၂၁၉ ဖြစ်ပါကြောင်း။

ဦးမောင် ၇/ပခန(နိုင်)၁၈၉၂၁၉

**အဲယားကွန်း Second-Hand များ နှင့် အဟောင်းအပျက်များ ဝယ်လိုသည်။**

09-799663364 ကိုသစ္စာ

09-443065562

# ဝိသာခါ (သီလရှင်သင်) ပရဟိတပညာရေးကျောင်းနှင့် ပတ်သက်၍ လှူဒါန်းကြသော စေတနာရှင်များနှင့် အများသိရှိနိုင်ပါရန် အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၁)ရပ်ကွက်၊ ရွှေလီလမ်း၌တည်ရှိသော ဝိသာခါ(သီလရှင်သင်) ပရဟိတ ပညာရေးကျောင်းမှ ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်ကိဿရထေရီ(မဟာသဒ္ဓမ္မဇောတိကဓဇ) မြို့နယ်အလုပ်အမှုဆောင် သီလရှင်ဥက္ကဋ္ဌ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ဝိသာခါ(သီလရှင်သင်)ပရဟိတပညာရေးကျောင်းကို ၁၉၉၆ခုနှစ်မှစတင်ကာ သဃ်န်းကျွန်းမြို့နယ်တွင်လည်းကောင်း၊ ရန်မျိုးအောင်ဘုရားဝတ္တကမြေတွင်လည်းကောင်း (၄)နှစ်တိတိ ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။ ၂၀၀၀ခုနှစ်တွင် ရန်ကုန်တိုင်းစည်ပင်သာယာရေးကော်မတီ၊ မြေယာနှင့်စီမံခန့်ခွဲမှုဌာနမှ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၈၁)၊ ရွှေလီလမ်းတွင် မြေအကျယ်ဧရိယာ(၁.၂၈)ဧကရှိမြေကွက်ကို သာသနာ့မြေအဖြစ်လှူဒါန်းခဲ့ပါသည်။ ထို့နောက် ဂျပန်နိုင်ငံရှိ စေတနာရှင်ပြည်သူတို့၏ လှူဒါန်းငွေဖြင့် ‘L’ပုံသဏ္ဌာန် အဆောက်အအုံကို ဆောက်လုပ်ခဲ့ပြီး ယနေ့တိုင် ဆင်းရဲနွမ်းပါးသောကလေးငယ်များ၊ မိဘမဲ့ ကလေးများ၊ ဝေးလံခေါင်းပါးသော တောင်တန်းဒေသမှကလေးများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးမှအစ တာဝန်ယူပြုစုပျိုးထောင်နေပါသည်။ သီလရှင်ဆရာကြီးမှ သာသနာပြုလှူဒါန်းခဲ့သော ပြည်နယ်များမှာ ကယားပြည်နယ်မှ တိုင်းရင်းသားကလေးငယ်များ၊ ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်းမှ ကလေးများ၊ မွန်ပြည်နယ်မှ ကလေးများကို ရွာခံတောင်တန်းသာသနာပြုပုဂ္ဂိုလ်များနှင့် အတူတကွ ပူးပေါင်း သာသနာပြုခဲ့ပါသည်။ ယခုအခါ ၎င်းကျောင်းသား/သူများသည် ဥပဒေပညာရှင်များ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများအဖြစ်ဖြင့် နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး အချို့ကလေးများမှာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ် ထူးချွန်သူများလည်းရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ သီလရှင်ဆရာကြီးကို (၁၃၇၂ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ရက်)၊ ခရစ်သက္ကရာဇ် ၄-၁- ၂၀၁၁ရက်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခဲ့ပါသည်။ သီလရှင်ဆရာကြီးသည် ကျောင်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမှ အလှူခံစေလွှတ်ခြင်း၊ အကူအညီတောင်းခံခြင်းကို လုံးဝ(လုံးဝ) ပြုလုပ်ခြင်းမရှိခဲ့ပါ။ အလှူရှင်များကိုယ်တိုင် ဝိသာခါ(သီလရှင်သင်) ပရဟိတပညာရေးကျောင်းသို့ လာရောက်၍ ကလေးများအတွက် ငွေကြေးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို လှူဒါန်းကြပါသည်။ ထို့အပြင် စာပေ/ဂီတ/အနုပညာရှင်/အတတ်ပညာရှင်တို့၏တတ်အားသမျှ စေတနာအလျောက် ကူညီထောက်ပံ့လှူဒါန်းမှုများရှိပါသည်။ ထို့ကြောင့် စေတနာရှင် ဒကာ/ဒါယိကာမ အပေါင်းတို့ကိုလည်း နေ့စဉ် မေတ္တာပို့ဆုတောင်းလျက် အထူးကျေးဇူးတင်ရှိပါသည်။ ယခုအခါတွင် ကျောင်း၏ ဂုဏ်သတင်းကို မေးမှိန်စေရန် ဝိသာခါ(သီလရှင်သင်)ပရဟိတ ပညာရေးကျောင်း၏ အမည်ကို အလွဲသုံးစားပြုပြီး နေရာဒေသအနှံ့အပြားတွင် အကြောင်းအမျိုးမျိုးပြ၍ အလှူခံနေကြကြောင်း ကြားသိရပါသည်။ သို့ပါ၍ ထိုသို့လိမ်လည်လှည့်ဖြားအလှူခံနေသူတို့ကို တွေ့ရှိခဲ့ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**သီလရှင်ဆရာကြီး ဒေါ်ကိဿရထေရီ**
**(မဟာသဒ္ဓမ္မဇောတိကဓဇ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသာမြင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၁၀၁၉၁/၁၉၈၄)**
**အမှတ်(၃၉)၊ ၆လွှာ(အေ)၊ မြို့ပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

၂၀၂၀ခုနှစ်ဧပြီလတန်းခွဲအတွက် ကျောင်းလျှောက်လွှာများလက်ခံနေပါပြီ။ ဂျပန်နိုင်ငံ**NAGASAKI** မြို့ ရှိ **Metro IT Business College** ကျောင်း၏ ဂျပန်ဘာသာဌာနတွင် ပညာသင်ယူနိုင်မည်ဖြစ်ပါသည်။





1. ကျောင်းလခ အဆောင်လခ သက်သာခြင်း{ ဒုတိယမြောက်နှစ်တွင် ပညာသင်စရိတ်ထောက်ပံ့မှုအစီအစဉ်ရှိ }
2. ပညာသင်သွားရောက်ရန် ကျောင်းလျှောက်ထားမှုအတွက် (ဘာသာပြန်)ဝန်ဆောင်ခ အခမဲ့
3. ဘဏ်စာအုပ် ဖုန်း ကျန်မာရေးအာမခံကတ်များ လိုက်ပါပြုလုပ်ပေးခြင်း
4. ကျောင်းတက်ရင်း အချိန်ပိုင်းအလုပ် လုပ်ကိုင်နိုင်ရန် စီစဉ်ပေးခြင်း
5. **NAGASAKI** မြို့သည် ပညာသင်လာရောက်ကြသည့်ကျောင်းသားကျောင်းသူများအတွက် အေးချမ်းသာယာပြီး လုံခြုံအန္တရာယ်ကင်းသည့်မြို့တစ်မြို့ ဖြစ်ကာ မှုခင်းဖြစ်ပွားမှုနှုန်းလည်း အနိမ့်ဆုံးမြို့တစ်မြို့ ဖြစ်ခြင်း
6. **Metro** ကျောင်းသည် ရန်ကုန်မြို့၌လည်း ပညာသင်သွားရောက်ခြင်းနှင့် ပတ်သက်သည့် ဌာန ထားရှိသည့်အတွက် မိဘများအနေဖြင့်
7. အစဉ်သဖြင့် ဆက်သွယ်ဆွေးနွေးတိုင်ပင်နိုင်ကာ ပညာသင်သွားရောက်နေစဉ် ကာလအတွင်း မိမိတို့သားသမီးများအတွက် စိတ်ပူပင်မှုမရှိအန္တရာယ်ကင်းစွာ ပညာသင်ယူစေနိုင်ခြင်း

ကျောင်းလျှောက်လွှာတင်ထားပြီးသောကျောင်းသားကျောင်းသူများအတွက်

**N5-Level Speaking Class** သင်တန်းကို**January** လတွင် အခမဲ့ ဖွင့်လှစ်သင်ကြားပေးမှာဖြစ်ပါတယ်။

**22 June 2019** တွင် **Seminar** ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်

**Date** 22.June.2019 (Sat)

**Time** 11:00

**Phone** 01-372610, 09-262007800

| Class | Day | Period | Time | Starting |
|---|---|---|---|---|
| Study In Japan Course | Mon to Fri | 3 months | 9:00 to 12:00 | 29 - July |

ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ရန် Study In japan Course ကိုလည်းဖွင့်လှစ်ပါမည်။

METRO IT & Japanese Language Centre

Metro IT & Japanese Language Centre(Room No A,B,C,D),3rd Floor Kyaw Business Tower Condo, Pansodan Road, Yangon(ပန်းဆိုးတန်းလမ်းအလယ်ဘလောက် AYA Bankအနီး လှေကား၃လွှာ)

ဖုန်း 01-372610, 01-372691, 09-262007800

mminfo@metro-myanmar.com www.metro-myanmar.com/mic metrogroupmyanmar

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်သိန်းနိုင် (ငြိမ်း)

**လေ-၁၇၉၃**
**စစ်တက္ကသိုလ်-အမှတ်စဉ်(၂၁)**
**အသက်(၆၃)နှစ်**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)-ဒေါ်ကြိုင်ကြိုင် တို့၏ သားသမက်၊ ဒေါ်ခင်ပြုံးရွှေ ၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးချုပ်သိန်းနိုင်(ငြိမ်း)သည် ၁၃-၆-၂၀၁၉ (ကြာသပတေးနေ့) ည ၁၁း၁၅ နာရီတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်သိန်းအောင်(ငြိမ်း)-ဒေါ်ခင်ဌေးမြင့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကြီး

**အသက်(၈၈)နှစ်**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ညွှန်ကြားရေးမှူး၊ (ထုတ်လုပ်ရေး) ဦးစိုးမြင့် ၏ ဖခင် ဦးအောင်ကြီး အသက်(၈၈)နှစ် သည် ၁၇-၆-၂၀၁၉ (တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသန်းစိန်**
**ညွှန်ကြားရေးမှူး(ထုတ်လုပ်ရေး)(ငြိမ်း)**
**ကျွမ်းကျင်သူ (ထုတ်လုပ်ရေး)**
**နှင့် ဝန်ထမ်းမိသားစု**
**(နေပြည်တော်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကြီး

**အသက်(၈၈)နှစ်**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ညွှန်ကြားရေးမှူး၊ (ထုတ်လုပ်ရေး) ဦးစိုးမြင့် ၏ ဖခင် ဦးအောင်ကြီး အသက်(၈၈)နှစ် သည် ၁၇-၆-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အထွေထွေမန်နေဂျာ(CNG)**
**နှင့် ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကျော်သန်း (ရေ-ငြိမ်း)

**အသက်(၆၇)နှစ်**
**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ထွေ/အုပ်**
**FMI Group, GR (Director)**

ရန်ကုန်မြို့ တာမွေကြီး(ခ)ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်းနေ ဒေါ်ခင်ဦးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူသော်၏ဖခင် ဗိုလ်မှူးကျော်သန်း(ရေ-ငြိမ်း)သည် ၁၅-၆-၂၀၁၉ ရက်တွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**HTU Former Brothers Group**
**စစ်ရာထူးခန့်ချုပ်ရုံး ဝန်ထမ်းဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးစိုးမြင့်(ရှုပ)

**လ/ထ ကထိက(ငြိမ်း)၊ RC-1 ၊ကန်တော့ခံဆရာကြီး**

RC-1 ကန်တော့ခံဆရာကြီး ဦးစိုးမြင့်(ရှုပ-ငြိမ်း)သည် ၁၅-၆-၂၀၁၉ ရက်တွင်ကွယ်လွန်ပါ၍ မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**နာယကဆရာများ/လူမှုအကျိုးပြုအဖွဲ့**
**ပညာဒါနအမှုဆောင်အဖွဲ့နှင့် အာစရိယ**
**ပူဇော်ပွဲကျင်းပရေးကော်မတီ**
**(RC-1, RUBC,BC)**

## ဒေါ်ကြည်ကြည်(ခ)ဒေါ်လေးကြည်
## (M.E.I.S -ငြိမ်း)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ ရွှေတဆုပ်လမ်း၊ အမှတ်(၁၀၇၃/A)နေ (ဦးရွှေရံ-ဒေါ်လှစိန်)၊ (ဦးမောင်သူ-ဒေါ်ညိမ်း)တို့၏ သမီးချွေးမ၊ (ဦးထွန်းရီ)-ဒေါ်ခင်ဌေးဌေး၊ (ဦးစိုးတင့်-ဒေါ်အေးတင့်)၊ (ဦးဝင်းဖေ)-ဒေါ်သန်းနွဲ့၊ (ဦးဝင်းကြည်)-ဒေါ်ခင်တိုးတို့၏ အစ်မ/ညီမ၊ ဦးလှတင်၏ ဇနီး၊ ဦးကျော်ကျော်ထွန်း(Rose Palace Hotel)-ဒေါ်နန္ဒာလင်း တို့၏ မိခင်၊ မမေဖြူဇင်သန့်၏ အဘွား၊ ဒေါ်ကြည်ကြည်(ခ) ဒေါ်လေးကြည်သည် ၁၇-၆-၂၀၁၉ ရက် နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မမလေး (၉၉) နှစ်

မန္တလေးမြို့နေ (ဦးခင်မောင်လေး-ဒေါ်သန့်)တို့၏သမီး၊ (ဦးကိုကိုလေး-ဒေါ်ခင်သန်း)တို့၏ညီမ၊ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ သန္တာလမ်းသွယ်၊ တိုက်(၁၄၇/၄)နေ [ဦးခူဟုတ်ဂွမ်(ခ)ဦးအုန်းဖေ]၏ဇနီး၊ ဦးခင်မောင်ဝင်း (Admin Officer, UNDP-Retd)-ဒေါ်ယုယုလွင်၊ ဦးဘာဘာ (ညွှန်ကြားရေးမှူး-ငြိမ်း၊ ပညာ)-ဒေါ်အေးအေးမော်(အထပြ-ငြိမ်း၊ အထက-၃၊ ပဲခူး)၊ [ဦးမောင်မောင်(ရဲအုပ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ပြည်သူ့ရဲတပ်ဖွဲ့)]-ဒေါ်ခင်ခင်သိန်း၊ ဒေါ်နုနု (အလပြ-ငြိမ်း၊ အထက-သုဝဏ္ဏ)တို့၏ကျေးဇူးရှင်မိခင်၊ ဦးဝဏ္ဏ-ဆရာမ ဒေါ်အိအိပြုံး(လုမ္ဗဏီ-အကယ်ဒမီ)၊ ဒေါ်ပိုပိုအေးမော်(ICEC ကိုယ်ပိုင်အထက်တန်းကျောင်း)-ဦးဝင်းနိုင်ထွန်း၊ ကိုသူရတို့၏အဘွား၊ မောင်ကောင်းစစ်ဝင်း၊ မသက်ထားဦး တို့၏ ဘွားဘွားကြီးသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်အအေးတိုက်မှ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါ သုဝဏ္ဏနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြစိုး

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အမှတ်(၅၄-အေ)၊ အင်းယားလမ်းနေ [ဒုဗိုလ်မှူးကြီးခင်မောင်မြင့်(ရေ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာတိုးတိုးတင်-ဦးကျော်အောင်စိုး၊ ဒေါက်တာသင့်သင့်ခိုင်-ဒေါက်တာမောင်မောင်၊ ဒေါ်သင့်သင့်လှိုင်-ဦးအောင်မြင့်သွင်တို့၏ မွေးသမိခင်၊ ဒေါ်သီသီအောင်-Juntin Power၊ ဒေါ်ခင်သူသူ၊ ဦးမိုးသွင်၊ ဦးRichard လင်းမောင်မောင်-Dr. Asta Jonsdottir တို့၏ အဘွား၊ Cillian ဝဏ္ဏ၊ Ronan သုတ၊ Isleifur တို့၏ ဘွားဘွားကြီးသည် ၁၈-၆-၂၀၁၉ ရက် နံနက် ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်မြသွင် (၈၁)နှစ်

ရန်ကုန်မြို့ ရွှေပေါက်ကံမြို့နယ်၊ ရာဇာဓိရာဇ်(၄)လမ်း၊ (၁၄/၈)ရပ်ကွက်နှင့် ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ စိန်ပန်းလမ်းသွယ်(၃)၊ အမှတ်(၂၉/၁၈၇)နေ ဒေါ်လှကြည်၏ ညီမ၊ ဒုဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း)-ဒေါ်မေမေသွင်တို့၏ အဒေါ်၊ (ဦးဘသွင်-ဒေါ်လှလှခင်)၏ သမီး၊ (ဗိုလ်ကြီးဘိုငြိမ်း)၏ ဇနီး၊ ဒေါ်မေသဇင်၊ (ဦးမောင်မောင်ဇင်)-ဒေါ်ခင်ဆွေမြင့်၊ (ဦးညီညီဇင်)၊ ဦးအောင်မြတ်သူ(ဆန်နီ)-ဒေါ်ခင်မာဝင်း တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား ဒေါ်ခင်မြသွင်သည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရွှေပြည်သာနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ စိန်ပန်းလမ်းသွယ်(၃)၊ အမှတ်(၂၉/၁၈၇) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခိုင်ထွန်း(ခ)ဦးမောင်ဝေ

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းချယ်ရီ(၂)လမ်း၊ အမှတ်(၄/၅)နေ (ဦးတင်မောင်-ဒေါ်သိန်း)တို့၏ သားကြီး၊ ဒေါ်ကြင်နု၊ ဒေါ်မြစန်းတို့၏ မောင်ငယ်၊ ဦးဖြိုးခိုင်ဦး-ဒေါ်ဆွေစန္ဒာအေးတို့၏ ဖခင်၊ မောင်ရဲရင့်ဖြိုး၊ မကြယ်စင်ဖြိုးတို့၏ အဘိုးသည် ၁၈-၆-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ဦး

**အငယ်တန်းအင်ဂျင်နီယာ(၁)၊ သံလမ်း**
**မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇) ရန်ကုန်**
**အသက် (၅၂) နှစ်**

တောင်ငူမြို့နေ (ဦးမြင့်အောင်)-ဒေါ်သန်းမြင့်တို့၏ သားကြီး၊ (ဦးအောင်ချစ်)-ဒေါ်လှလှမြင့်တို့၏ သားသမက်၊ ဒေါ်သီတာအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မသဥ္ဇာထက်ထက်ဦး၊ ကိုလင်းထင်-မစန္ဒာအောင်၊ မောင်ဘုန်းမြတ်တင်ဦး-မလဲ့လဲ့ထွေး၊ မောင်မိုးသက်တင်ဦးတို့၏ ဖခင်ကြီးသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၀၅ နာရီတွင် ရန်ကုန်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (စက်ဆန်း-၉ လမ်း၊ မီးရထားအိမ်ရာ နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဌေးလှိုင်

**လက်မှုကျွမ်းကျင်(၅)၊ က.ည.န(ငြိမ်း)**
**အသက် (၅၅) နှစ်**

ကယားပြည်နယ်၊ လွိုင်ကော်မြို့နေ အသင်းသားဦးဌေးလှိုင်သည် ၁၅-၆-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(က.ည.န) အငြိမ်းစားဝန်ထမ်းများ**
**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ယုံ (မလှိုင်မြို့)

**အသက်(၉၈)နှစ်**

မလှိုင်မြို့ ပွဲစားတန်းရပ်နေ (ဦးကိုဦး)၏ ဇနီး၊ (ဗိုလ်မှူးညွှန့်မောင်)-ဒေါ်ခင်စောဦး (ငြိမ်း-အထက-၁၊ ဒဂုံ)၊ ဦးမျိုးညွှန့် (ငြိမ်း-စိုက်ပျိုးရေး)-ဒေါ်ခင်သန်းနွယ်၊ ဦးမျိုးမြင့်-ဒေါ်မြမြမူ၊ ဗိုလ်ချုပ်ညွှန့်တင်(ငြိမ်း-လယ်/ဆည်)-ဒေါ်ခင်မျိုးဦး၊ ဦးတင်ထွန်း-ဒေါ်ခင်ဌေးဦး (ငွေတိုက်စိုးကုမ္ပဏီ)၊ ဦးမောင်မောင်-ဒေါ်ခင်ဆွေဦး၊ ဦးမျိုးဝင်း-ဒေါ်သန်းဌေး၊ ဦးမျိုးနိုင်-ဒေါ်စောယုမွန်၊ ဒေါ်ခင်ချိုဦး၊ ဦးမျိုးဟိန်း-ဒေါ်ခင်ချို၊ ဗိုလ်မှူးချုပ်နိုင်ဝင်း-ဒေါ်ခင်ထွေးဦးတို့၏ မိခင်ကြီး၊ မြေး ၃၂ ယောက်၊ မြစ် ၄၉ ယောက်၊ တီနှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈း၂၂ နာရီတွင် ရန်ကုန်မြို့ ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီတွင် အမှတ်(၂၄)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အာနိစ္စ

## ဒေါ်တင်ညွှန့်

**(ပုဇွန်ဖြေ၊ သံတွဲ)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ်(၁၁)နေ ဦးသိန်းထွန်း (ပြည့်ဝ)၏ ဇနီး၊ ဦးအောင်ဇံ-ဒေါ်ကေသီထွန်းတို့၏ မိခင်၊ မဖြိုး၊ မခိုင်ခိုင်ခန့်တို့၏အဘွား ဒေါ်တင်ညွှန့်သည် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နိုင်နိုင်ဦး(ခ)Dolly Oo

**St. Philomenas ကျောင်းသူဟောင်း**
**M.Sc Zoology**
**အ-ထ-က(၃)၊ စမ်းချောင်း(ငြိမ်း)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့ အမှတ်(၅၄)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းနေ (ဦးချစ်ညွှန့်ဦး)-ဒေါ်ခင်ထားကြည်တို့၏ သမီးကြီး၊ ဦးသက်ဦး-ဒေါ်ချိုမာတင်မြင့်၊ ဒေါ်သက်သက်မာ-(ဦးငွေဇင်)၊ ဦးအောင်အောင်(ခ)ဦးဆန်နီ၊ ဒေါ်ထွေးထွေးမာ-ဦးသူရအောင်တို့၏ အစ်မကြီး ဒေါ်နိုင်နိုင်ဦးသည် ၁၆-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မအိဖြူခင်

**LLB, LLM, DIP, IFR ,**
**(LONDON) ACCA Part I**
**အသက် (၃၉) နှစ်**

မန္တလေးမြို့နေ (ဦးလှမောင်-ဒေါ်သိန်းညွှန့်)၊ ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၄၅)နေ (ဦးတင်အောင်-ဒေါ်ခင်ညွှန့်)တို့၏ မြေး၊ ဦးခင်မောင်သန်း (မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒေါပုံမြို့နယ်၊ ခရိုင်တရားသူကြီး-ငြိမ်း)-ဒေါ်စမ်းသွင်(စာရင်းစစ်ချုပ်ရုံး၊ လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း)၊ Daw San Thwin Audit Firm (၁၄၅၊ ၄၆-လမ်း)၊ ဗိုလ်တထောင်မြို့နယ်တို့၏ သမီးကြီး၊ မခင်မာမင်း၊ မောင်လမင်းထက်တို့၏ အစ်မ၊ မမှူးသီရိခင်(ခ)မမေမြင့်မြတ်၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၆-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နေ့လယ်တွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ပုသိမ်မြေရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၄၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မူမူသင် (ပညာရေး-ငြိမ်း)

**အသက် (၈၄) နှစ်**

ရမည်းသင်းမြို့နေ (ဦးမောင်သင်-ဒေါ်ကြင်ဟုန်)တို့၏ သမီး၊ (ဦးကျော်လွင်-ဒေါ်ခင်စန်း)တို့၏ ညီမ၊ နေပြည်တော်၊ တပ်ကုန်းမြို့ အောင်ဇေယျရပ်၊ လမ်းမတော်နေ ဦးကျော်ဌေးဇံ (တရားလွှတ်တော်ရှေ့နေ)-ဒေါ်သိန်းသိန်းမြင့်(ပညာရေး-ငြိမ်း)၊ ဒေါက်တာအေးအေးသိန်း(ပါမောက္ခ-ငြိမ်း)၊ ဦးစောမင်း-ဒေါ်သီတာဆွေ(ပညာရေး)တို့၏ မွေးသမိခင်၊ ကိုနိုင်ဘုန်းမြတ်-မဆုလင်းလင်းထက်(နေခြည်သစ်)၊ မရည်မွန်ကျော်(ခုတင်-၁၀၀၊ ဆေးရုံ)တို့၏အဘွား၊ မမြသိင်္ဂကြွယ်၏ ဘွားဘွားကြီး၊ [ဦးကြိုင် (နန်းဦးလက်ဖက်ရည်ဆိုင်)]၏ဇနီး ဒေါ်မူမူသင်သည် ၁၇-၆-၂၀၁၉ (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် အောင်ဇေယျရပ်-လမ်းမတော်နေ [ဦးကြိုင်-ဒေါ်မူမူသင်(နန်းဦးလက်ဖက်ရည်ဆိုင်)]တို့၏ နေအိမ်မှ မြို့မသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်စိုး (ခ) ဦးစိန်လှိုင်

**အသက် (၈၁) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်နေ (ဦးသက်ဝင်း-ဒေါ်တင်)တို့၏သား၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၁၂)၊ ရွှေဘုံသာလမ်း၊ မြေညီထပ်နေ (ဦးကံမြင့်-ဒေါ်တင်မြ)တို့၏ သားသမက်၊ ဒေါ်ခင်ခင်နု၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးမင်းစိုး(1/E)-မမာလာသင်း၊ ကိုဇာနည်အောင်(1/E, V-Ship Shipping)-မခင်အေးထူး၊ မခင်သက်လင်းတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်ထင်ကျော်လင်း၊ မဖူးပွင့်မွန်၊ မောင်ဘုန်းနေသာ၊ မမျိုးဧကရီသင်း၊ မခင်ဝတ်မှုံစံ၊ မောင်ဖိုးလပြည့်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၇-၆-၂၀၁၉ (တနင်္လာနေ့) ညနေ ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်နှင်းဝေ (ခ) ဝမ်ရှုလွန်

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့ (၁၉)လမ်းနေ (ဦးချစ်ခင်-ဒေါ်ခင်မေ)တို့၏သမီးကြီး၊ (ဦးလှမောင်-ဒေါ်အုန်းခင်)တို့၏သမီးချွေးမ၊ (ဦးရဲမြင့်)၏ဇနီး၊ ကိုမိုးသိန်း-မရဲသန္တာနှင်း၊ ကိုရဲသူရနန္ဒာနှင်း-မဖြိုးပြည့်အောင်ထွန်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မနှင်းစုရည်မိုး၊ မောင်သေန်မိုး၊ မောင်ဉာဏ်မင်းမြတ်တို့၏အဘွား ဒေါ်ခင်နှင်းဝေသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့)တွင် အမေရိကန်နိုင်ငံ စံတော်ချိန် နံနက် ၂း၄၄ နာရီတွင် အမေရိကန်နိုင်ငံ NYC HEALTH Hospitals/ Elmhurst ၌ ကွယ်လွန်သွားပါ သဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ဇော်

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၀၀၂)နေ (ဦးရှောက်ဝါ-ဒေါ်တူး)တို့၏ တတိယသားကြီး၊ (ဦးထွန်းအုံ-ဒေါ်ရှုတီ)တို့၏သားသမက်၊ မလင်းလင်းဇော်၊ ကိုဇော်ဖြိုး၊ ကိုဝင်းဖြိုးတို့၏ ကျေးဇူးရှင်ဖခင်၊ ဒေါ်နီနီ၏ခင်ပွန်းသည် ၁၈-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁း၂၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၉(တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန္တာဝင်း(ခ)တေးသံရှင် မေသက်ဝါ

**အသက်(၅၃)နှစ်**

ဝါးခယ်မ ဦးရဲမောင်-(ဒေါ်ကြည်ကြည်ခိုင်)တို့၏ သမီး၊ ဒေါ်မေရွက်ဝါ-(ဦးဝင်းထိန်)၊ ဦးသူရိယ(ခ)ဦးသန်းထွန်းဝင်း-ဒေါ်ခင်အေးသိန်းတို့၏ ညီမ၊ ကိုရွှေပြည်တန်-မနီလာရဲမောင်၊ ကိုသီဟ-မသီတာရဲမောင်(P.I.S.M)တို့၏ အစ်မ၊ ဦးတင်အောင်မိုး၏ ချစ်လှစွာသောဇနီး၊ မောင်ဉာဏ်စဉ်ဆက်(ဂျွန်လွင်-မော်ဒယ်အေဂျင်စီ)၏ မိခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၁၇-၆-၂၀၁၉ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အမှတ်-၃၅၆/B ငါးလွှာ၊ ရာဇာဓိရာဇ်၊ (၂၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညောင်ဦးမြို့နယ် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်



**နေပြည်တော် ဇွန် ၁၈**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကောင်းပင်စည်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့်အထူးကုဆေးတပ်ဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

**ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ၂၀၁၄ ခုနှစ်တွင် လှူဒါန်းခဲ့သည့် စက်ရေတွင်းအား ကြည့်ရှုကြပြီး ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး (ဝဲပုံ) ဇိနရတနာဆုတောင်းပြည့်စေတီတော် တည်ဆောက်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**ကြေးမုံ ယနေ့ ဗတ်စရာ**


ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၃

.........................

အိန္ဒိယနိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူ ၂၀၀ ကျော်ရှိလာ
စာမျက်နှာ » ၁၂

.........................

မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ် စာရင်းများအရ ကင်ဆာရောဂါဖြစ်ပွားသူ ၆၉၅၅၄ ဦးရှိခဲ့ပြီး ၅၁၀၅၉ ဦး သေဆုံးခဲ့
စာမျက်နှာ » ၁၈

.........................

ချယ်လ်ဆီးအသင်းကို နည်းပြအနေနဲ့ ပြန်လာဖို့ ဖရန့်လမ်းပတ်က အေဘရာမိုဗစ်နဲ့ ဆွေးနွေးမည်
စာမျက်နှာ » ၂၁


## အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် မြန်မာကလပ် MIU အသင်း မလေးရှားကလပ်ကို ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇွန် ၁၈**
ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ မွန်းလွဲပိုင်းမှ စတင်ကျင်းပရာ မြန်မာကလပ် MIU အသင်းက မလေးရှားကလပ် မီလာကာယူနိုက်တက် အသင်းကို ခုနစ်ဂိုး- နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယခုပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ရန် မျှော်မှန်းထားသည့် MIU အသင်းသည် အဖွင့်ပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ခြေအသာဖြင့် ကစား**

MIU အသင်းသည် ခြေအသာဖြင့် ကစားကာ ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ MIU အသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့ပြီး ၂ မိနစ်တွင် ကျော်ကျော်ထွန်းက အဖွင့်ဂိုးသွင်းယူကာ နောက်ထပ်အနိုင်ဂိုးများကို ၄၊ ၇ မိနစ်တွင် ပြည့်ဖြိုးမောင်-၃၊ ၁၂ မိနစ်တွင် ကျော်ကျော်ထွန်း၊ မိနစ် ၂၀ တွင် ပြည့်ဖြိုးမောင်-၂ တို့က သွင်းယူခဲ့၍ ပထမပိုင်းမှာပင် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○



မြန်မာကလပ် MIU အသင်းနှင့် မလေးရှားကလပ် မီလာကာယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



မြန်မာကြက်တောင် အားကစားမယ် သက်ထားသူဇာအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။

## International Series ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်စွဲခဲ့သည့် သက်ထားသူဇာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၈**
မောရစ်သျှနိုင်ငံ၌ ဇွန် ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာကြက်တောင် အားကစားမယ် သက်ထားသူဇာသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

သက်ထားသူဇာက "အခုပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ခက်ခက်ခဲခဲ ယှဉ်ပြိုင်ခဲ့ရပြီးမှ အနိုင်ရခဲ့တဲ့ပွဲတွေလည်း ရှိပါတယ်။ သမီးအနေနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ကျင်းပမယ့် တိုကျိုအိုလံပစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ ကြိုးစားနေတာဖြစ်ပြီး နောက်ထပ်ပြိုင်ပွဲတွေ အများကြီးယှဉ်ပြိုင်မှာပါ။ ပြိုင်ပွဲတွေ အများကြီး ထပ်မံယှဉ်ပြိုင်မှာဖြစ်ပြီး အောင်မြင်မှုတွေလည်း ရအောင်ကြိုးစားသွားမှာပါ။ အားပေးတဲ့သူတိုင်းကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၃ သို့ ◆


စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...
ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။